မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၄၂)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ ကြာသပတေးနေ့။

စည်းကမ်းရှိဖို့လို

လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာ ဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ငါတို့တိုင်းပြည်ဟာ ပိုပြီး စည်းကမ်းရှိဖို့လိုတယ်။ (၁၉၄၇ ခု၊ ဇူလိုင်လ ၁၃ရက်နေ့ မြို့တော်ခန်းမတွင်ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီဆာနုဆူဗာနာရာတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးနှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာဇော်မင်းအောင်၊ ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီဆာနုဆူဗာနာရာတအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၁/၂၀၁၅) ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၁/၂၀၁၅)

၁၃၇၆ခုနှစ်၊ တပေါင်းလဆန်း(၁)ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်အုပ်ချုပ်ရေးကြေညာချက်အမှတ်(၁)ကို ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၄) ရက်၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက် ရက်စွဲဖြင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)၊ဒေသကွပ်ကဲရေးမှူး ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦးအား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်များနှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်တာဝန်များကိုလည်းကောင်း ကျင့်သုံးဆောင်ရွက်ရန် ထုတ်ပြန်ပြီးဖြစ်သည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၏ ကွပ်ကဲမှုအရဆောင်ရွက်ရမည်။

၃။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦးသို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စရပ်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
- (၁) လုံခြုံရေးကိစ္စရပ်များ၊
- (၂) လူမှုရေးကိစ္စရပ်များ၊
- (၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
- (၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**
- (၁) **တရားရုံးများဖွဲ့စည်းခြင်း**။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေး

စာမျက်နှာ ၅ ကော်လံ ၁ ◆

ကမ္ဘာတစ်ပတ်ငါးရက်ဆက်တိုက်ပျံသန်းမည့် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် ပုဂံမြို့ပေါ်၌ ပျံသန်းမှု ပြုလုပ်ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဆွစ်ဇာလန်နိုင်ငံမှ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar Impulse -2 သည် ယခုနှစ် မတ်လပထမပတ်တွင် ကမ္ဘာတစ်ပတ် နေ့ရောညပါ ငါးရက်ဆက်တိုက်ပျံသန်းမည့် ခရီးစဉ်ကို ပင်လယ်ကွေ့ဒေသမှစတင်ပြီး မန္တလေးမြို့သို့ မတ် ၈ ရက်တွင် ရောက်ရှိမည်ဖြစ်သည်။

လေယာဉ်သည် မတ် ၈ ရက်ညနေပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိပြီး မတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင်ရပ်နားစဉ် သရုပ်ပြမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိဘဲ နေရောင်ခြည်စွမ်းအင်သုံးစွဲထားမှု၊နေရောင်ခြည် စွမ်းအင်သုံးနည်းပညာများနှင့်ပတ်သက်၍ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများအား အတွေ့အကြုံနှင့် နည်းပညာများ မျှဝေပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ■

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြည်ပတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်

ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်ကြီးများသည် မြန်မာ့ပညာရေးသမိုင်းတွင် ထင်ရှားအောင်မြင်ခဲ့သည့် တက္ကသိုလ်ကြီးများဖြစ်သည့်အလျောက် ယခုအခါ အဘက်ဘက်မှ မြှင့်တင်မှုများပြုလုပ်နေသည့်အပြင် ပြည်ပတက္ကသိုလ်ကြီးများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ တက္ကသိုလ်များ၏အဆင့်အတန်းကို မြှင့်တင်ပေးနေခြင်းသည်ပင်လျှင် ပညာရေးအဆင့်အတန်းကို မြှင့်တင်ပေးနေခြင်းဖြစ်ပါသည်။ အနာဂတ်တွင် အရည်အချင်းပြည့်ဝသော လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်လျက် တက္ကသိုလ်များ၏အဆင့်အတန်းကို မြှင့်တင်ပေးနေခြင်းဖြစ်ပါသည်။

တက္ကသိုလ်ဆိုသည်မှာ ပညာများကို စနစ်တကျပို့ချပေးရာကျောင်းကြီးများအား တက္ကသိုလ်ဟုခေါ်ဆိုကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားပါသည်။ ရှေးအခါက တက္ကသိုလ်များသည် စာပေပညာဝိဇ္ဇာပါသူတစ်စုက အထက်တန်းပညာရပ်များကို သင်ကြားပေးရန် ဖွဲ့စည်းပေးထားသော အဖွဲ့အစည်းများသာဖြစ်ကြောင်း မှတ်သားဖူးပါသည်။ သို့သော် မျက်မှောက်ခေတ်သည်ကား ကျယ်ပြန့်နက်ရှိုင်းသော ပညာရပ်များ၊ ဗဟုသုတများ၊ သင်ခန်းစာများကို သင်ကြားပေးရာ နေရာများအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ တစ်နည်းအားဖြင့် ထူးချွန်သော အတတ်ပညာရှင်၊ အသိပညာရှင်များ မွေးထုတ်ပေးရာဌာနများပင် ဖြစ်ပါသည်။

ဤသို့ ထူးချွန်ပညာရှင်များ မွေးထုတ်ရာတွင် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများမှ အတတ်ပညာများကိုပါ လက်လှမ်းမီဆည်းပူးခွင့်ရရှိရန် လွန်စွာအရေးကြီးလှပေသည်။ ထို့ကြောင့်လည်း မန္တလေးတက္ကသိုလ်နှင့် အမေရိကန်ပြည်ထောင်စု Northern Ilinois University တို့အကြား ပညာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို ဖေဖော်ဝါရီ ၁၃ ရက်က မန္တလေးတက္ကသိုလ်၌ ကျင်းပခဲ့ပါသည်။ ဤနားလည်မှုစာချွန်လွှာအရတက္ကသိုလ်နှစ်ခုအကြား သုတေသနလုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့ ပညာတော်သင်စေလွှတ်ရေး၊ ပညာရပ်နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ပတက္ကသိုလ်များနှင့် သင်ရိုးညွှန်းတမ်းများ အပြန်အလှန်ဖလှယ်ရေး၊ ဘာသာရပ်အလိုက် ဆွေးနွေးပွဲများနှင့် စာတမ်းဖတ်ပွဲများတွင် ပြည်ပပညာရှင်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ကျယ်ပြန့်နက်ရှိုင်းစွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် ပြည်တွင်းတက္ကသိုလ်ပညာရပ်များကိုသာမက ပြည်ပပညာရပ်များကိုပါ လက်လှမ်းမီဆည်းပူးလာနိုင်မည်ဖြစ်ပါသည်။

ယခုအခါ မန္တလေးတက္ကသိုလ်အနေဖြင့် အမေရိကန်၊ အီလီနွိုက်တက္ကသိုလ်နှင့်သာမက ဂျာမနီ၊ ဂျပန်၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ ကိုရီးယား၊ ဩစတြေးလျ၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့ရှိ အဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ ၁၂ ခုလက်မှတ်ရေးထိုးထားပြီဖြစ်ကြောင်း သိရပါသည်။ အလားတူ ရန်ကုန်တက္ကသိုလ်သည်လည်း ပြည်ပတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်မြှင့်တင်လျက်ရှိပါသည်။ သို့ပါ၍ ပြည်ပတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာသည်နှင့်အမျှ အဆင့်မြင့်ပညာရပ်များ ပိုမိုဆည်းပူးလာနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်ဖိတ်ခေါ်ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဂျပန်နိုင်ငံ အိုဆာကာအခြေစိုက်ကန်ဇိုင်း စီးပွားရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ မစ္စတာရှိုဆုကဲမိုရိ ဦးဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်မှုအခြေအနေ၊ ပထမငါးနှစ်စီမံကိန်းတွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်(၇)ရပ်၊ ဘဏ္ဍာရေး၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် သင်တန်းများနှင့် နည်းပညာဆိုင်ရာအကူအညီများနှင့် ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမည့် ဂျပန်ကုမ္ပဏီများအတွက် စီးပွားရေးအခွင့်အလမ်းများ၊ ကန်ဇိုင်းစီးပွားရေးလုပ်ငန်းအဖွဲ့ချုပ်မှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် ဖိတ်ခေါ်ကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ကန်ဇိုင်းစီးပွားရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ မစ္စတာရှိုဆုကဲမိုရိနှင့် စီးပွားရေးကိုယ်စားလှယ်များက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည့်ကိစ္စများကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပရဟိတ ပညာဒါနကျောင်းသို့ အလှူငွေလှူဒါန်း

ပဲခူး ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အဗျားဗိုလ်တဲကျေးရွာ ပရဟိတပညာဒါနကျောင်းဆရာတော် (ဝေါ) အရှင်သုမင်္ဂလသည် ကရုဏာပညာဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာတော်က လိုအပ်ချက်များကို တတ်နိုင်သရွေ့ ကူညီပံ့ပိုးပေးခဲ့ရာ ဖောင်ဒေးရှင်းသို့ စေတနာရှင်များက အလှူငွေများ ထည့်ဝင်လှူဒါန်းလျက်ရှိကြသည်။

ဆရာတော်၏ ကရုဏာပညာဖောင်ဒေးရှင်းသို့ မြောက်ဥက္ကလာပမြို့မှ အလှူရှင် ညွှန်ကြားရေးမှူးဦးတင်အောင်-ဒေါ်ခင်မာရီ(သံဃမိတ္တမိသားစု)က ငွေကျပ်သိန်း ၂၅၀ ရှိ တိုယိုတာကားတစ်စီး၊ ဆရာဦးနေအုပ်(စိန်ပေါလ်)က ကျောင်းသား ကျောင်းသူများ ထမင်းစားရန် ထမင်းပန်းကန်အချပ် ၁၀၀၀၊ သာကေတမြို့နယ်(၅)တောင်ရပ်ကွက် သုမနလမ်းအင်္ဂါပတ်ဆွမ်းလောင်းအသင်းက အလှူငွေကျပ်သိန်း ၃၀၊ ရန်ကုန်မြို့မေတ္တာရေစင်လူငယ်များအဖွဲ့က စာသင်စတီးလ်ခုံနှင့် အလှူငွေကျပ်ငါးသိန်းတို့အပြင် စေတနာရှင်အလှူရှင်တစ်ဦးက ငွေကျပ်တစ်သိန်းကို ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။ အလားတူ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် ပညာဒါနသင်တန်းများလည်း ဖောပြောပို့ချပေးကြောင်း သိရသည်။

(အောက်ပုံ) **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ၌ မြွေကိုက်ခံရသူများအတွက် ဩစတြေးလျ ငွေကြေးထောက်ပံ့မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဩစတြေးလျနိုင်ငံက မြန်မာနိုင်ငံ၌ မြွေကိုက်ခံရသူများအတွက် ပြုစုစောင့်ရှောက်ရေးဌာနများနှင့် အရည်အသွေးမီ မြွေဆိပ်ဖြေဆေးရရှိရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းတန် စီမံကိန်းတစ်ရပ်ဖြင့် သုံးနှစ်ကြာ ငွေကြေးထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနက ဩစတြေးလျနိုင်ငံရှိ မြွေဆိပ်ဖြေဆေးထုတ်လုပ်သည့် ကုမ္ပဏီ bioCSL နှင့်အတူ အဆိုပါစီမံကိန်းဆောင်ရွက်သွားရန် ထောက်ပံ့ငွေချီးမြှင့်ခြင်းဖြစ်ကြောင်း အဒယ်လ်လိတ်တက္ကသိုလ်က ပြောကြားသည်။ မြန်မာနိုင်ငံ၌ တစ်နှစ်လျှင် ခန့်မှန်းခြေအားဖြင့် လူပေါင်း ၂၀၀၀ မှာ မြွေကိုက်ခံရမှုကြောင့် သေဆုံးလျက်ရှိကြောင်း အဆိုပါတက္ကသိုလ်က ဖေဖော်ဝါရီ ၁၆ ရက်က ထုတ်ပြန်သည့် ကြေညာချက်တစ်ခုတွင် ဆိုသည်။ မြွေကိုက်ခံရမှုအများစုမှာ လိုအပ်သော ပြုစုစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှု အချိန်မီမရရှိသည့် ကျေးလက်ဒေသများတွင် နေထိုင်သူများဖြစ်သည်။

ဩစတြေးလျနိုင်ငံ၌လည်း အဆိပ်ပြင်း မြွေမျိုးစိတ်များစွာရှိသော်လည်း မြွေကိုက်ခံရသူများအား ကုသပေးသည့် ပြုစုစောင့်ရှောက်ရေးဌာနများ ကောင်းမွန်မှုကြောင့် သေဆုံးသူဦးရေမှာ အနည်းငယ်သာ ရှိသည်။

သုတ



ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၆၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၆၇၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၇၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၆
ဒီဇယ်	တစ်လီတာ	ကျပ် ၆၇၅
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၀၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၉-၁၀၃၀
ဥရောပ	တစ်ယူရို	၁၂၀၀-၁၂၁၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၀
ထိုင်း	တစ်ဘတ်	၃၁-၃၃.၅
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၅

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၅၀၀-၁၈၀၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၅၁
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၇၅-၃၂၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၄၀၀-၂၁၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၇၅-၁၄၉၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၆၀-၆၃၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၄၀၀-၂၆၇၅
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၁၀၀-၅၃၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ မြင်ပြသည်။

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေနိုင်ငံသံအမတ်ကြီး ဦးဆောင်သော နော်ဝေလျှပ်စစ်နည်းပညာကုမ္ပဏီအဖွဲ့နှင့် ဩစတြီးယားနိုင်ငံ သံအမတ်ကြီးတို့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E.Ann Olne Stad ဦးဆောင်သည့် Jacobsen Elektro နော်ဝေလျှပ်စစ်နည်းပညာ ကုမ္ပဏီအဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ အတွင်းရေးမှူး ဦးသိန်းလွင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။၏

ထို့ပြင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗန်ကောက် အခြေစိုက် ဩစတြီးယားနိုင်ငံသံအမတ်ကြီး H.E.Mr.Enno Drofenik အား ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

လောက်ကိုင်ဒေသမှတိမ်းရှောင်လာသော ပညာရေးဝန်ထမ်းများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်လှူဒါန်း

လားရှိုး ဖေဖော်ဝါရီ ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့သည် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီက လားရှိုးမြို့ အထက(၁)ခန်းမတွင် ကိုးကန့်ဒေသ လောက်ကိုင်၊ ကုန်းကြမ်း၊ မော်ထိုက်မြို့နယ်တို့မှ ပညာရေးဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ထမ်းများကို အားပေးနှစ်သိမ့်စကား ပြောကြားပြီး ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပညာရေးဝန်ထမ်းများအတွက် စုစုပေါင်း ၁၄၇ သိန်း ၉ သောင်းကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပေးအပ်လှူဒါန်းရာ ပြည်နယ်ပညာရေး၊ ညွှန်ကြားရေးမှူးရုံး(ရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲညွှန့်ကလက်ခံရယူပြီး ပညာရေးဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ်သိန်း ၆၀၊ လားရှိုးတက္ကသိုလ်မှ လှူဒါန်းငွေကျပ် ၁၀ သိန်း၊ စေတနာရှင်လုပ်ငန်းရှင်များက ၅၅ သိန်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းသည် ပညာရေးဝန်ထမ်းများအား ထားရှိသည့်တည်းခိုဆောင်နှင့် စားရိပ်သာဆောင်များသို့ သွားရောက်၍ ကြည့်ရှုအားပေးခဲ့ပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက လောက်ကိုင်ဒေသတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများအား တွဲဖက်ပြည်နယ်ကျန်းမာရေးမှူးရုံးခန်းမတွင် တွေ့ဆုံအားပေးခဲ့သည်။

အလားတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လောက်ကိုင်ဒေသတွင် သွားရောက်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ထောက်ပံ့ငွေကျပ် ၁၀ သိန်းအား ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းတို့က ပေးအပ်လှူဒါန်းရာ လောက်ကိုင်ဒေသတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများက လက်ခံရယူသည်။ ထို့အတူ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန ဝန်ထမ်းမိသားစုများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသော တပ်မတော်သားများအတွက် ခေါက်ဆွဲခြောက်ထုပ်များ၊ အသင့်စားအသားဘူးများ၊ အသင့်စား လက်ဖက်ထုပ်များ၊ စီးကရက်များ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၇၅၈၄၃၀ ရှိ စားသောက်ကုန်များအား ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီက ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်ထွေး ဦးစီးအရာရှိ ပထမတန်း(စစ်ရေး)ထံသို့ တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာမြင့်ဝင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲညွှန့်တို့က ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတွင် ထပ်မံရောက်ရှိလာသော ဌာနေပြန်မည့် အလုပ်သမားများအား အလှူရှင်စေတနာရှင်များက အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းကြပြီး စီစဉ်ဆောင်ရွက်ပေးထားသော မော်တော်ယာဉ်များဖြင့် မန္တလေးမြို့သို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ကွမ်းလုံမြို့တွင်လည်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ဒေသမှ တိမ်းရှောင်လာသည့် အလုပ်သမားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များနေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာလာကြရာ ၎င်းတို့အား ကွမ်းလုံမြို့မှ လားရှိုးမြို့သို့ ဖေဖော်ဝါရီ ၁၇ ရက်အထိ ပြည်သူ ၁၁၆၃ ဦးအား မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးပြီးဖြစ်ကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်သည် ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရုံး အမှတ်(၂၀)၌ ကျင်းပသော Open Society Foundation အစီအစဉ်ဖြင့် ကနေဒါနိုင်ငံ အော်တဝါတက္ကသိုလ်မှ ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ကပြုလုပ်သည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထိုအလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)ဆိုင်ရာ ဒုတိယအကြိမ် ကျွမ်းကျင်သူစားပွဲဝိုင်း ဆွေးနွေးပွဲကျင်းပမည့်ရက် ရွှေ့ဆိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အမျိုးသားမြေအသုံးချမှုမူဝါဒ (မူကြမ်း)အပေါ် အကြံပြုချက်များကို ဆွေးနွေးရန် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ကျင်းပမည့် ဒုတိယအကြိမ် ကျွမ်းကျင်သူစားပွဲဝိုင်း ဆွေးနွေးပွဲ (Second Expert Round Table Meeting) ကို ၂၀၁၅ ခုနှစ် မတ်လပထမပတ်သို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ကြောင်းနှင့် အစီအစဉ် အသေးစိတ်နှင့်အတူ ထပ်မံဖိတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မီးဘေးသင့်ပြည်သူများအတွက် အစားအသောက်နှင့် အဝတ်အထည်များလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ဘလုတ်ညွှန့်ရပ်ကွက်တွင် ဖေဖော်ဝါရီ ၁၆ ရက်ညပိုင်းက မီးကြွင်းမီးကျန်မှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ခြေ ၁၆၇ လုံး၊ မီးလောင်ကျွမ်းခံရပြီး အိမ်ထောင်စု ၂၅၀၊ လူဦးရေ ၉၂၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ဘလုတ်ညွှန့်ရပ်ကွက်ခါတော်မီ ဘုန်းတော်ကြီးကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်းဖွင့် စောင့်ရှောက်မှုပေးထားသည်။

အဆိုပါ မီးဘေးသင့်ပြည်သူများအား ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်း တံလျှပ်စက်တပ်သမွန်ဆိပ်၌ ရုံးခန်းဖွင့်လှစ်ထားသည့် အာဟာရဒါနပရဟိတ မောင်နှမများ၏ NOBLE HEART ရှင်ရေး ကူညီမှုအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးကိုကြီးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် ယနေ့နံနက်ပိုင်းတွင် ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာငွေကျပ်သိန်း ၈၀ ခန့် တန်ဖိုးရှိ ကြက်သားဟင်း ထမင်းထုပ် ၁၀၀၀၊ စောင်အထည် ၈၀၀၊ စတီးပန်းကန်၊ ဇွန်းအစုံပါ အထုပ် ၈၀၀၊ အသင့်စားခေါက်ဆွဲခြောက်ထုပ် ၂၂၀၀၊ ရေသန့် ဘူး ၁၀၀၀ နှင့် အချိုရည်ဘူးများ၊ အခြားအသုံးအဆောင်များကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ကိုချစ်**

ဆရာဝန်များအတွက် ဆေးပညာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့မှ ကြီးမှူး၍ ဆရာဝန်များအတွက် ဆေးပညာဟောပြောပွဲကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)တွင် ဖေဖော်ဝါရီ ၂၀ ရက် (သောကြာနေ့)မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲတွင် ဒေါက်တာ ဦးအောင်အောင်လွင် (UK)မှ “Current Medical Practice in UK, Current Opinion on Severc Sepsis ” ခေါင်းစဉ်များဖြင့်လည်းကောင်း၊ Dr. Sonia Hudson(UK)မှ “A Modern Problem” ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသောဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

တပ်မတော်သားများအတွက် အလှူငွေနှင့် ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် လောက်ကိုင်ဒေသတိုက်ပွဲများ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ စစ်သည်များအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

ဒုတိယဗိုလ်မှူးကြီးသန့်ဇော် ဖုန်း ၀၉-၇၃၂၀၆၆၉၉၊ ၀၁-၂၅၉၂၆ (ရန်ကုန်)
ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်ထွေး ဖုန်း ၀၉-၅၂၅၀၉၉၅၊ ၀၃၃-၃၆၀၃၃ (လားရှိုး)

အကြံပြုချက်များ ပေးပို့နိုင်

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၁၈)ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ဖော်ပြခဲ့သော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် အကြံပြုချက်များ ပေးပို့လိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပို့ အကြံပြုနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(၁) **myanmarparliament.gov.mm** (ပြည်ထောင်စုလွှတ်တော်)
(၂) **pyithuhluttaw.gov.mm** (ပြည်သူ့လွှတ်တော်)
(၃) **amyothahluttaw.gov.mm** (အမျိုးသားလွှတ်တော်)
(၄) ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော်၊ ရုံးအမှတ်(၂၀) နေပြည်တော်။
(၅) ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော်၊ ရုံးအမှတ်(၂၀) နေပြည်တော်။
(၆) ဥပဒေကြမ်းကော်မတီ၊ အမျိုးသားလွှတ်တော်၊ ရုံးအမှတ်(၂၀) နေပြည်တော်။

လွှတ်တော်ရေးရာ

ပြည်သူ့လွှတ်တော်သတင်း

ပြည်သူ့လွှတ်တော်က ဝန်ကြီးဌာနများအား မေးခွန်းဖြေဆိုချိန် သုံးမိနစ် တိုးမြှင့်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်သူ့လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များအား လာရောက်ဖြေကြားသည့် ဝန်ကြီးဌာနများ အဖြေဖြေဆိုရန် သုံးမိနစ်သာခွင့်ပြုချိန် သတ်မှတ်ထားရာမှ ယနေ့ကျင်းပသည့် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့၌ သုံးမိနစ် ထပ်မံ တိုးမြှင့်ပေးခဲ့သည်။

ယခင်က ပြည်သူ့လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းမေးမြန်းရန် သုံးမိနစ်နှင့် ဝန်ကြီးဌာနများက ပြန်လည်ဖြေကြားခြင်းအတွက် သုံးမိနစ်ဟု အချိန်သတ်မှတ်ထားသည်။ သို့ရာတွင် ဝန်ကြီးဌာနများသည် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို ရှင်းလင်းဖြေကြားရန် ကန့်သတ်ထားသည့် အချိန်သည် လုံလောက်မှုမရှိသဖြင့် လွှတ်တော်မှ သတ်မှတ်ထားသည့် စည်းကမ်းများကို ကျော်လွန်၍ လွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးဌာနများကို ဖြေကြားခွင့်ပေးနေရသည်။

ထို့ကြောင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဖေဖော်ဝါရီ (၃) ရက်က ကျင်းပသည့် (၁၂) ကြိမ်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့တွင် လွှတ်တော်၏သဘောထားကို ပြောကြားပေးရန် လွှတ်တော်သို့ တင်ပြခဲ့သည်။

လွှတ်တော်ဥက္ကဋ္ဌ၏ တင်ပြချက်ကို ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီက(က)လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းမေးမြန်းချိန်ကို သုံးမိနစ်သတ်မှတ်ချိန်အတိုင်း မေးခွန်းများကို ပြုစုမေးမြန်းနိုင်ရန်၊ (ခ) ဆက်စပ်မေးခွန်းများ၊ ထပ်ဆင့်မေးခွန်းများမေးမြန်းရာတွင် အကြောင်းအရာနှင့်မသက်ဆိုင်သော ဆက်စပ်မှုမရှိသော မေးခွန်းမဟုတ်သော အကြောင်းအရာများကို တင်ပြခြင်းမပြုကြရန်နှင့် လိုရင်းတိုရှင်း ဆက်စပ်မေးခွန်းများကိုသာ မေးမြန်းကြရန်နှင့် ထိုသို့ ဆောင်ရွက်ခြင်းမပြုပါက ဥက္ကဋ္ဌကြီးမှ တားမြစ်ဆောင်ရွက်ပေးရန်နှင့် (ဂ) ဝန်ကြီးဌာနများအနေဖြင့် မေးခွန်းများဖြေကြားရန် အချိန်မလုံလောက်သဖြင့် သတ်မှတ်ထားချိန် သုံးမိနစ်အစား ခြောက်မိနစ် သတ်မှတ်ပေးပြီး ယင်းသတ်မှတ်ချိန် ခြောက်မိနစ်အတွင်း မေးခွန်းများကို ဖြေကြားနိုင်ရန် ကြိုတင်ပြင်ဆင်ဖြေကြားရန်ဟူ၍ သဘောထားမှတ်ချက်ပြုခဲ့သည်။

အထက်ပါ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ၏ သဘောထား အဆိုပြုချက်ကို လွှတ်တော်မှ ကန့်ကွက်သူမရှိဘဲ အတည်ပြုခဲ့သဖြင့် လာမည့် လွှတ်တော်အစည်းဝေးများတွင် ဝန်ကြီးဌာနများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ကန့်သတ်ချိန် ခြောက်မိနစ်အတွင်း ဖြေကြားခွင့်ရှိတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သယ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်က "တိုတောင်းတဲ့မေးခွန်းမျိုးကို နာရီဝက်ဖြေကြားတာဟာ လွှတ်တော်ရဲ့အချိန်တွေ အများကြီး ပုပ်ပါတယ်။ ဌာနဆိုင်ရာကလာတဲ့ ဝန်ကြီးတွေ ဒုတိယဝန်ကြီးတွေ တော်တော်များများက မေးခွန်းနဲ့မဆိုင်တဲ့ မိမိတို့ဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်တွေကို ဖြေကြားတာမျိုးတွေ ရှိတယ်။ လွှတ်တော်အချိန်ကို ထိခိုက်တာဟာ တိုင်းပြည်ရဲ့ဘဏ္ဍာကိုလည်း ထိခိုက်ရာရောက်ပါတယ်။ အခုတော့ ပြည်သူ့လွှတ်တော်က အမတ်တွေကိုသာ သုံးမိနစ် ကန့်သတ်ပေးမယ့် ဖြေကြားမယ့် ဝန်ကြီးဌာနတွေအတွက်ကို ခြောက်မိနစ်တောင် ပေးပါတယ်။ ဒီခြောက်မိနစ်အတွင်းမှာ အနှစ်သာရလိုရင်းအချက်တွေကို ဖြေနိုင်ဖို့တော့ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် တာဝန်ရှိသူတွေ ကြိုးစားရမှာပဲ" ဟု ယင်းအချိန်သတ်မှတ်ချက်အပေါ်တွင် မှတ်ချက်ပြုသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်သတင်း

အီဘိုလာရောဂါ ကူးစက်ပြန့်ပွားလာမှုမရှိရေးနှင့် ထိန်းသိမ်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်ရီ၏ **ကူးစက်မြန်အီဘိုလာရောဂါ ကူးစက်ပြန့်ပွားလာမှုမရှိရေးနှင့် ထိန်းသိမ်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပြင်ဆင်ထားရှိသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၁၄ ခုနှစ် မတ်လတွင် အာဖရိကအနောက်ပိုင်းဒေသ ဂီနီနိုင်ငံမှစတင်ကာ ကပ်အသွင် ဖြစ်ပွားခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၈-၂-၂၀၁၅) ရက်နေ့ ထုတ်ပြန်ချက်များအရ အာဖရိကအနောက်ပိုင်း (၆) နိုင်ငံတို့အပြင် စပိန်၊ အမေရိကန်တို့တွင် ရောဂါဖြစ်ပွားသူ လူနာစုစုပေါင်း (၂၂၈၉၄) ဦးခန့် ကူးစက်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ (၉၁၇၇) ဦး ရှိခဲ့ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် သတ်မှတ်၍ အပြည်ပြည်ဆိုင်ရာကျန်းမာရေး ပြဋ္ဌာန်းချက်များနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဓာတ်ခွဲခန်းနှင့် ရောဂါထောက်လှမ်းရေး အရည်အသွေးမြှင့်တင်ရန်အတွက် ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနအား ဇီဝလုံခြုံမှုအဆင့် (၂+) မှ ဇီဝလုံခြုံမှု အဆင့်(၃) ရရှိအောင် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ဓာတ်ခွဲခန်းပစ္စည်းများနှင့် နည်းပညာဖြည့်ဆည်းရေး

ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေး ဖြေကြားစဉ်။ (သတင်းစဉ်)

ဆိုင်ရာကိစ္စရပ်တို့အား အသေးစိတ် လုပ်ငန်း စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြံပြုချက်အရ အီဘိုလာရောဂါ အတည်ပြုစစ်ဆေးနိုင်သည့် ဇီဝလုံခြုံမှုအဆင့်(၄)ရှိသော ဓာတ်ခွဲခန်းများသည် ရောဂါပိုးထိန်းချုပ်မှု လုပ်ငန်းများ တင်းကျပ်စွာဆောင်ရွက်ရန်လိုအပ်ခြင်း၊ ငွေကြေးမြောက်မြားစွာ ကုန်ကျမှုရှိခြင်းတို့ကြောင့် တည်ဆောက်ရန် ဦးစားပေးဆောင်ရွက်ခြင်းထက် လက်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသောဓာတ်ခွဲခန်းများသို့ ပေးပို့စစ်ဆေးရမည်ဖြစ်ပါ၍ သွေးနမူနာ ပေးပို့စစ်ဆေးခြင်းလုပ်ငန်းများအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာလေကြောင်း ပျံသန်းရေးအဖွဲ့၊ နိုင်ငံတကာလေကြောင်းလိုင်းများ၊ World Courier Service စသည်တို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း။

ရောဂါထောက်လှမ်းရေးအနေဖြင့် ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအား နိုင်ငံတကာဝင်ပေါက်၊ ထွက်ပေါက်များဖြစ်သည့် လေဆိပ်၊ ရေဆိပ်များ၊ နယ်စပ်ဖြတ်ကျော် ဝင်ပေါက်ထွက်ပေါက်များတွင် ကျန်းမာရေးဝန်ထမ်းများအား တာဝန်ချထားဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ဆေးရုံနှင့် ကျေးလက်ဒေသများမှ ကျန်းမာရေးဝန်ထမ်းများအား အီဘိုလာဗိုင်းရပ်စ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းသင်တန်းပေးခြင်း၊ လမ်းညွှန်ချက်များဖြန့်ဝေခြင်း၊ ပြည်သူလူထုကျန်းမာရေးပညာပေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားအဆင့် ကြိုတင်ပြင်ဆင်ထားမှုနှင့်တုံ့ပြန်မှု မြှင့်တင်ရေးအနေဖြင့်လည်း အသစ်ဖြစ်ပေါ်လာသည့် ကူးစက်မြန်ရောဂါများဖြစ်သော ဆားစ်ရောဂါ ကာကွယ်ရေးလုပ်ငန်း၊ ကြက်ငှက်တုပ်ကွေး (H5N1)၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ (H1N1-2009)၊ (H7N9) တုပ်ကွေးရောဂါ၊ အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတို့အား အမျိုးသားအဆင့်အထိ ဆောင်ရွက်ခဲ့သော အတွေ့အကြုံများကိုအခြေခံ၍ ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ ကာကွယ်တားဆီးရေးနှင့် ကုသရေးလုပ်ငန်းကော်မတီနှင့်

ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ မေးမြန်းစဉ်။ (သတင်းစဉ်)

ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ထိုကိစ္စရပ်အတွက် ဓာတ်ခွဲခန်းနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ အဆင့်မြှင့်တင်ခြင်း၊ သီးသန့်လူနာဆောင်များပြင်ဆင်ခြင်းနှင့် ရောဂါဖြစ်ပွားသူနှင့် အတူနေများအား သီးခြားခွဲခြားထားရှိ၍ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအတွက် လိုအပ်သော ရန်ပုံငွေများ ခွဲဝေချထားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ **ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် အားကစားသိပ္ပံကျောင်း ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍** ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅) မှ ဦးစောထွန်းမြအောင်က ကချင်ပြည်နယ်တွင် အားကစားသိပ္ပံ တည်ဆောက်ခြင်းဖြင့် တိုင်းရင်းသား၊ ဒုတိယမျိုးဆက်လူငယ်များသည် ကျန်းမာသန်စွမ်းပြီး ပညာထူးချွန်သည့် လူငယ်များအဖြစ်ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ် ဒေသအသီးသီးက တိုင်းရင်းသားလူငယ်များမျိုးနွယ်စုံ စုပေါင်း ဆုံစည်းခွင့်ရသဖြင့် တိုင်းရင်းသားချစ်ကြည်ရေးကိုဖော်ဆောင်မည့် အားကစားသိပ္ပံကျောင်းကြီး ဖြစ်လာမည်ဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးခဲ့သည်။

ဆက်လက်၍ **ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဖေသောင်း**က နိုင်ငံတော်အစိုးရသစ်အနေဖြင့်လည်း အားကစားကို ကမ္ဘာနှင့်ယှဉ်နိုင်ရန် နည်းမျိုးစုံဖြင့် ပြုစုပျိုးထောင်နေသည်ကို မျက်မြင်ကိုယ်တွေ့ပဲဖြစ်ပါကြောင်း၊ သို့သော် နိုင်ငံအတွင်း တောင်ပေါ်မြေပြန့် တိုင်းရင်းသားများမှာ အားကစားထူးချွန်ထက်မြက်သည့် ပါရမီရှင် ရွက်ပုန်းသီးအားကစားသမားများကို မည်ကဲ့သို့ နည်းဗျူဟာချမှတ်ပြီး ဖော်ထုတ်ကြမလဲဆိုသည်ကို အားကစားဝန်ကြီးဌာနအနေဖြင့် စဉ်းစားရမည့်အချက် ဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးခဲ့သည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစိုင်းတင်အောင်က နိုင်ငံ့ဂုဏ်ကျက်သရေဆောင် နေပြည်တော်ကြီးတွင် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် များစွာ ရင်းနှီး တည်ဆောက်နေသည်ကို ကြိုဆိုထောက်ခံပါကြောင်း၊ သို့ပေမယ့် တိုင်းဒေသကြီး၊ ပြည်နယ်တွေကိုလည်း နှစ်ရှည်နှစ်တို စီမံကိန်းများ ချမှတ် ဆောင်ရွက်ပေးပါဟုလည်း အလေးအနက် တင်ပြလိုပါကြောင်းဖြင့် ထောက်ခံဆွေးနွေးခဲ့သည်။

ထိုအဆိုနှင့် ပတ်သက်၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ငွေလုံးငွေရင်း အသုံးစရိတ်(ဘတ်ဂျက်)တွင် တင်ပြတောင်းခံခဲ့ပါကြောင်း။

သို့ရာတွင် ဘတ်ဂျက်စိစစ်ချက်အရ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း တည်ဆောက်ရေးအတွက် ခွင့်ပြုရန်ပုံငွေပါဝင်ခြင်းမရှိပါသဖြင့် (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ အားကစားနှင့် ကာယပညာ (သိပ္ပံ) ကျောင်းအား တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန်က လာမည့်ဘတ်ဂျက်နှစ်တွင် ထည့်သွင်းပေးနိုင်ရေးအတွက် အမျိုးသားလွှတ်တော်တွင် ထည့်သွင်းမှတ်တမ်းတင်ပေးနိုင်ပါရန်တင်ပြရာ အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခဲ့သည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများ၊ ပါတီဝင် ၂၃၁ ဦးနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA)အဖွဲ့မှ လေ့လာသူကိုးဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။ **(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

ကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** တည်ဆဲဥပဒေများတွင်မည်သို့ပင် ပါရှိစေကာမူ နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက အောက်ပါ ပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-

(ကက) သေဒဏ်၊
(ခခ) နှစ်အကန့်အသတ်မရှိသော အလုပ်နှင့် ထောင်ဒဏ်၊
(ဂဂ) သုံးနှစ်အောက်မလျော့သော အလုပ်နှင့် ထောင်ဒဏ် သို့တည်းမဟုတ် သုံးနှစ်အောက် မလျော့သော အလုပ်နှင့် ထောင်ဒဏ်အပြင် ငွေဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ် ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့ စီရင်ခြင်းသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိသော ထောင်ဒဏ်စီရင်ပါက ထိုသို့ စီရင်ခြင်းသည် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့် ပတ်သက်သည့်လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
(ဂဂ) ပြစ်ဒဏ်ကိုပို၍ နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့် မရှိစေရ၊

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅) ရက်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်း ခံရသည့်နေ့မှ (၁၅)ရက်အတွင်း ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) ထံသို့ လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လောက်ကိုင်) သည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်၊ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
(ခခ) ပြစ်ဒဏ်ကိုလျှော့ပေါ့စေခြင်း၊
(ဂဂ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လောက်ကိုင်) က မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ် (၆)တွင် ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) သည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေး အကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ ပြန်တမ်းဝင်အမှတ်၊ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သို့ အစီရင်ခံရမည်။

လက်မှတ် ၊
အဆင့် ၊ ဗိုလ်ချုပ်မှူးကြီး
ရာထူး ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဌာန ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နောက်ဆက်တွဲဇယား(က)

စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ပြစ်မှုဆိုင်ရာ ဥပဒေ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု (ပြစ်မှုဆိုင်ရာ ဥပဒေ ၁၂၄-က)၊
၃။ မတရားအသင်းအက်ဥပဒေအရ ပြစ်မှုများ၊
၄။ လက်နက်အက်ဥပဒေအရ ပြစ်မှုများ၊
၅။ လူသတ်မှု၊
၆။ လူသေမှု၊
၇။ မုဒိမ်းမှု၊
၈။ လုယက်မှု၊
၉။ ဓားပြမှု၊
၁၀။ အဂတိလိုက်စားမှု၊
၁၁။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊
၁၂။ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၃။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၄။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေအရ ပြစ်မှုများ၊
၁၅။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ။

■ ရှေ့ဖုံးမှ

ခရီးစဉ်အတွင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့ပေါ်၌ လေယာဉ်ပျံသန်းမှု ပြုလုပ်ပြသမည်ဖြစ်သည်။

ယင်းလေယာဉ်ခရီးစဉ်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး မန္တလေးမြို့သို့ လေယာဉ် ရောက်ရှိပြီးချိန်တွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သတင်းစာရှင်းလင်းပွဲ တစ်ကြိမ် ပြုလုပ်သွားရန်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❀ ကျောဖုံးမှ

ဦးအောင်သက်တို့က တာဝန်ယူ ကိုင်တွယ်လျက်ရှိသည်။ မြန်မာယူ-၂၂ အသင်းသည် မတ်လအတွင်း၌ကျင်းပမည့် အာရှယူ-၂၃ ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် အသင်းဖြစ်ပြီး (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် အသင်းဖြစ်သည်။

ယခုဖွဲ့စည်းထားသည့် အသင်းတွင် ကျော်ဇင်ဖြိုး(ဂိုး)၊ ရဲဝင်းအောင်၊ စည်သူအောင်၊ နေလင်းထွန်း၊ ချစ်စုမိုး၊ ရဲကိုဦး၊ ဇင်မင်းထွန်းတို့ပါဝင်လာသည်။

ဖီဂျီယူ-၂၀ အသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် အသင်းဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ အမေရိကန်နိုင်ငံသို့ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ်သုံးထောင်၊ ရိုးရိုးတန်း ကျပ်နှစ်ထောင်သတ်မှတ်ထားသည်။

ပြည်မြို့ ရွာဘဲရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

ပြည် ဖေဖော်ဝါရီ ၁၈

ပြည်မြို့ ရွာဘဲရပ်ကွက်၌ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၃ နာရီ ၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ရွာဘဲရပ်ကွက် မူယာပင်ရပ် ဗိုလ်ချုပ်လမ်း အမှတ် (၂၆၈)ရှိ တင်နန်းဝင်း၏ စွမ်းအားဆိုင်ကယ်ဆေးမှုတ်ဆိုင်၌ လျှပ်စစ်မီးပလပ်ခုံ၌ မီးပလပ်ထိုးထားသော နှစ်ပင်လိမ်လျှပ်စစ်ဝိုင်ယာကြိုးမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရာနေရာသို့ ပြည်မြို့ မီးသတ်တပ်ဖွဲ့မှ မီးသတ်ကား သုံးစီးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်မီးသတ်ကား ခုနစ်စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၅ ဦး၊ ပြည်သူလူထု ၁၂၀ ခန့်တို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် တစ်စုံတစ်ရာ ထိခိုက်ဆုံးရှုံးမှုမရှိဘဲ (၆×၈)ပေ သက်ငယ်မိုးထရံကာ မြေစိုက်တဲတစ်လုံးနှင့် ၁ဃ/--- ဟွန်ဒါဆူပါကတ် ဆိုင်ကယ်တစ်စီး မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ပြည်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မျိုးကျော်ကြီး



ဥပဒေကြမ်း

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၁၄) ရက်နေ့ လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲတွင် NNER နှင့် ကျောင်းသားကိုယ်စားလှယ်များမှ လက်ခံသဘောတူခြင်းမရှိခဲ့သည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ပေးရန် တောင်းဆိုချက်များအရ ပညာရေးဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲထားသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အများပြည်သူ လေ့လာနိုင်ရန် ဖော်ပြထားပါသည်။

NNER နှင့် ကျောင်းသားများ တောင်းဆိုသည့် (၁၁)ချက်နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနက ပြင်ဆင်ပေးပို့ထားသည့် ဥပဒေပြင်ဆင်ချက်

၁ ။ ဤဥပဒေကို အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂ ။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(ဂ)ကို ပယ်ဖျက်သည်။

(ခ) ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ည)

ကျောင်းပညာရေးဆိုသည်မှာ နိုင်ငံတော်ကဖြစ်စေ၊ နိုင်ငံတော်အထောက်အပံ့နှင့်ဖြစ်စေ၊ ပုဂ္ဂလိကများကဖြစ်စေ စနစ်တကျဖွဲ့စည်းတည်ထောင်ထားသည့် ပညာသင်ရာနေရာဌာနများ၌ သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့်အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည် စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသောသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော ကျောင်းအခြေပြု မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့ အကျုံးဝင်သည့် ပညာရေးကိုဆိုသည်။"

(ဂ) ပုဒ်မခွဲ(ဓ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဓ)

အဆင့်မြင့်ပညာရေးဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသော အဆင့်အောင်မြင်ပြီးသူများကို တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများနှင့်ယင်းတို့နှင့် အဆင့်တူညီသည့် ကျောင်းတစ်ခုခု၌ လေ့ကျင့်သင်ကြားပေးသည့် ပညာရေးကို ဆိုသည်။"

(ဃ) ပုဒ်မခွဲ (ရ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ရ)

အရည်အသွေးအာမခံမှုဆိုသည်မှာ ကျောင်းနှင့် ယင်းကျောင်းရှိ သင်ကြားသင်ယူမှု အစီအစဉ်များသည် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကချမှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုအခြေအနေကို အမြဲမပြတ်စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့် သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။"

၃ ။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၊ (ဠ)၏ နောက်တွင် ပုဒ်မခွဲ(အ)၊ (ကက)နှင့်(ခခ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(အ)

ပညာရေးဆိုသည်မှာ လူတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်ဓာတ်တို့ကို ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ပေးသည့် ဖြစ်စဉ်ကို ဆိုသည်။"

"(ကက)

ရပ်ရွာပညာပဒေသာဌာနဆိုသည်မှာ ကျောင်းသင်ရိုးသင်ပညာရေးဖြင့် ဖြစ်စေ၊ ကျောင်းပြင်ပ ပညာရေးဖြင့်ဖြစ်စေ ဒေသခံပြည်သူများကိုယ်တိုင်စီမံအုပ်ချုပ်ဆောင်ရွက်သည့် ပညာသင်ဌာနဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် အိမ်ထောင်စုအခြေပြု သင်ယူခြင်းအတွက် ရင်းမြစ်ဌာနအဖြစ်လည်းကောင်း၊ ဒေသအလိုက်အစဉ်သင်ယူနေသည့် လူ့အဖွဲ့အစည်းငယ်များ ဖြစ်ထွန်းလာစေရေးနှင့် သတင်းအချက်အလက်များဖြန့်ဖြူးရန် ဌာနအဖြစ်လည်းကောင်း တာဝန်ယူအကောင်အထည်ဖော်ရသည့် ရပ်ကွက်သို့မဟုတ် ကျေးရွာဌာနတစ်ခုကို ဆိုသည်။"

"(ခခ)

လူတိုင်းအကျုံးဝင်ပညာရေးဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပ ပညာရေးတစ်ခုခုတွင် ခွဲခြား ဆက်ဆံမှုမရှိဘဲ ပညာဆည်းပူးခွင့်ရရှိစေရန်အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကို ဆိုသည်။"

၄ ။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄ တွင်-

(က) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ)

ကျောင်းနေအရွယ်ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူနိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို လူတိုင်းအကျုံးဝင် ပညာရေးအရ ပညာသင်ယူနိုင်ခွင့်ရရှိရေး၊

(ခ) ပုဒ်မခွဲ(ဍ)ကို ပယ်ဖျက်ရမည်။

၅ ။ အမျိုးသားပညာရေးဥပဒေ အခန်း(၄) ကို ပယ်ဖျက်သည်။

၆ ။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

" ၂၇။ ပုဒ်မ ၂၆ အရ လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့်လွတ်လပ်စွာ စီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးရာတွင်-

(က) တက္ကသိုလ်များသည် မိမိတက္ကသိုလ်၏ သဘောသဘာဝနှင့် ကိုက်ညီသောတက္ကသိုလ်ပဋိညာဉ်စာတမ်း တစ်ခုစီကို ရေးဆွဲဆောင်ရွက်ရမည်။

(ခ) ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများသည် မိမိနှင့်ဆက်သွယ်ပေါင်းစည်းထားသည့် တက္ကသိုလ်၏ ပဋိညာဉ်စာတမ်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) ကျောင်းသားများသမဂ္ဂ၊ ယူနီယံ၊ အစည်းအရုံး၊ အသင်း၊ အဖွဲ့၊ ကောင်စီ၊ ကော်မတီစသည့် အဖွဲ့အစည်းများကို တက္ကသိုလ်အသီးသီးတွင် လွတ်လပ်စွာဖွဲ့စည်းခွင့်ကို သက်ဆိုင်ရာကျောင်း၏ ပဋိညာဉ်စာတမ်းပါ သတ်မှတ်ချက်နှင့်အညီ ဒီမိုကရေစီနည်းလမ်းကျစွာရွေးချယ်ပြီး ဖွဲ့စည်းခွင့်ရှိသည်။

(ဃ) ဆရာများသမဂ္ဂ၊ ယူနီယံ၊ အစည်းအရုံး၊ အသင်း၊ အဖွဲ့၊ ကောင်စီ၊ ကော်မတီစသည့် အဖွဲ့အစည်းများကို ယင်းကျောင်း၏ ပဋိညာဉ်စာတမ်းပါ သတ်မှတ်ချက်များနှင့်အညီ ဒီမိုကရေစီနည်းလမ်းကျစွာ ရွေးချယ်ပြီး ဖွဲ့စည်းခွင့်ရှိသည်။

(င) ဝန်ထမ်းများသမဂ္ဂ၊ ယူနီယံ၊ အစည်းအရုံး၊ အသင်း၊ အဖွဲ့၊ ကောင်စီ၊ ကော်မတီ စသည့် အဖွဲ့အစည်းများကို ယင်းကျောင်း၏ ပဋိညာဉ်စာတမ်းပါ သတ်မှတ်ချက်များနှင့်အညီ ဒီမိုကရေစီနည်းလမ်းကျစွာ ရွေးချယ်ပြီး ဖွဲ့စည်းခွင့်ရှိသည်။"

၇ ။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၉ ၌ ပါရှိသော "ကော်မရှင်သည် သင်ရိုးညွှန်းတမ်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များပါရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည်" ဆိုသည့် စကားရပ်ကို " သက်ဆိုင်ရာပညာရေးကဏ္ဍအသီးသီးသည် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် စပ်လျဉ်း၍ အောက်ပါအချက်များပါရှိစေရန် မူဝါဒများချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈ ။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က)

အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းစံများကို ပြဋ္ဌာန်းပေးရမည်။"

၉ ။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ(စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ)

ပညာရေးဆိုင်ရာစီမံခန့်ခွဲရေးကိစ္စများကို တည်ဆဲဥပဒေနှင့်အညီ စီမံခန့်ခွဲနိုင်ရန် လိုအပ်သော ပံ့ပိုးမှုများပေးရမည်။"

၁၀။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၁။(က) မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေးနှင့် သင်တန်းကျောင်းအသီးသီးမှ ဆရာများ၏ အဆင့်နှင့်လျော်ညီသော အရည်အချင်းများကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက သတ်မှတ်ပေးရမည်။

(ခ) အဆင့်မြင့်ပညာကျောင်းများသည် မိမိတက္ကသိုလ်ဆရာများ၏ အဆင့်နှင့် အရည်အချင်းများကို တက္ကသိုလ်ပဋိညာဉ် စာတမ်းနှင့်အညီ သတ်မှတ်ပေးရမည်။"

၁၁။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၄၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ)

အရည်အသွေးခိုင်မာမှုအတွက် စစ်ဆေးအကဲဖြတ်ရမည့် စံချိန်စံညွှန်းနှင့် နည်းလမ်းများကို သတ်မှတ်ပေးသည့်လုပ်ငန်းစဉ်ပါဝင်ရမည်။"

၁၂။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၅။

အစိုးရအဖွဲ့သည် ပုဒ်မ ၅၄ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။"

၁၃။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၆။ (က)

တက္ကသိုလ်များသည် သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အောက်ပါအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ရမည်-

(၁) တက္ကသိုလ်များသည် မိမိတက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုကိုထိန်းညှိပေးရန် တက္ကသိုလ်ကောင်စီကို ဖွဲ့စည်းဆောင်ရွက်ရမည်။

(၂) ကောင်စီအတွင်းရေးမှူးသည် ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်ဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် ဘွဲ့ရကျောင်းသားဟောင်းများကိုယ်စားလှယ်များ၊ ယင်းတက္ကသိုလ်မှ အငြိမ်းစားယူသွားသော ဆရာများကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာ အာဏာပိုင်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းရမည်။

(၃) တက္ကသိုလ်ကောင်စီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် ကိုယ်စားလှယ်အရေအတွက်၊ အရည်အချင်းသတ်မှတ်ချက်၊ ရွေးချယ်မည့် အစီအစဉ်များကို သက်ဆိုင်ရာ တက္ကသိုလ် ပဋိညာဉ်စာတမ်းများတွင် တိကျစွာရေးသားဖော်ပြရမည်။

(၄) တက္ကသိုလ်များသည် မိမိတို့၏ သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ အောက်ဖော်ပြပါ အဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ရမည်-

(ကက) တက္ကသိုလ်ပညာရေးအဖွဲ့၊

(ခခ) တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့။

(၅) ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများသည် မိမိတို့၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကိုဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ရမည်-

(ကက) စီမံခန့်ခွဲရေးအဖွဲ့၊

(ခခ) ပညာရေးအဖွဲ့ခွဲ။

(ခ) နိုင်ငံတစ်ဝန်းရှိ အခြေခံပညာရေးစနစ်တစ်ခုလုံး၏ ပညာရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကိုဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက တာဝန်ခွဲဝေဆောင်ရွက်ရမည်။

(ဂ) လွတ်လပ်စွာရပ်တည်သော တက္ကသိုလ်များသည်၄င်းတို့၏ လိုအပ်ချက်များကို ဝန်ကြီးဌာနသို့တင်ပြလာပါက လိုအပ်ချက်များအပေါ် မူတည်၍ ဝန်ကြီးဌာနက ကူညီဖြည့်ဆည်းပေးခြင်း သို့မဟုတ် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သင့်တော်သော အဖွဲ့ကိုဖွဲ့စည်း၍ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၇။(က)

အခြေခံပညာအဆင့်ကျောင်းများ၏ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည်။

(ခ) ထူးခြားသောလုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သာသနာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ထူထောင် ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများမှအပကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများအားလုံးသည် အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့်အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီတို့နှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ပုဂ္ဂလိက တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများအားလုံးသည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ ကြီးကြပ်ရေးကော်မတီတို့နှင့် ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ)

အဆင့်မြင့်ပညာကျောင်းများတွင် မိမိတို့၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များကို သက်ဆိုင်ရာ တက္ကသိုလ်၏ ပဋိညာဉ်စာတမ်းနှင့်အညီဖွဲ့စည်းရမည်။

၁၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၀။

ဝန်ကြီးဌာနသည် ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းများအား ကြီးကြပ်ရန်သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းများ ကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်းတာဝန်ပေးအပ်ရမည်။"

၁၆။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၃၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ခ)

ဘဏ္ဍာငွေသုံးစွဲရာတွင် သုံးစွဲပြီးစာရင်းဇယားမှတ်တမ်းများကို စေတနာရှင်နှင့် အများပြည်သူတို့ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။"

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

National Network For Education Reform (NNER) ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီပညာရေး လှုပ်ရှားမှုဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုးဆန်းတို့ ရေးဆွဲလက်မှတ်ရေးထိုးထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ပါ ပြင်ဆင်ဖြည့်စွက်သည့် ပြဋ္ဌာန်းချက်များနှင့် တည်ဆဲအမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ဇယား

စဉ်	အမျိုးသားပညာရေးဥပဒေ	အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း
	အမျိုးသားပညာရေးဥပဒေ (၂၀၁၄ ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၁။) ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ရက် (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်) ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ **အခန်း (၁)** **အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**	**အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။) ၁၃၇၆ ခုနှစ်၊ လ ရက် (၂၀၁၅ ခုနှစ်၊ လ ရက်) ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ **အခန်း (၁)** **အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**
၁	၁။ ဤဥပဒေကို အမျိုးသားပညာရေးဥပဒေဟု ခေါ်တွင်စေရမည်။	၁။ (က) ဤဥပဒေကို အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။ (ခ) ဤဥပဒေကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးသည့်နေ့တွင် အတည်ဖြစ်သည်။
၂	၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် - (ဂ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၅ အရ ဖွဲ့စည်းထားသည့် အမျိုးသားပညာရေးကော်မရှင်ကို ဆိုသည်။ (ဆ) **အမျိုးသားပညာရေး** ဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး ဘက်စုံအတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရေးနှင့် ခေတ်စနစ်၏ လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကို ဆိုသည်။ (ည) **ကျောင်းပညာရေး** ဆိုသည်မှာ သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့် အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသောသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော ကျောင်းအခြေပြု မူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့ အကျုံးဝင်သည့် ပညာရေးကို ဆိုသည်။ (ဓ) **အဆင့်မြင့်ပညာရေး** ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့် အောင်မြင်ပြီးသူများကို အမျိုးသားပညာရေးကော်မရှင် က အသိအမှတ်ပြုထားသည့် ကျောင်း တစ်ခုခုမှ လေ့ကျင့်သင်ကြားပေးသည့် ပညာရေးကို ဆိုသည်။ (ဘ) **အထူးပညာရေးအစီအစဉ်** ဆိုသည်မှာ မသန်စွမ်းသူများအတွက် အထူးအစီအစဉ်ဖြင့် သင်ကြားပေးသော ကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်းကို ဆိုသည်။ (ယ) **အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ** ဆိုသည်မှာ နိုင်ငံတော်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ စီမံကိန်းများ၊ ပညာရေးအမျိုးအစားများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။ (ရ) **အရည်အသွေးအာမခံမှု** ဆိုသည်မှာ ကျောင်းနှင့် ထိုကျောင်းရှိ သင်ကြားသင်ယူမှုအစီအစဉ်များသည် အမျိုးသားပညာရေးကော်မရှင်က ချမှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုအခြေအနေကို အမြဲမပြတ် စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။ (သ) **မိဘဆရာအသင်း** ဆိုသည်မှာ အခြေခံပညာကျောင်းများတွင် သင်ယူသူများ၏ ပညာတတ်မြောက်ရေးနှင့် ကိုယ်၊ နှုတ်၊ နှလုံးကောင်းမွန်လာရေးကို ပိုမိုထိရောက်အောင်မြင်စေရန် မိဘသို့မဟုတ် အုပ်ထိန်းသူတို့နှင့် ဆရာတို့ပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။ (ဟ) **ကျောင်းအကျိုးဆောင်အဖွဲ့** ဆိုသည်မှာ အခြေခံပညာကျောင်းများတွင် မိဘဆရာအသင်းကို ဖြည့်ဆည်းပြီး ပညာရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍတို့တွင် အများကြည်ညိုလေးစားမှုရှိသူများ ပါဝင်သည့် ကျောင်းပညာရေးဖွံ့ဖြိုးမှု လုပ်ငန်းများဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကို ဆိုသည်။	၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် - (ဂ) ပယ်ဖျက်သည်။ (ဆ) **အမျိုးသားပညာရေး**ဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး လွတ်လပ်စွာတွေးခေါ်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကိုပြုစုပျိုးထောင်ရေးနှင့် ခေတ်စနစ်၏ လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကို ဆိုသည်။ (ည) **ကျောင်းပညာရေး** ဆိုသည်မှာ မူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့ အကျုံးဝင်သည့် ပညာရေးကို ဆိုသည်။ (ဓ) **အဆင့်မြင့်ပညာရေး** ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့် အောင်မြင်ပြီးသူများကို ကျောင်းတစ်ခုခုမှ လေ့ကျင့်သင်ကြားပေးသည့် ပညာရေးကို ဆိုသည်။ (ဘ) **အထူးပညာရေးအစီအစဉ်** ဆိုသည်မှာ မသန်စွမ်းတစ်ဦးချင်းစီ၏ သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် သင့်တော်သော သင်ကြားနည်းစနစ်များကို ပညာသင်ပေးခြင်းကို ဆိုသည်။ (ယ) **အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီ** ဆိုသည်မှာ နိုင်ငံတော်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ စီမံကိန်းများ၊ ပညာရေးအမျိုးအစားများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ်ဆောင်ရွက်ရန် လွတ်လပ်သော ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။ (ရ) **အရည်အသွေးအာမခံမှု** ဆိုသည်မှာ ကျောင်းနှင့်ယင်းကျောင်းရှိ သင်ကြားသင်ယူမှုအစီအစဉ်များသည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက ချမှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုအခြေအနေကို အမြဲမပြတ် စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။ (သ) **ကျောင်းအုပ်ချုပ်ရေးအဖွဲ့** ဆိုသည်မှာ ကျောင်းများတွင် ကျောင်းအုပ်ကြီး၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ ကျောင်းသားမိဘ သို့မဟုတ် အုပ်ထိန်းသူကိုယ်စားလှယ်များ၊ ရပ်ရွာမှ လေးစားယုံကြည်သူများ ပါဝင်သောအဖွဲ့ကို ဆိုသည်။ (ဟ) **တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီ** ဆိုသည်မှာ တက္ကသိုလ်နှင့် ကောလိပ်များမှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်ဆရာသမဂ္ဂများ၏ ကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်များ၊ နိုင်ငံ့ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်များနှင့် လွတ်လပ်သော ပညာရှင်များ ပါဝင်သည့် ကောင်စီဖြစ်သည်။ (အ) **လူတိုင်းအကျုံးဝင်ပညာရေး** ဆိုသည်မှာ မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေး တစ်ခုခုတွင် ပညာသင်ယူဆည်းပူးခွင့်ရရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကို ဆိုလိုသည်။ ***(ပုဒ်မခွဲ (အ)ကို အသစ်ထပ်မံ ဖြည့်စွက်ခြင်း ဖြစ်ပါသည်။)***
	အခန်း (၂) **အမျိုးသားပညာရေး ရည်မှန်းချက်များ**	**အခန်း (၂)** **အမျိုးသားပညာရေး ရည်မှန်းချက်များ**
၃	၃။ အမျိုးသားပညာရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -	၃။ အမျိုးသားပညာရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် - (ဇ) နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်သည် ကွဲပြားခြားနားမှုကို အခြေမခံစေဘဲ နိုင်ငံသားတိုင်းခံစားရရှိရေး ကာကွယ်ပေးရန်နှင့် သေချာမှုရှိစေရန်။ ***(ပုဒ်မခွဲ(ဇ) ကိုအသစ် ထပ်မံဖြည့်စွက်ခြင်းဖြစ်ပါသည်။)***
	အခန်း (၃) **အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများ**	**အခန်း (၃)** **အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများ**
၄	၄။ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည် - (က) ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှုတို့အတွက် နိုင်ငံသားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ (ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရေး၊ (ဂ) ကျောင်းနေအရွယ် ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရေးအတွက် မသန်စွမ်းသူနိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူနိုင်ခွင့်ရရှိစေရန် အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှုအစီအစဉ်ထားရှိရေး၊ (ဃ) နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိပြီး ဘဝတစ်လျှောက် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး၊ (င) နိုင်ငံတကာပညာရေး အဆင့်ရှိစေရေးအတွက် ခေတ်မီနည်းပညာများကိုအသုံးပြုဆောင်ရွက်ရေး၊ (စ) လူမှုစီးပွားရေးဘဝတွင် လက်တွေ့အသုံးချနိုင်သည့် ပညာရေးဖြစ်စေရေး၊ (ဆ) တက္ကသိုလ်နှင့် ကောလိပ်များသည် လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ဖြင့် ရပ်တည်ရေး၊	၄။ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည် - (က) နိုင်ငံတော်သည် ပညာရေးလွတ်လပ်ခွင့်ကို အာမခံရေး၊ (ခ) ပညာရေးလွတ်လပ်ခွင့်တွင် ကျောင်းသားများလွတ်လပ်ခွင့်၊ ဆရာများလွတ်လပ်ခွင့်၊ သင်ရိုးညွှန်းတမ်းလွတ်လပ်ခွင့်၊ ဘာသာစကားလွတ်လပ်ခွင့်၊ အတွေးအခေါ်လွတ်လပ်ခွင့်၊ ဒေသဆိုင်ရာလွတ်လပ်ခွင့်၊ ကျောင်းများလွတ်လပ်ခွင့်စသည်တို့ ပါဝင်ရေး၊ (ဂ) ပညာရေးမူဝါဒများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများရေးဆွဲအတည်မပြုမီ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူထည့်သွင်းရေး၊ (ဃ) ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ၊ လွတ်လပ်စွာ ဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်ရှိရေး၊ (င) ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှုတို့အတွက် နိုင်ငံသားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ***(မူလဥပဒေပုဒ်မခွဲ (က) ကို (င) အဖြစ်ပြန်လည်အမှတ်စဉ်ခြင်း ဖြစ်သည်။)*** (စ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရေး၊ ***(မူလဥပဒေပုဒ်မခွဲ (ခ) ကို (စ) အဖြစ်ပြန်လည်အမှတ်စဉ်ခြင်း ဖြစ်သည်။)*** (ဆ) ကျောင်းနေအရွယ်ကလေးသူငယ်နှင့် လူငယ်အားလုံးပညာသင်ခွင့်ရရေးအတွက် မသန်စွမ်းသူနိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့်ပညာသင်ယူခွင့်မရရှိသူများကို ပညာရေးအဆင့်တိုင်းတွင် ပညာသင်ယူခွင့်ရရှိစေရန် အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူး

စာမျက်နှာ (၈)သို့

ဥပဒေပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ဇယား

စာမျက်နှာ (၇)မှ

စဉ်	အမျိုးသားပညာရေးဥပဒေ	အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
		ဝန်ဆောင်မှုအစီအစဉ်များ အပါအဝင်လူတိုင်း အကျုံးဝင်ပညာရေးအစီအစဉ်ထားရှိရေး၊
	(ဇ) သင်ယူလိုသူ၏ဆန္ဒကို အခြေခံပြီး သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များ၏ သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးစေရေး၊	(ဇ) နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိပြီး ဘဝတစ်လျှောက် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး၊ ***(မူလဥပဒေပုဒ်မခွဲ (ဃ)ကို (ဇ)အဖြစ် ပြန်လည်အမှတ်စဉ်ခြင်းဖြစ်သည်။)***
	(ဈ) ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ စွက်ဖက်မှုများမှ ကင်းလွတ်စေရေး၊	(ဈ) နိုင်ငံတကာပညာရေး အဆင့်ရှိစေရေးအတွက် ခေတ်မီနည်းပညာများကို အသုံးပြုဆောင်ရွက်ရေး၊ ***(မူလဥပဒေ ပုဒ်မခွဲ (င) ကို (ဈ) အဖြစ် ပြန်လည် အမှတ်စဉ်ခြင်းဖြစ်သည်။)***
	(ည) အခမဲ့မသင်မနေရ **မူလတန်း**ပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေး၊	(ည) လူမှုစီးပွားရေးဘဝတွင် လက်တွေ့အသုံးချနိုင်သည့် ပညာရေးဖြစ်စေရေး၊ ***(မူလ ဥပဒေပုဒ်မခွဲ (စ) ကို (ည)အဖြစ် ပြန်လည်အမှတ်စဉ်ခြင်းဖြစ်သည်။)***
	(ဋ) ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်မှုအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာကျွမ်းကျင်သူများကို အဆင့်လိုက်မွေးထုတ်ရေး၊	(ဋ) တက္ကသိုလ်နှင့် ကောလိပ်များသည်လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ဖြင့် ရပ်တည်ရေး၊ ***(မူလဥပဒေ ပုဒ်မခွဲ (ဆ) ကို (ဋ) အဖြစ် ပြန်လည်အမှတ်စဉ်ခြင်းဖြစ်သည်။)***
	(ဌ) ပညာရေးအဆင့်တိုင်းနှင့် ပညာရပ်နယ်ပယ်အသီးသီးတွင် ပညာရေးအဆင့်အတန်းသတ်မှတ်ပြီး အရည်အသွေးအာမခံမှုရှိသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊	(ဌ) တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့်ဘာသာရပ်နှင့် တက္ကသိုလ်ကို ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခွင့်ရှိရန် တက္ကသိုလ်ဝင်ခွင့်သည် အခြေခံပညာ အထက်တန်းစာမေးပွဲ ရမှတ်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ သင်ယူမည့်ဘာသာရပ်၏ လိုအပ်ချက်အရ ကျောင်းသားများ၏ လေ့လာသင်ယူထားရှိမှုအပေါ် အခြေခံရွေးချယ်ရန်၊ ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များကို တက္ကသိုလ်က ဖြည့်ဆည်းပေးသည့်စနစ်ထားရှိရေး၊
	(ဍ) ပညာရေးဝန်ထမ်းအားလုံး၏ အရည်အသွေးနှင့်လူမှုဘဝမြင့်တင်ရေးကို အလေးထားဆောင်ရွက်စေခြင်းဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ကာ ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်မှုနှင့် ကိုယ်တိုင်တာဝန်ယူတတ်မှုတို့ ဖွံ့ဖြိုးလာမှုတို့အပေါ် မူတည်၍ ဗဟိုချုပ်ကိုင်မှု လျှော့ချသည့်စနစ်ကို ကျင့်သုံးရေး။	(ဍ) ပညာရေးသည် ဘာသာရေးအဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်းတို့၏ လွှမ်းမိုးမှုမှကင်းလွတ်ရမည်။ လွတ်လပ်စွာကိုးကွယ်ခွင့်၊ နိုင်ငံရေးယုံကြည်ခွင့်နှင့် လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားမည်။
		(ဎ) အခမဲ့မသင်မနေရ **အလယ်တန်း**ပညာရေးကို အကောင်အထည်ဖော်ရေး၊
		(ဏ) ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အသွေးမြင့်မားသည့်လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာကျွမ်းကျင်သူများကို အဆင့်လိုက်မွေးထုတ်ရေး၊
		(တ) ပညာရေးအဆင့်တိုင်းနှင့် ပညာရပ်နယ်ပယ်အသီးသီးတွင် ပညာရေးအဆင့်အတန်း သတ်မှတ်ပြီး အရည်အသွေးအာမခံမှုရှိသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊
		(ထ) ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပညာရေးစနစ်ကို ကျင့်သုံးရေး။
၅	**အခန်း (၄)** **အမျိုးသားပညာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**	**အခန်း (၄)** **ဒီမိုကရေစီပညာရေးလွတ်လပ်ခွင့်ကို အာမခံခြင်း** (က) ကျောင်းသားများသည် - (ကက) ကျောင်းသားသမဂ္ဂများကို ကျောင်းသူ/ကျောင်းသားများကိုယ်တိုင် လွတ်လပ်စွာဖွဲ့စည်းထူထောင် လှုပ်ရှားခွင့်ရှိရမည်။ (ခခ) သမဂ္ဂအဆောက်အအုံများကို တက္ကသိုလ်အသီးသီး၏ ပရဝဏ်အတွင်းတွင် တက္ကသိုလ်ရန်ပုံငွေဖြင့် ကျခံတည်ဆောက်ရမည်။ (ဂဂ) အခြေခံပညာပြီးဆုံးသည့် ကျောင်းသူ/သားများအားလုံး အဆင့်မြင့်ပညာကဏ္ဍတွင် လွတ်လပ်စွာ ဘာသာရပ်ရွေးချယ်သင်ယူခွင့်ရှိမည်။ (ဃဃ) ကျောင်းသားများသည် လွတ်လပ်စွာစဉ်းစားတွေးခေါ်ခွင့်၊ လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာရေးသား ထုတ်ဖော်ပြောဆိုခွင့်ရှိသည်။ (ငင) ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည်။ (စစ) ဆရာ၊ ဆရာမများအပေါ် ကျောင်းသူ၊ ကျောင်းသားများ၏ အကဲဖြတ်မှုများကို တက္ကသိုလ်၊ ကျောင်းအုပ်ချုပ်ရေးကောင်စီသို့ တင်သွင်းသည့်အခါ ၎င်းကောင်စီသည် စဉ်းစားဆုံးဖြတ်ပေးရမည်။

စဉ်	အမျိုးသားပညာရေးဥပဒေ	အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
		(ဆဆ) ပညာသင်စရိတ်ခက်ခဲသော ကျောင်းသူ၊ ကျောင်းသားများအတွက် ပညာဆက်လက်သင်ယူနိုင်ရန် ချေးငွေထုတ်ပေးမည့် အစီအစဉ်များ ဆောင်ရွက်မည်။ (ခ) ဆရာ၊ ဆရာမများသည် - (ကက) ဆရာ၊ ဆရာမများသည် ဆရာသမဂ္ဂများနှင့် အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားခွင့်ရှိသည်။ (ခခ) တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များတွင် ဆရာသမဂ္ဂမှ ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည်။ (ဂဂ) သမဂ္ဂအဆောက်အအုံများကို တက္ကသိုလ်အသီးသီး၏ ပရဝဏ်အတွင်းတွင် တက္ကသိုလ်ရန်ပုံငွေဖြင့် ကျခံတည်ဆောက်ရမည်။ (ဃဃ) နှစ်သက်ရာပါတီသို့ ဝင်ရောက်ခွင့် ရှိသည်။ (ငင) လွတ်လပ်စွာသုတေသနပြုခွင့်ရှိ၍ သုတေသနတွေ့ရှိချက်များကို လွတ်လပ်စွာဖော်ထုတ်ပိုင်ခွင့်ရှိသည်။ (စစ) ကျောင်းသားသင်ယူမှု ဖွံ့ဖြိုးမှုအတွက် နည်းစနစ်များကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိသည်။ (ဆဆ) ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် ပြည်တွင်း၊ ပြည်ပတွင် ပညာဆက်လက်သင်ယူရန် အခွင့်အလမ်းရှိသည်။ (ဇဇ) မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာရွေးချယ်လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်။ (ဈဈ) ပညာရေးအဆင့်အသီးသီးတွင် သက်ဆိုင်ရာပညာရပ်များသည် တန်းတူတန်ဖိုးရှိပြီး သင်ကြားနေသော ဆရာ၊ ဆရာမများသည် တန်းတူအခွင့်အရေးရှိသည်။ (ညည) ဆရာဖြစ်နိုင်ရေးအတွက် သန်စွမ်းမှု၊ မသန်စွမ်းမှုအရသော်လည်းကောင်း၊ လူမျိုးရေးအရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း၊ ကျားမဖြစ်ခြင်းအရသော်လည်းကောင်း ခွဲခြားခြင်းမရှိစေရ။ (ဂ) အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီကို ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသော လွတ်လပ်သည့် ပညာရှင်များဖြင့် ဖွဲ့စည်းမည်။ (ကက) အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီသည် ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ လက်ခံသည့် လွတ်လပ်သော ပညာရှင်အနည်းဆုံးပညာရှင် ငါးဦး၊ လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သောပညာရှင်နှစ်ဦး၊ ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်သော ပညာရှင်နှစ်ဦး ပါဝင်ဖွဲ့စည်းမည်။ (ခခ) အမျိုးသား သင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီသည် ပညာရေးရည်မှန်းချက်များကိုအခြေခံ၍ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့် သင်ရိုးညွှန်းတမ်းစံများရေးဆွဲရန် တာဝန်ခံရမည်။ ပညာရေးဝန်ကြီးဌာနမှ လိုလောက်သော ထောက်ပံ့ကူညီမှုပေးရမည်။ (ဂဂ) အမျိုးသားသင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ ဒေသအလိုက်၊ ကျောင်းအလိုက် လွတ်လပ်စွာ ဖွံ့ဖြိုးဆောင်ရွက်နိုင်ခွင့်ရှိရမည်။ (ဃ) သင်ရိုးညွှန်းတမ်းများသည် - (ကက) ကလေးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို မဏ္ဍိုင်ထားသော သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်များဖြစ်ရမည်။ (ခခ) ရှေးဦးသင်ပညာရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း သင်ရိုးညွှန်းတမ်းများသည် တစ်ခုနှင့်တစ်ခု အဆက်အစပ်ရှိရမည်။ (ဂဂ) ဘဝတစ်လျှောက်လုံး အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာ စွမ်းရည်များနှင့် စဉ်းစားတွေးခေါ်မြော်မြင်မှုများ ရရှိစေရမည်။ လက်တွေ့ဘဝနှင့် ကိုက်ညီဆက်စပ်မှုရှိရမည်။ (င) သင်ကြားရေးတွင် ဘာသာစကားသုံးမျိုး စနစ်ဖြစ်သော မိခင်ဘာသာစကား၊ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့ကို အသုံးပြုသင်ကြားမည်။ (ကက) မိခင်ဘာသာစကားကို ရွေးချယ်အသုံးပြုရန်အတွက် ကျောင်းအလိုက် ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှ ဆုံးဖြတ်ခွင့်ရှိသည်။ (ခခ) မိခင်ဘာသာစကားတစ်ခုကို ရွေးချယ်ပြီး ပါက မြန်မာစာနှင့် အင်္ဂလိပ်စာကို ဒုတိယဘာသာစကား လေ့လာနည်းများ အသုံးပြုပြီး ကျန်ဘာသာရပ်များကို မိခင်ဘာသာစကားအဖြစ် သင်ကြားသင်ယူခွင့်ရှိသည်။

စာမျက်နှာ (၉)သို့

ဥပဒေပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ဇယား

စာမျက်နှာ (၈) မှ

စဉ်	အမျိုးသားပညာရေးဥပဒေ	အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း
		(ဂဂ) တိုင်းရင်းသားလူမျိုးများစွာ နေထိုင်သောမြို့ပေါ်ကျောင်းများတွင် ကျောင်းသားများသည် မြန်မာဘာသာစကားကို ကျွမ်းကျင်ပြီးဖြစ်ပါက မြန်မာဘာသာစကားကို မိခင်ဘာသာစကားအဖြစ် အသုံးပြုသင်ကြားမည်။ (ဃဃ) မိခင်ဘာသာစကားကို ရှေးဦးကလေးပညာရေးကဏ္ဍတွင် ၁၀၀ ရာခိုင်နှုန်း၊ မူလတန်းအောက်ဆင့်တွင် ၆၀ ရာခိုင်နှုန်း၊ မူလတန်းအထက်ဆင့်တွင် ၄၀ ရာခိုင်နှုန်း သင်ကြားရန်။ (စ) ဒေသဆိုင်ရာပညာရေးလုပ်ငန်းများနှင့် သက်ဆိုင်သောဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပညာရေးဆိုင်ရာ လူထုအဖွဲ့အစည်းများ၊ လွတ်လပ်သောပညာရှင်များ၊ ဆရာများ၊ မိဘများ၊ ကျောင်းသားများ၊ ဒေသခံများ ပါဝင်ခွင့်ရှိသည်။ (ဆ) တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများသည် ပညာရေးဆိုင်ရာလုပ်ငန်းများကို လွတ်လပ်စွာစီမံခန့်ခွဲခွင့်ရှိသည်။ (ကက) တက္ကသိုလ်ကျောင်းများ၏ စီမံခန့်ခွဲရေးကို တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူဆောင်ရွက်မည်။ (ခခ) တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတွင် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များ၊ လွတ်လပ်သော ပညာရှင်များ ပါဝင်သည်။ (ဂဂ) တက္ကသိုလ်အချင်းချင်း ပေါင်းစပ်ညှိနှိုင်းရန်လိုအပ်ပါက တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီအချင်းချင်း ညှိနှိုင်းဆောင်ရွက်မည်။ (ဃဃ) ကျောင်းများ၏ စီမံခန့်ခွဲရေးကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ယူဆောင်ရွက်မည်။ (ငင) ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းအုပ်ကြီး၊ ဆရာသမဂ္ဂ ကိုယ်စားလှယ်၊ ကျောင်းသားမိဘကိုယ်စားလှယ်နှင့် ရပ်ရွာမှလေးစားကြည်ညိုသူများ ပါဝင်သည်။ (စစ) ကျောင်းအုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ကျောင်းသားလက်ခံခြင်း၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများခန့်ထားခြင်း၊ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးရန် ဆောင်ရွက်ခြင်း၊ မိခင်ဘာသာစကားသင်ကြားရန် ရွေးချယ်ဆုံးဖြတ်ခြင်း၊ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးခြင်း၊ ဘဏ္ဍာငွေစီမံခန့်ခွဲခြင်းနှင့် ကျောင်းအဆောက်အအုံ ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်မည်။
၆	၁၆။(ဂ) ပုဒ်မခွဲ (က) ပါ ပညာရေးအဆင့်တစ်ခုပြီးမြောက်မှုအတွက် သင်ယူတတ်မြောက်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်ရမည်။	၁၆။(ဂ) အခြေခံပညာကျောင်းများတွင် သင်ယူမှုဖြစ်စဉ်အတွင်း စစ်ဆေးသောသင်ယူမှုကို အားပေးမြှင့်တင်သည့် သင်ယူမှုဖြစ်စဉ်အတွင်း သင်ယူမှုကို အားပေးသော စစ်ဆေးနည်းစနစ် ကျင့်သုံးမည်။ (ဃ)အလွတ်ကျက်၊ အလွတ်ဖြေရသည့် မှတ်မိခြင်းကို စစ်ဆေးသည့်စာမေးပွဲစနစ်များကို ဖျက်သိမ်းမည်။ (င) တက္ကသိုလ်များတွင်လည်း အလွတ်ကျက်ဖြေဆိုရသည့် စာမေးပွဲများအစား ကျောင်းသားများ၏ လုပ်ဆောင်ချက်များ၊ စာတမ်းများ တင်ပြမှုများ၊ သုတေသနလေ့လာမှုများအပေါ် အခြေခံစစ်ဆေးမည်။ (စ) ရလဒ်တစ်ခုတည်းအပေါ် စစ်ဆေးတိုင်းတာခြင်းထက် သင်ယူမှုဖြစ်စဉ် တိုးတက်မှုကို ထည့်သွင်းစစ်ဆေးမည်။ ***(ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) တို့ကို အသစ်ထပ်မံဖြည့်စွက်ခြင်းဖြစ်ပါသည်။)***
၇	၁၇။ အခမဲ့မသင်မနေရ မူလတန်းပညာရေးကိုဦးတည်ဖော်ဆောင်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရမည်။ **အခန်း (၅)** **အမျိုးသားပညာရေးစနစ်**	၁၇။ အခမဲ့မသင်မနေရ အလယ်တန်းပညာရေးကို ဆောင်ရွက်မည်။ **အခန်း (၅)** **အမျိုးသားပညာရေးစနစ်**
၈	၁၉။ အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြားရမည်။	၁၉။ မြန်မာနိုင်ငံတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ၏ ကလေးများအတွက် မိခင်ဘာသာစကားအခြေပြုဘာသာစကားစုံ သင်ကြားရေးစနစ်ကို ရှေးဦးကလေးသူငယ်ပညာရေးမှစ၍ ကျင့်သုံးမည်။
၉	၂၀။(ဂ) နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့၏ အနှစ်သာရများကို တန်ဖိုးထား၍ တိုင်းရင်းသားအားလုံးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ဆရာများကို မွေးထုတ်ရမည်။	၂၀။(ဂ) နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့၏ အနှစ်သာရများကို တန်ဖိုးထား၍ တိုင်းရင်းသားအားလုံးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပံ့ပိုးရမည်။ (ဃ)မသန်စွမ်းသူများကို သင်ကြားပေးနိုင်သည့် ဆရာ၊ ဆရာမများ လေ့ကျင့်သင်ကြားပေးမည်။ ***(အသစ်ဖြည့်စွက်ချက်ဖြစ်ပါသည်။)***
၁၀	၂၁။ နည်းပညာနှင့် သက်မွေးပညာရေးကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်သည်- (က) မူလတန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော အခြေခံအဆင့်၊ နည်းပညာနှင့် သက်မွေးပညာရေး၊ (ခ) အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော အလယ်တန်းအဆင့် နည်းပညာနှင့် သက်မွေးပညာရေး၊ (ဂ) အခြေခံပညာ အထက်တန်းအဆင့် အောင်မြင်သူများ တက်ရောက်နိုင်သော ဘွဲ့ကြိုဒီပလိုမာအဆင့်နည်းပညာနှင့် သက်မွေးပညာရေး၊	ပုဒ်မခွဲ (က) ကို ပယ်ဖျက်သည်။ (ခ) အလယ်တန်းအဆင့် ပြီးမြောက်သူများနှင့် ညီမျှသည့် အရည်အချင်းရှိသူများ တက်ရောက်နိုင်သော အလယ်တန်းအဆင့် နည်းပညာနှင့် သက်မွေးပညာရေး၊ (ဂ) အခြေခံပညာအထက်တန်းအဆင့် ပြီးမြောက်သူများနှင့် ညီမျှသည့် အရည်အချင်းရှိသူများ တက်ရောက်နိုင်သော ဘွဲ့ကြိုဒီပလိုမာအဆင့် နည်းပညာနှင့် သက်မွေးပညာရေး၊

စဉ်	အမျိုးသားပညာရေးဥပဒေ	အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း
၁၁	၂၂။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၂၁ ပါပညာရေးအဆင့်များ၏ သင်ရိုးညွှန်းတမ်း၊ သင်တန်းကာလ အပ်နှင်းမည့် ဒီပလိုမာနှင့် အောင်လက်မှတ်အမျိုးအစားများကို သက်ဆိုင်ရာသင်တန်းပေါ်မူတည်၍ သတ်မှတ်ရမည်။	၂၂။ ပုဒ်မ ၂၁ ပါ ပညာရေးအဆင့်များတွင် သင်ရိုးညွှန်းတမ်း၊ အရည်အသွေးနှင့် အပ်နှင်းမည့် ဒီပလိုမာနှင့် အောင်လက်မှတ်အမျိုးအစားတို့ကို အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီမှ သတ်မှတ်မည်။
၁၂	၂၄။ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျောင်းများနှင့် သင်တန်းများကို **သက်ဆိုင်ရာ** ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ကျောင်းများနှင့် သင်တန်းများအဖြစ် ထူထောင်ရမည်။	၂၄။ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျောင်းများနှင့် သင်တန်းများကို ဤဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ကျောင်းများနှင့် သင်တန်းများအဖြစ် ထူထောင်ရမည်။
၁၃	၂၇။ ကော်မရှင်သည် အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာရပ်တည်သော အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းပေးရမည်။	၂၇။ တက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်ပါက တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီအချင်းချင်း ညှိနှိုင်းဆောင်ရွက်မည်။
၁၄	၂၈။ အဆင့်မြင့်ပညာသင်ကြားရေးကို အကောင်အထည်ဖော်သည့် ကျောင်းများသည် - (က)သုတေသနနှင့် ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်။ (ခ) သင်ယူသူများအား ယင်းတို့၏ ဆန္ဒကို အခြေခံပြီး သက်ဆိုင်ရာကျောင်းက သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ သင်ယူလိုသောပညာရပ်နှင့် ကျောင်းတို့ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။ **အခန်း (၆)** **ကျောင်းအမျိုးအစား**	၂၈။ တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့်ဘာသာရပ်နှင့် တက္ကသိုလ်ကို ကျောင်းသားကိုယ်တိုင်ဆုံးဖြတ်ရွေးချယ်ခွင့်ရှိရန် တက္ကသိုလ်ဝင်ခွင့်သည် အခြေခံအထက်တန်းစာမေးပွဲရမှတ်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ သင်ယူမည့်ဘာသာရပ်လိုအပ်ချက်အရ ကျောင်းသားများ၏ လေ့လာသင်ယူထားရှိမှုအပေါ် အခြေခံရွေးချယ်ရန်နှင့် ကျောင်းသား၏ ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များကို တက္ကသိုလ်က ဖြည့်ဆည်းပေးသည့်စနစ်ထားရှိရန် ဖြစ်သည်။ **အခန်း (၆)** **ကျောင်းအမျိုးအစား**
၁၅	၃၄။ ကျောင်းအမျိုးအစားကို အောက်ပါအတိုင်း သတ်မှတ်သည် - (ဆ) အထူးပညာရေးအစီအစဉ်ကျောင်းများ၊	၃၄။ ကျောင်းအမျိုးအစားကို အောက်ပါအတိုင်း သတ်မှတ်သည် - (ဆ) အထူးကျောင်းများ၊ (ည) အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ၊ ***(ပုဒ်မခွဲ(ည)ကို အသစ်ဖြည့်စွက်ခြင်းဖြစ်ပါသည်။)***
၁၆	၃၅။ အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့်သက်မွေးပညာကျောင်း၊ အဆင့်မြင့်ပညာရေးအဆင့်တန်းရှိသောကျောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများနှင့် နိုင်ငံခြားတက္ကသိုလ်တစ်ခုခု၏ ကျောင်းခွဲများဖွင့်လှစ်ခြင်းသည် ဤဥပဒေ သို့မဟုတ် တည်ဆဲပညာရေးဥပဒေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိစေရမည်။	၃၅။ အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့် သက်မွေးပညာကျောင်း၊ အဆင့်မြင့်ပညာရေးအဆင့်တန်းရှိသော ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများနှင့် နိုင်ငံခြားတက္ကသိုလ်တစ်ခုခု၏ ကျောင်းခွဲများ ဖွင့်လှစ်ခြင်းသည် ဤဥပဒေနှင့် ကိုက်ညီမှုရှိစေရမည်။
၁၇	၃၆။ ဤဥပဒေနှင့် သက်ဆိုင်ရာပညာရေးဥပဒေတို့အရ တရားဝင်ကျောင်းတည်ထောင်ခွင့်ရရှိသောကျောင်းမှ တာဝန်ရှိသူကသာ သင်တန်းဆင်းလက်မှတ်၊ အောင်လက်မှတ်၊ ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ကို ထုတ်ပေးပိုင်ခွင့်ရှိသည်။	၃၆။ ပုဒ်မ ၃၄ တွင် ဖော်ပြထားသောကျောင်းများသည် သင်တန်းဆင်းလက်မှတ်၊ ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာအောင်လက်မှတ်တို့ကို ထုတ်ပေးပိုင်ခွင့်ရှိသည်။
၁၈	၃၇။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် မသန်စွမ်းသူများအတွက် အထူးပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးသောကျောင်းများ ထူထောင်နိုင်ရန် စီစဉ်ပေးရမည်။ ပုဂ္ဂလိက သို့မဟုတ် လူမှုရေးအဖွဲ့အစည်းများက ဖွင့်လှစ်လိုပါက စိစစ်ခွင့်ပြုနိုင်သည်။	၃၇။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် - (က) မသန်စွမ်းသူများအတွက် ပညာသင်ယူသည့် အဆင့်တိုင်းတွင် အများနည်းတူ တန်းတူပညာသင်ကြားနိုင်ရေးအတွက် လိုအပ်နေသော အစီအမံများ၊ အထောက်အကူပြုပစ္စည်းကိရိယာများ၊ သင်ကြားနည်းစနစ်များ၊ သင့်လျော်သော ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမှုများကို ပြုလုပ်ပေးရမည်။ မသန်စွမ်းသူများအတွက် အတားအဆီးမရှိသော ကျောင်းပတ်ဝန်းကျင် ဖန်တီးပေးရမည်။ (ခ) ပင်မပညာရေးစနစ်ဖြင့် သင်ကြားနိုင်ရန် ခက်ခဲသည့် မသန်စွမ်းသူများအတွက် အထူးပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးသောကျောင်းများ ထူထောင်နိုင်ရန် စီစဉ်ပေးရမည်။ ပုဂ္ဂလိက၊ လူမှုရေးအဖွဲ့အစည်းများနှင့် မသန်စွမ်းအသင်းအဖွဲ့များကဖွင့်လှစ်လိုပါက ဖွင့်လှစ်နိုင်သည်။
၁၉	၃၈။ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည်- (က) ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့မသင်မနေရ မူလတန်းပညာရေး ပြီးမြောက်စေရေးအတွက် ရွှေ့လျားကျောင်းများ တည်ထောင်နိုင်ရန် စီစဉ်ပေးရမည်။ (ခ) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော၊ နယ်မြေအေးချမ်းမှုမရှိသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ်ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့် ပညာရေးအထူးဝန်ဆောင်မှုကို စီစဉ်ပေးရမည်။ **အခန်း (၇)** **သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးညွှန်းတမ်းစံ သတ်မှတ်ခြင်း**	၃၈။ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်၍ - (က) ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့မသင်မနေရ အလယ်တန်းပညာရေး ပြီးမြောက်စေရေးအတွက် ရွှေ့လျားကျောင်းများ တည်ထောင်နိုင်ရန် စီစဉ်ပေးရမည်။ (ခ) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော၊ နယ်မြေအေးချမ်းမှုမရှိသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ် ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့် ပညာရေးအထူးဝန်ဆောင်မှုကို စီစဉ်ပေးရမည်။ **အခန်း (၇)** **သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးညွှန်းတမ်းစံ သတ်မှတ်ခြင်း**
၂၀	၃၉။ **ကော်မရှင်**သည် သင်ရိုးညွှန်းတမ်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များ ပါရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည် - (ဆ) ပုဒ်မခွဲ (စ) ပါသင်ရိုးညွှန်းတမ်းစံကို အခြေခံ၍သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကိုဒေသအလိုက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိရေး၊	၃၉။ **အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီ** သည် သင်ရိုးညွှန်းတမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များပါရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည် - (ဆ) သင်ရိုးညွှန်းတမ်းစံကိုအခြေခံ၍ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို ဒေသအလိုက်၊ ကျောင်းအလိုက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိရေး၊
၂၁	၄၀။ ကျောင်းများသည် ပညာရေးစီမံကိန်းပြုပြင်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် နိုင်ငံ	၄၀။ (က) အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေး ကော်မတီကို အောက်ပါအတိုင်း အဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းမည်-

စာမျက်နှာ (၈)သို့

စာမျက်နှာ (၁၀) သို့

ဥပဒေပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ဇယား

စာမျက်နှာ (၉) မှ

စဉ်	အမျိုးသားပညာရေးဥပဒေ	အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း
	တော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၏ လိုအပ်ချက်ကို အခြေခံ၍ သင်ရိုးညွှန်းတမ်းများကို တည်ဆဲဥပဒေနှင့်အညီ ပြောင်းလဲမြှင့်တင်နိုင်ခွင့်ရှိသည်။	(ကက) ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ အဆိုပြုထောက်ခံတင်ပြသည့် လွတ်လပ်သော ပညာရှင် အနည်းဆုံးငါးဦး၊ (ခခ) လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သော ပညာရှင်နှစ်ဦး၊ (ဂဂ) ပညာရေးဝန်ကြီးဌာနက ခန့်အပ်သော ပညာရှင်နှစ်ဦး။ (ခ) အဆိုပါကော်မတီသည် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် သင်ရိုးညွှန်းတမ်းစံများ ရေးဆွဲရန် တာဝန်ခံရမည်။ (ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်ကို ခံစားခွင့်ရှိသည်။ (ဃ) ကော်မတီနှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။ (င) ကော်မတီနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။ (စ) ကော်မတီသည် အမျိုးသားပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ လိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။
၂၂	၄၁။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည်- (က)အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းစံများကို **ကော်မရှင်**၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။ (ခ) မသန်စွမ်းသူများ၊ အမြင်အာရုံချို့တဲ့သူများ၊ အကြားအာရုံချို့တဲ့သူများ၊ ဉာဏ်ရည်ချို့တဲ့သူများနှင့် မတူကွဲပြားသင်ယူသူများအတွက် သင်ကြားရမည့် အထူးပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်းအတည်ပြုပြဋ္ဌာန်းပေးရမည်။	၄၁။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် - (က) အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းစံများကို **အမျိုးသား သင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီ**၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။ (ခ) မသန်စွမ်းသူများအတွက် သင်ကြားရမည့် အထူးပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာ ပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်းအတည်ပြု ပြဋ္ဌာန်းပေးရမည်။
၂၃	၄၂။ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့သည်- (က) အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန် ဆက်သွယ်ကူးပြောင်း သင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။	၄၂။ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့သည် - (က) အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန် ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် ကူညီဆောင်ရွက်ရမည်။
၂၄	၄၃။ (က)သင်ကြားရေးတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်ဘာသာတွဲ၍ဖြစ်စေ သင်ကြားနိုင်သည်။ (ခ) အခြေခံပညာအဆင့်တွင် လိုအပ်ချက်ရှိလျှင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ သင်ကြားမှုဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။	၄၃။ ပယ်ဖျက်မည်။
၂၅	၄၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားသင်ယူမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှစတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်နိုင်သည်။	၄၄။ ပယ်ဖျက်မည်။
၂၆	၄၆။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ဤဥပဒေနှင့် သက်ဆိုင်ရာပညာရေးဥပဒေတို့အရ ဖွင့်လှစ်တည်ထောင်ထားသော မည်သည့်ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့် ညီညွတ်ပါက မိမိကလေးကို ကျောင်းအပ်ပိုင်ခွင့်ရှိသည်။	၄၆။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိကလေးကို မည်သည့်ကျောင်းတွင်မဆို အပ်ပိုင်ခွင့်ရှိသည်။
၂၇	၄၇။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေး၏ ပညာရည်မြင့်မားစေရန်နှင့် စဉ်ဆက်မပြတ်သင်ယူမှု အခွင့်အလမ်းရှိစေရန် ဆရာ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။	၄၇။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေး၏ ပညာရည်မြင့်မားစေရန်နှင့် စဉ်ဆက်မပြတ်သင်ယူမှု အခွင့်အလမ်းရရှိစေရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။
၂၈	၄၉။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များသည် - (က)ပညာရေးနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ လမ်းညွှန်ကူညီပံ့ပိုးရမည်။ (ဂ) ထူးချွန်သူများကို ထူးချွန်မှုအလိုက် ချီးမြှင့်သည့် အစီအမံများထားရှိရမည်။ (ဃ)ပညာထူးချွန်၍ ပညာသင်ယူရန် အခက်အခဲရှိသူများအတွက် ဆက်လက်သင်ယူနိုင်ရေး အစီအစဉ်ကို ဖော်ဆောင်ပေးရမည်။ (စ) ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများကို တည်ဆဲဥပဒေနှင့်အညီ လွတ်လပ်စွာစီမံခန့်ခွဲခွင့်ရှိစေရမည်။	၄၉။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များသည် - (က)ပညာရေးနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ကူညီပံ့ပိုးရမည်။ (ဂ) ပယ်ဖျက်သည်။ (ဃ)ပညာသင်ယူရန် အခက်အခဲရှိသူများနှင့် မသန်စွမ်းသူများအတွက် ဆက်လက်ပညာသင်ယူနိုင်ရေးအစီအစဉ်ကို ဖော်ဆောင်ပေးရမည်။ ပြင်ပမှ ကူညီဆောင်ရွက်ခြင်းကို ခွင့်ပြုနိုင်သည်။ (စ) ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများကို ဤဥပဒေနှင့်အညီ လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိစေရမည်။ (ဈ) နိုင်ငံတော်သည် ကလေးများကို ကျောင်းနေအရွယ်တွင် အခမဲ့မသင်မနေရ ပညာရေးပြီးမြောက်သည်အထိ တာဝန်ယူပံ့ပိုးပေးရမည်။ ***(ပုဒ်မခွဲ (ဈ)ကို အသစ်ဖြည့်စွက်ခြင်း ဖြစ်ပါသည်။)***
	အခန်း (၉) **ဆရာများ**	**အခန်း (၉)** **ဆရာများ**
၂၉	၅၁။ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် သင်တန်းကျောင်းအသီးသီးမှ ဆရာများ၏ အဆင့်နှင့်လျော်ညီသော အရည်အချင်းများကို ပညာရေးဆိုင်ရာ ဥပဒေများတွင် သီးခြားသတ်မှတ်၍ ပြဋ္ဌာန်းရမည်။	၅၁။ ပယ်ဖျက်သည်။
၃၀	၅၂။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ အရည်အသွေးမြင့်မားစေရေးနှင့် နိုင်ငံတကာအတွေ့အကြုံရရှိစေရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည်။	၅၂။ ပယ်ဖျက်သည်။
၃၁	၅၃။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ တာဝန်နှင့် အခွင့်အရေးများကို သတ်မှတ်ပေးရမည်။	၅၃။ တက္ကသိုလ်ကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များသည် ဆရာများ၏ တာဝန်နှင့် အခွင့်အရေးများကို သတ်မှတ်ပေးရမည်။
	အခန်း (၁၀) **အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု**	**အခန်း (၁၀)** **အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု**
၃၂	၅၄။ (ခ)ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့် အတွင်းအရည်အသွေးစစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်နှင့် ပြင်ပမှ အရည်အသွေးစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်တို့ ပါဝင်ရမည်။	၅၄။ (ခ) အရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့်ကျောင်းတွင်း အရည်အသွေးစစ်ဆေးအကဲဖြတ်လုပ်ငန်းစဉ်နှင့် ကျောင်းပြင်ပအရည်အသွေးစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်တို့ ပါဝင်ရမည်။
၃၃	၅၅။ ကော်မရှင်သည် ပုဒ်မ ၅၄ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။	၅၅။ (က) ပုဒ်မ ၅၄ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီကိုအောက်ပါအတိုင်းအနည်းဆုံး ၉ ဦးဖြင့် လွတ်လပ်သောအဖွဲ့အဖြစ် ဖွဲ့စည်းရမည်- (ကက) ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများမှ အသိအမှတ်ပြုသော လွတ်လပ်သည့် ပညာရှင်များ အနည်းဆုံးငါးဦး၊ (ခခ) ပညာရေးဝန်ကြီးဌာနမှခန့်အပ်သော ပညာရှင်များနှစ်ဦး၊ (ဂဂ) လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သော ပညာရှင်နှစ်ဦး။ (ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီအဖွဲ့ဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်ကို ခံစားခွင့်ရှိသည်။ (ဂ) အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။ (ဃ)အမျိုးသားပညာရည် အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။ (င) အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီသည် အမျိုးသားပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ လိုအပ်သော အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။
	အခန်း (၁၁) **ပညာရေးစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှု**	**အခန်း (၁၁)** **ပညာရေးစီမံခန့်ခွဲမှု**
၃၄	၅၆။ (က)ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆင့်မြင့် ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီတို့သည် သက်ဆိုင်ရာအဆင့်မြင့်ပညာကျောင်းများကို ဤဥပဒေ၊ တည်ဆဲဥပဒေတို့နှင့်အညီ စီမံခန့်ခွဲရမည်။ (ခ) ပုဒ်မခွဲ (က)ပါ ကျောင်းများမှအပ နိုင်ငံတစ်ဝန်းရှိ ပညာရေးစနစ်တစ်ခုလုံး၏ ပညာရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက တာဝန်ခွဲဝေဆောင်ရွက်ရမည်။	၅၆။ (က)တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာကျောင်းများကို ဤဥပဒေနှင့်အညီ စီမံခန့်ခွဲရမည်။ (ခ) ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ကူညီပံ့ပိုးရမည်။
၃၅	၅၇။ (က)အခြေခံပညာအဆင့်ကျောင်းများ၏ စီမံခန့်ခွဲမှုနှင့်ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည်။ (ခ) ထူးခြားသောလုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သာသနာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများအားလုံးသည် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည်။ (ဂ) အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီသည် တက္ကသိုလ်နှင့် ကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ ပေါင်းစပ်ဖြည့်ဆည်းညှိနှိုင်း ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်။ (ဃ)အဆင့်မြင့်ပညာကျောင်းများတွင် မိမိတို့၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များကို သက်ဆိုင်ရာပညာရေးဥပဒေတို့နှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည်။	၅၇။ ပယ်ဖျက်သည်။
၃၆	၅၈။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-	၅၈။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

စာမျက်နှာ (၁၁) သို့

ဥပဒေပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ဇယား

စာမျက်နှာ (၁၀)မှ

စဉ်	အမျိုးသားပညာရေးဥပဒေ	အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း
	(က) ပညာရေး အရည်အသွေးမြင့်မားရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့် ယင်းတို့ကို အကောင်အထည်ဖော်မည့်စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း ချမှတ်ခြင်းကို အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူခြင်းနှင့် အကောင်အထည်ဖော်မှုကို ပံ့ပိုးခြင်း၊ (ခ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့် သက်ဆိုင်သည့် ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ပြည်သူလူထုထံ ကျယ်ပြန့်စွာသိရှိစေရန် ဆောင်ရွက်ခြင်း၊ (င) ပညာရေးအတွက် လျာထားသည့် ရသုံးဘဏ္ဍာငွေများကို ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် လမ်းညွှန်ခြင်း၊ ကူညီပံ့ပိုးပေးခြင်း၊ (ဆ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း၊	(က) ပညာရေးအရည်အသွေးမြင့်မားရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်သည့် စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံချက်ကို ပံ့ပိုးခြင်း၊ (ခ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ရေးဆွဲရာတွင် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာလူထုအဖွဲ့အစည်းများ၏ အကြံပြုချက်များကိုရယူပြီး ပြည်သူလူထုထံ ကျယ်ပြန့်စွာသိရှိစေရန် ဆက်လက်ဆောင်ရွက်ခြင်း၊ (င) ပညာရေးအတွက် လျာထားသည့် ရသုံးဘဏ္ဍာငွေများကို ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် ကူညီပံ့ပိုးပေးခြင်း၊ (ဆ) ပယ်ဖျက်သည်။
၅၇	၆၀။ **ကော်မရှင်**သည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအားကြီးကြပ်ရန် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။	၆၀။ **ဝန်ကြီးဌာန**သည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအတွက် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးမည်။ ကြီးကြပ်ရေးအဖွဲ့တွင် ပုဂ္ဂလိကကျောင်းများမှ အသိအမှတ်ပြုသော ပညာရှင်များ ပါဝင်ရမည်။
	အခန်း (၁၂) **ဘဏ္ဍာရေး**	**အခန်း (၁၂)** **ဘဏ္ဍာရေး**
၅၈	၆၂။ သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။	၆၂။ (က) နိုင်ငံ၏ပညာရေးအသုံးစရိတ်ကို ငါးနှစ်အတွင်း တစ်နိုင်ငံလုံးအသုံးစရိတ်၏ ၂၀ ရာခိုင်နှုန်း အနည်းဆုံးသုံးစွဲမည်။ (ခ) သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။
၅၉	၆၃။ သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် - (က) ပုဒ်မ ၆၂ အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် ထိရောက်စွာ သုံးစွဲရမည်။ (ခ) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းနှင့်အညီ သုံးစွဲပြီး စာရင်းဇယားမှတ်တမ်းများကို စေတနာရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။ (ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။	၆၃။ ပညာရေးအဆင့်ဆင့်နှင့်ကျောင်းများသည် - (က) ဘဏ္ဍာငွေများ ခွဲဝေသုံးစွဲရာတွင် ပညာရေးကဏ္ဍနှင့် သက်ဆိုင်သူများဖြင့် တိုင်ပင်ဆွေးနွေးမှုရှိရမည်။ (ခ) ငွေစာရင်းစစ်ဆေးရာတွင် အသိအမှတ်ပြု ပြင်ပစာရင်းစစ်အဖွဲ့များ၏ စစ်ဆေးမှုကို ခံယူရမည်။ (ဂ) ဘဏ္ဍာရေးအစီရင်ခံစာများကို အလှူရှင်များနှင့် အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာရမည်။
၆၀	၆၄။ (ခ) အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် သက်ဆိုင်သော အဆင့်မြင့်ကျောင်းများသည် ကိုယ်ပိုင်ရန်ပုံငွေ ရှာဖွေထူထောင် ဆောင်ရွက်ခွင့်ရှိသည်။	၆၄။ (ခ) တက္ကသိုလ် ကောလိပ်နှင့် ကျောင်းများသည် ကိုယ်ပိုင်ရန်ပုံငွေရှာဖွေထူထောင် ဆောင်ရွက်ခွင့်ရှိသည်။ (ဂ) တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာတက္ကသိုလ်နှင့် ကျောင်းများအတွက် နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။ ***(ပုဒ်မခွဲ (ဂ)ကို အသစ်ဖြည့်စွက်ခြင်းဖြစ်ပါသည်။)***

စဉ်	အမျိုးသားပညာရေးဥပဒေ	အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း
၆၁	၆၅။ ကော်မရှင်သည်- (က) မိမိဖွဲ့စည်းထားသော ကော်မတီနှင့် အဖွဲ့များ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။ (ခ) မိမိဖွဲ့စည်းထားသော ကော်မတီနှင့်အဖွဲ့များတွင် ပါဝင်သည့် ပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။	၆၅။ ပယ်ဖျက်သည်။
	အခန်း (၁၃) **ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ**	**အခန်း (၁၃)** **ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ**
၆၂	၆၆။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ကျောင်းအားလုံးသည် ဤဥပဒေစတင်အာဏာတည်သည့်နေ့မှ ငါးနှစ်ကာလအတွင်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ပြီး ဖြစ်ရမည်။	၆၆။ (က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ကျောင်းအားလုံးသည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှ ငါးနှစ်ကာလအတွင်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ရမည်။ (ခ) အသွင်ကူးပြောင်းရေးကာလတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် နစ်နာဆုံးရှုံးမှုရှိသူတိုင်း ဘဝတစ်လျှောက်လုံး ပညာသင်ယူခွင့်ရှိစေရမည်။ (ဂ) အသွင်ကူးပြောင်းရေးကာလတွင် အလယ်တန်းမသင်မနေရပညာရေးကို ပြဋ္ဌာန်းရာ၌ မိဘများကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် နိုင်ငံတော်က ဆောင်ရွက်ပေးမည်။ (ဃ) အသွင်ကူးပြောင်းရေးကာလတွင် သင်ယူမှုဖြစ်စဉ်အတွင်း သင်ယူမှုကို အားပေးသည့် စစ်ဆေးနည်းကို ဦးစားပေး၍ သင်ယူမှုအဆုံးသတ် စစ်ဆေးနည်းကို ပူးတွဲကျင့်သုံးမည်။
၆၃	၆၈။ (ခ) ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များက ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဈ)တွင် အကျုံးဝင်သောကျောင်းများကို ဖွင့်လှစ်လိုလျှင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။	၆၈။ (ခ) ပယ်ဖျက်သည်။
၆၄	၆၉။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် - (က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။ (ခ) ကော်မရှင်နှင့် ကော်မရှင်က ဖွဲ့စည်းပေးသည့် ကော်မတီနှင့်အဖွဲ့များ၊ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဦးစီးဌာနများသည် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။	၆၉။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများကို ထုတ်ပြန်ရာတွင် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူထည့်သွင်းရမည်။ ၇၀။ မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့် သက်ဆိုင်သည့်ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ပြည်သူလူထုမှ သိရှိရယူနိုင်သည်။

သဘာဝအခြေပြုခရီးသွားလုပ်ငန်းဖွံ့ဖြိုးစေရေး ချင်းပြည်နယ်တွင် ဟိုတယ်များလိုအပ်

ဟားခါး ဖေဖော်ဝါရီ ၁၈

ချင်းပြည်နယ်အတွင်းသို့ ကမ္ဘာလှည့်ခရီးသည်များ တရားဝင်သွားရောက်လည်ပတ်ခွင့် ပြုလိုက်ခြင်းကြောင့် ယခုနှစ်ခရီးသွားဧည့်သည်အဝင်မှာ ယခင်နှစ်ထက် ပိုမိုမြင့်တက်လာသော်လည်း ဝင်ရောက်လာသောခရီးသည်များ လုံလောက်စွာတည်းခိုနိုင်သော ဟိုတယ်မရှိသေးကြောင်း၊ ချင်းပြည်နယ်၌ ပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာသော်လည်း သဘာဝအခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဟိုတယ်ကဏ္ဍ၌ လိုအပ်ချက်များ ရှိနေသေးကြောင်း သိရသည်။

"ချင်းပြည်နယ်ကို ဧည့်သည်တွေလာမယ်ဆိုရင် တည်းခိုဖို့နေရာက အလုံအလောက်မရှိဘူး။ အများအားဖြင့် နိုင်ငံခြားခရီးသွားတွေက ပက်ကေ့ချ်တိုးနဲ့ဆိုတော့ အုပ်စုလိုက်လာတာများတယ်၊ အဲဒီလိုလာရင် ဧည့်သည်အယောက်တစ်ရာလောက် တည်းခိုဖို့ ဟိုတယ်တွေကလိုနေသေးတယ်။ ချင်းတောင်ပေါ် အထင်ကရနေရာတွေဖြစ်တဲ့ နတ်မတောင်၊ ကနေဒီတောင်၊ ရှာလ်လုမ်းခံတပ်၊ တီးမစ်လွှင်ပြင်ဒေသနဲ့ ရိဒ်ရေအိုင်တို့ကိုလည်း အလွန်စိတ်ဝင်စားပြီး သွားချင်ကြတယ်။ အခုတရားဝင်သွားလာခွင့်ရပြီဆိုပေမယ့် ဟိုတယ်ခန်းမလုံလောက်တော့ တည်းခိုနေထိုင်ရေးတွေက အခက်အခဲတွေ တော်တော်များများရှိတယ်" ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ချင်းပြည်နယ်အတွင်း သဘာဝအခြေပြု ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်နိုင်ရန် နတ်မတောင်အမျိုးသားဥယျာဉ်၊ ဘုံတလာရေတံခွန်၊ ရိဒ်ရေကန်အစရှိသည့် သဘာဝအလှတရားများ ရှိနေသော်လည်း လက်ရှိတွင် ဧည့်သည်များတည်းခိုနေနိုင်မည့် ဟိုတယ်အနည်းငယ်သာရှိကြောင်း၊ သဘာဝအခြေပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် တည်းခိုစရာ ဟိုတယ်၊ အဆောက်အအုံများအပြင် ကျွမ်းကျင်ဝန်ထမ်းများနှင့် ခရီးသွားများ၏ လုံခြုံရေးအတွက်လည်း သေချာစီစဉ်ပေးရန် လိုနေသေးကြောင်း၊ ချင်းပြည်နယ်ရှိ နတ်မတောင်တွင် ကမ္ဘာပေါ်၌ ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ငှက်များ၊ လိပ်ပြာများရှိ၍ နိုင်ငံခြားခရီးသွားများအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်နေကြောင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘေးထွက်ဆိုးကျိုးများလည်း ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ကာကွယ်ထိန်းသိမ်းရန်လိုကြောင်း ခရီးသွားပြည်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

နေစု(ချင်းရိုးမ)

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာ မူလတန်းကျောင်းတွင် ဖေဖော်ဝါရီ ၁၇ ရက်က ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအတွက် ဆုပေးပွဲကျင်းပစဉ်။ အိမ့်ထက်မျိုး

ပြည်တွင်းသတင်း

ကြက်ခြေနီအမှတ်အသားကို သိလျက်နဲ့ ပစ်ခတ်တာဟာ ပြစ်မှုကျူးလွန်တယ်လို့ ဆိုရမှာဖြစ်

မေး/ရေး - မိုးသူဇာစိုး

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အမှုဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်လှနှင့် တွေ့ဆုံခြင်း

ဖေဖော်ဝါရီ ၁၇ ရက်က ရှမ်းပြည်နယ် ကွမ်းလုံမြို့နယ်၊ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်ကြား၌ လောက်ကိုင်မြို့နယ်မှ နေရပ်ပြန်သူများအား လူသားချင်းစာနာမှု အထောက်အကူများ ပေးလျက်ရှိသည့် ကြက်ခြေနီအမှတ်အသား ထင်ရှားစွာ ဖော်ပြထားသော ယာဉ်တန်းကို လက်နက်ကိုင်အဖွဲ့မှ ချောင်းမြောင်းပစ်ခတ်မှုကြောင့် ကွမ်းလုံမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တပ်စုမှူး ဦးမိုးကျော်သန်းနှင့် တပ်သား ဦးဇော်မင်းထိုက်တို့နှစ်ဦး ဒဏ်ရာများ ရရှိခဲ့သည်။ ယင်းသို့ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် စစ်ရှောင်ဒုက္ခသည်များ လိုက်ပါလာသော ယာဉ်တန်း ပစ်ခတ်ခံရမှုနှင့်ပတ်သက်၍ အသေးစိတ်သိရှိနိုင်ရန် မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်လှနှင့် မြန်မာ့သတင်းစဉ်သတင်းအဖွဲ့မှ သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးခင်မောင်လှ

မေး ။ မနေ့က လောက်ကိုင်မှာ ဖြစ်ပွားခဲ့တဲ့ ကြက်ခြေနီယာဉ်တန်း ပစ်ခတ်ခံရမှုနဲ့ ပတ်သက်ပြီး အသေးစိတ်ရှင်းပြပေးပါရှင့်။

ဖြေ ။ လောက်ကိုင်မှာ ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေကနေ စစ်ရှောင်လိုကြတဲ့ မြန်မာပြည်အနယ်နယ် အရပ်ရပ်က နေရပ်ပြန်သူ အင်အား ၁၀၀ ကို ကွမ်းလုံက ကြက်ခြေနီတပ်ဖွဲ့ဝင်တွေက မော်တော်ယာဉ် ၁၀ စီးပါ ယာဉ်တန်းနဲ့ သွားရောက်ကူညီ ခေါ်ဆောင်ပေးကြတာပါ။ လောက်ကိုင်ဒေသခံ ကြက်ခြေနီတွေ စုစည်းမရသေးခင်မှာ ကွမ်းလုံက ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၅ ဦးနဲ့ ကွမ်းလုံကနေ ချင်းရွှေဟော်ကို ဖြတ်ပြီး လောက်ကိုင်ကို သွားခဲ့တယ်။ တိုက်ပွဲတွေ ဖြစ်နေတဲ့ အချိန်မှာ ယာဉ်တန်းကို ရပ်ထားပြီး တိုက်ပွဲမရှိတဲ့ အချိန်မှာ လောက်ကိုင်က သူတွေကို ကူညီခေါ်ဆောင်ခဲ့တာပါ။ လောက်ကိုင်နဲ့ ချင်းရွှေဟော်ကြားက တောင်ကုန်းပေါ်က နေပြီး ကိုးကန့်အဖွဲ့က ငါးမိနစ်ကြာလောက် ပစ်ခတ်ပါတယ်။ ဒီလိုပစ်ခတ်တဲ့အခါမှာ ယာဉ်တန်းရဲ့ ရှေ့ဆုံးယာဉ်မှာ ပါလာတဲ့ ကြက်ခြေနီတပ်စုမှူး ဦးမိုးကျော်သန်းနဲ့ တပ်သားအဆင့်ရှိတဲ့ ဦးဇော်မင်းထိုက်တို့ ဒဏ်ရာတွေရခဲ့ပါတယ်။ တပ်စုမှူးက ဝမ်းဗိုက်ကို ကျည်ဆန် ထိမှန်ခဲ့ပြီး တပ်သားကတော့ မော်တော်ယာဉ်လေကာမှန်မှတစ်ဆင့် မှန်စစိုက်ဝင်ပြီး ညာဘက်မျက်လုံး ဒဏ်ရာရရှိခဲ့ပါတယ်။

မေး ။ ဒဏ်ရာရရှိခဲ့တဲ့ ကြက်ခြေနီ နှစ်ဦးကို ဘယ်လိုစောင့်ရှောက်မှုတွေ ပေးခဲ့တာလဲရှင့်။

ဖြေ ။ ဒဏ်ရာရတဲ့သူ နှစ်ဦးလုံးကို ပါလာတဲ့ ကြက်ခြေနီတပ်သားတွေက ချက်ချင်းပဲ ကွမ်းလုံဆေးရုံကို ပို့ပေးကြပါတယ်။ ဝမ်းဗိုက်သေနတ်ထိမှန်တဲ့ တပ်စုမှူးကို ချက်ချင်းပဲ ကျည်ဆန်ခွဲထုတ်ပေးနိုင်ခဲ့ပါတယ်။ မျက်လုံးနဲ့ ဦးခေါင်းဒဏ်ရာ ရခဲ့တဲ့သူကတော့ မျက်စိအထူးကုဆရာဝန်ရှိတဲ့ လားရှိုးဆေးရုံကို ပို့နေပါတယ်။ အခုတော့ စိုးရိမ်စရာအခြေအနေမရှိတော့ဘူးလို့ သိရပါတယ်။

မေး ။ ယာဉ်တန်းမှာ ပါဝင်တဲ့ စစ်ရှောင်ဒုက္ခသည်တွေကိုရော ဘယ်လိုများ စီစဉ်ပေးခဲ့လဲရှင့်။

ဖြေ ။ သူတို့ကိုတော့ ကွမ်းလုံမြို့ကို ဆက်လက် ပို့ဆောင်ပေးခဲ့ပါတယ်။ ဒီလို ဖြစ်ပွားပြီးတဲ့အချိန်မှာ ကြက်ခြေနီဝန်ထမ်းတွေနဲ့ တပ်မတော်စစ်ကြောင်းကနေ ကွမ်းလုံအထိ ပို့ဆောင်ပေးတယ်လို့ ယူဆပါတယ်။ ဒုက္ခသည် အများစုက လောက်ကိုင်မှာသွားပြီး ကြုံခုတ်တဲ့ လုပ်ငန်းကို လုပ်ကြသူတွေ ဖြစ်ပါတယ်။ ဟိုမှာ တိုက်ပွဲတွေဖြစ်တော့ နေထိုင်လုပ်ကိုင်စရာတွေ မရှိတော့ဘဲ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေက သွားပြီး ကယ်ထုတ်လာတဲ့သဘော ဖြစ်ပါတယ်။ အခု လားရှိုးအထက(၁)မှာ ၃၁၆ ယောက်ကို နေရာချထားပေးပါတယ်။ လားရှိုးမှာ ပြည်နယ် ကြက်ခြေနီ ကြီးကြပ်ရေးမှူး၊ ကော်မတီနဲ့ ဒေသအာဏာပိုင်တွေက လိုအပ်တဲ့စားနပ်ရိက္ခာ၊ အဝတ်အထည်နဲ့ ဆေးဝါးစတာတွေ ပံ့ပိုးပေးလျက်ရှိပါတယ်။

မျက်စိ ထိခိုက်ဒဏ်ရာရ ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။
ဓာတ်ပုံ-ဂျေပိုင်(ဧရာဝတီ)

> လောက်ကိုင်မှာလည်း ၂၀၀၆ ခုနှစ်ကစလို့ ကြက်ခြေနီအသင်းကို ဖွဲ့စည်းထားလို့ သူတို့မသိစရာတော့ မရှိပါဘူး။ ဒါကို သိလျက်သားနဲ့ ပစ်ခတ်တာကတော့ လူသားချင်း စာနာထောက်ထားမှုမရှိတဲ့ ပြစ်မှုကျူးလွန်တယ်လို့ဆိုရမှာပါ။ ဘေးဒုက္ခကာကွယ်စောင့်ရှောက်ပေးတဲ့ အဖွဲ့ဖြစ်တဲ့ ဒီအဖွဲ့ကိုတော့ သူတို့မလုပ်သင့်ဘူးလို့ ယူဆပါတယ်။

မေး ။ ပစ်ခတ်မှုတွေဖြစ်တဲ့အခါမှာ မော်တော်ယာဉ်တွေနဲ့ ကြက်ခြေနီ စေတနာလုပ်အားရှင်တွေမှာ ကြက်ခြေနီအမှတ်အသားတွေ၊ အလံတွေ ပါဝင်ပါလားရှင့်။

ဖြေ ။ ယာဉ်တန်းက ယာဉ် ၁၀ စီးအနက် ယာဉ် ၈ စီးမှာ ကြက်ခြေနီအလံတွေ လွှင့်ထူထားပါတယ်။ ကြက်ခြေနီအလံတွေက ထင်ရှားပါတယ်။ အဖြူရောင်နောက်ခံပေါ်မှာ အနီရောင် ကြက်ခြေနီ အမှတ်အသားဖြစ်ပါတယ်။ ဒါ့အပြင် တပ်ဖွဲ့ဝင်တွေကရှေ့မှာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းစာတန်းနဲ့ နောက်မှာ ကြက်ခြေနီတံဆိပ်ပါတဲ့ ဝေ့စ်ကုတ်တွေ ဝတ်ထားပါတယ်။

မေး ။ တိုက်ပွဲဖြစ်နေတဲ့ အနေအထားနဲ့ ကြက်ခြေနီယာဉ်တန်းကို တိုက်ခိုက်ခံရတာမျိုး အရင်ကရောဖြစ်ဖူးလားရှင့်။

ထိခိုက်ဒဏ်ရာရ လူနာကို ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကူညီဖေးမ သယ်ဆောင်လာသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ဂျေပိုင် (ဧရာဝတီ)

ဖြေ ။ အရင်က မဖြစ်ဖူးပါဘူး။ အခုသတင်းတွေအရက အဲ့ဒီယာဉ်တန်း ထွက်သွားတဲ့အချိန်မှာ တပ်မတော်နဲ့ ကိုးကန့်တို့ တိုက်ပွဲဖြစ်ပွားနေတယ်လို့သိရပြီး ယာဉ်တန်းက ရှေ့ဆက်မသွားနိုင်ပါဘူး။ ခဏရပ်ထားပြီး တော်တော်ကြာတဲ့အခါမှာ တိုက်ပွဲပြီးသွားပြီလို့ ယူဆတဲ့အတွက် ယာဉ်တန်းနဲ့ ဆက်လက်ထွက်ခွာတာဖြစ်ပါတယ်။ အရပ်သားတွေ အပြောအရ လက်နက်ကြီးနဲ့ပါ ပစ်ခတ်ပြီး မထိခဲ့ဘူးလို့လည်း သိရပါတယ်။

မေး ။ ဒီလို အခြေအနေမျိုးမှာ သွားရောက် တာဝန်ထမ်းဆောင်မယ့် စေတနာလုပ်အားရှင် ကြက်ခြေနီများ လုံခြုံမှုအတွက် ဘယ်လိုမျိုး ကြိုတင်ပြင်ဆင်မှုတွေ ရှိလဲရှင့်။

> ကြက်ခြေနီအဖွဲ့ဝင်အားလုံးအတွက် အကာအကွယ်က ကြက်ခြေနီအမှတ်အသားဖြစ်ပါတယ်။ ကြက်ခြေနီအမှတ်အသားနဲ့ပတ်သက်ပြီး ဂျိနီဗာကွန်ဗင်းရှင်းရှိပါတယ်။ ဒီအမှတ်အသားဟာဆိုရင် အရပ်ဘက် အမှတ်အသားတွေဖြစ်တဲ့အတွက် အထူးသဖြင့် ကြက်ခြေနီအမှတ်တံဆိပ်နဲ့ဆိုရင် ပစ်ခတ်ခွင့်မရှိပါဘူး။

ဖြေ ။ ကြက်ခြေနီ အဖွဲ့ဝင်အားလုံးအတွက် အကာအကွယ်က ကြက်ခြေနီ အမှတ်အသားဖြစ်ပါတယ်။ ကြက်ခြေနီ အမှတ်အသားနဲ့ပတ်သက်ပြီး ဂျိနီဗာကွန်ဗင်းရှင်း ရှိပါတယ်။ ဒီအမှတ်အသားဟာဆိုရင် အရပ်ဘက်အမှတ်အသားတွေဖြစ်တဲ့အတွက် အထူးသဖြင့် ကြက်ခြေနီအမှတ်တံဆိပ်နဲ့ဆိုရင် ပစ်ခတ်ခွင့်မရှိပါဘူး။ နောက်တစ်ခုက အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ (International Humanitarian Law) ရှိပါတယ်။ အဲဒီဥပဒေအရလည်း လုပ်ပိုင်ခွင့် မရှိပါဘူး။ ကြက်ခြေနီတွေကို ဒီလိုအန္တရာယ်ရှိတဲ့နေရာကို လွှတ်မယ်ဆိုရင် အဓိကက အသက်အာမခံ ထားပေးပါတယ်။ အသက်အာမခံက တစ်နှစ်ကို ကြက်ခြေနီတပ်ဖွဲ့ဝင် ၃၀၀၀ ကို ဆွစ်ဇာလန်မှာရှိတဲ့ ကြက်ခြေနီအဖွဲ့ချုပ်မှာ အာမခံပေးသွင်းထားပါတယ်။ လိုအပ်လို့ အန္တရာယ်ရှိတဲ့နေရာ ထပ်လွှတ်ရမယ်ဆိုရင်တောင် အသက်အာမခံထားပြီးသား တပ်ဖွဲ့ဝင်တွေကို စေလွှတ်ရမှာဖြစ်ပါတယ်။

အခု ဒဏ်ရာရခဲ့တဲ့နှစ်ယောက်မှာ တပ်စုမှူးဖြစ်တဲ့ ဦးမိုးကျော်သန်းကတော့ အသက်အာမခံရှိပါတယ်။ တခြားတစ်ယောက်ကတော့ မရှိပါဘူး။ လောလောဆယ်တော့ ဒီတပ်ဖွဲ့ဝင်နှစ်ယောက်အတွက်ကို အရေးပေါ်ရန်ပုံငွေကနေ လိုအပ်တဲ့ဆေးဝါးကုသမှုအတွက် အသုံးပြုနိုင်အောင် ငွေကျပ် ၁၀ သိန်း ပေးပို့ဖို့ စီစဉ်နေပါတယ်။ ရန်ကုန်မြို့အထိခေါ်ပြီး ဆေးကုသမှုဆောင်ရွက်နိုင်အောင် ကုန်ကျစရိတ်အားလုံးလည်း တာဝန်ယူဖို့ စီစဉ်ထားပါတယ်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေနဲ့လည်း အဲဒီဒေသမှာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်တဲ့အခါမှာ အသုံးတဲ့မယ့် အရေးပေါ်တုံ့ပြန်မှုပစ္စည်းတွေလည်း ပို့ထားပြီးဖြစ်ပါတယ်။

မေး ။ အခုဖြစ်စဉ် မြန်မာနိုင်ငံကြက်ခြေနီအသင်း အနေနဲ့ ဘယ်လိုတုံ့ပြန်ဖို့ စီစဉ်ထားပါလဲရှင့်။

ဖြေ ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး သတင်းထုတ်ပြန်မှုတွေ ဆောင်ရွက်ဖို့ တိကျမှန်ကန်တဲ့ သတင်းတွေ စုဆောင်းနေပါတယ်။ အားလုံးရပြီဆိုရင် MRCS က တင်ထားတဲ့ဝက်ဘ်ဆိုက်မှာ တင်သွားမှာပါ။ အဲ့ဒီကနေ နိုင်ငံတကာက သိသွားမှာဖြစ်ပါတယ်။

မေး ။ နိုင်ငံတကာ အသိုင်းအဝိုင်းကရော ဒီဖြစ်စဉ်အပေါ်မှာ တုံ့ပြန်ပြောဆိုတာတွေ ရှိလားရှင့်။

ဖြေ ။ အခုချိန်အထိတော့ ဆက်သွယ်ပြောဆိုတာတွေ မရှိသေးပါဘူး။ သို့သော်လည်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများအဖွဲ့ချုပ်ရှိပါတယ်။ အဲ့ဒီကတာဝန်ခံကတော့ လာမေးသွားတာရှိပါတယ်။ သူတို့ကလည်း ဝက်ဘ်ဆိုက်ပေါ်တင်မှာဖြစ်ပါတယ်။

မေး ။ ကြက်ခြေနီ အလံတွေ လွှင့်ထူထားပြီး ကြက်ခြေနီအမှတ်အသားတွေ ထင်ရှားနေပေမယ့် မထင်မှတ်ဘဲ အခုလို ပစ်ခတ်ခံရတဲ့အပေါ်မှာ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း တာဝန်ရှိသူတစ်ဦး အနေနဲ့ ဘယ်လိုများယူဆပါသလဲရှင့်။

ဖြေ ။ ကြက်ခြေနီ တပ်ဖွဲ့ရဲ့ ဆောင်ရွက်ချက်တွေကို လက်နက်ကိုင်အဖွဲ့အစည်းတွေ အနေနဲ့ ဂယနဏ သိဖို့လိုအပ်ပါတယ်။ ကြက်ခြေနီက ကြားနေအဖွဲ့အစည်းဖြစ်ပြီး ကြားကနေဝင်ပြီး ဆောင်

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

စာမျက်နှာ ၁၂ မှ

ရှက်တဲ့အခါ အစိုးရအဖွဲ့အစည်းပဲဖြစ်ဖြစ် တစ်ဖက်က အဖွဲ့အစည်းပဲဖြစ်ဖြစ် ကြက်ခြေနီကိုသိဖို့ လိုအပ်ပါတယ်။ လိုအပ်တဲ့အချိန်မှာ လိုအပ်သလို ကူညီဆောင်ရွက်နိုင်ဖို့ ကြက်ခြေနီအဖွဲ့က သွားပြီးဆောင်ရွက်နေမှာပါပဲ။ သူတို့တွေမှာ အန္တရာယ်ရှိတာတောင် စွန့်လွှတ်စွန့်စားတဲ့ စိတ်ဓာတ်က ရှိပြီးသားဖြစ်ပါတယ်။

ဒီအဖွဲ့က လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်ဘူး။ သူတို့ကိုဒုက္ခပေးမယ့် အဖွဲ့အစည်းလည်း မဟုတ်ဘူး။ လောက်ကိုင်မှာလည်း ၂၀၀၆ ခုနှစ်ကစလို့ ကြက်ခြေနီအသင်းကို ဖွဲ့စည်းထားလို့ သူတို့မသိစရာတော့ မရှိပါဘူး။ ဒါကို သိလျက်သားနဲ့ ပစ်ခတ်တာကတော့ လူသားချင်းစာနာထောက်ထားမှုမရှိတဲ့ ပြစ်မှုကျူးလွန်တယ်လို့ ဆိုရမှာပါ။ ဘေးဒုက္ခ ကာကွယ်စောင့်ရှောက်ပေးတဲ့ အဖွဲ့ဖြစ်တဲ့ ဒီအဖွဲ့ကိုတော့ သူတို့ မလုပ်သင့်ဘူးလို့ ယူဆပါတယ်။

ယာဉ်တန်းအား ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ ဓာတ်ပုံ-ဂျေပိုင်(ရောဝတီ)

စာမျက်နှာ ၆ မှ

၁၇။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ခ)ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(ခ)

အဆင့်မြင့်ပညာကျောင်းများသည် ကိုယ်ပိုင်ရန်ပုံငွေရှာဖွေထူထောင်ဆောင်ရွက်ခွင့်ရှိသည်။"

၁၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၅။ (က) အစိုးရအဖွဲ့သည် -

(၁) အဆင့်မြင့်ပညာကျောင်းများ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေလိုအပ်ချက်ကို တောင်းခံရန်အတွက် တာဝန်ခံဆောင်ရွက်မည့် လွတ်လပ်စွာရပ်တည်သောတက္ကသိုလ်များရန်ပုံငွေစိစစ်ရေးအဖွဲ့ (Universities' Grant Body)ကို သင့်တော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။

(၂) မိမိဖွဲ့စည်းထားသော ကော်မရှင်၊ ကော်မတီ၊ ကောင်စီနှင့် အဖွဲ့များ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ထောက်ပံ့ပေးရမည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော ကော်မတီ သို့မဟုတ် ကောင်စီ သို့မဟုတ် အဖွဲ့ကို အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းနိုင်သည်။"

၁၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၆ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၆။

ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ကျောင်းအားလုံးသည် ဤဥပဒေစတင်အာဏာတည်သည့်နေ့မှ ငါးနှစ်ကာလအတွင်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။"

၂၀။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

" ၆၉။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေများ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဤဥပဒေအရ ဖွဲ့စည်းသော ကော်မရှင်၊ ကော်မတီ၊ ကောင်စီနှင့် အဖွဲ့များ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဦးစီးဌာနများသည်အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

လောက်ကိုင်မြို့မှ နေရပ်ပြန်သူများအား ကူညီပို့ဆောင်ပေးစဉ် ဒဏ်ရာရရှိသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်နှစ်ဦး စိုးရိမ်စရာအခြေအနေမရှိ

လောက်ကိုင် ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်မှ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်နှစ်ဦးသည် ဖေဖော်ဝါရီ ၁၇ ရက်က မော်တော်ယာဉ်များဖြင့် လောက်ကိုင်မြို့မှ နေရပ်ပြန်သူများနှင့် စစ်ဘေးရှောင်ဒုက္ခသည်များအား ကူညီပို့ဆောင်ပေးစဉ် ချင်းရွှေဟော်မြို့အနီး၌ ပစ်ခတ်ခံရမှုကြောင့် ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသူ ကြက်ခြေနီတပ်ဖွဲ့ဝင်နှစ်ဦးဖြစ်သည့် ဝမ်းဗိုက်ဒဏ်ရာရရှိသူ ဦးမိုးကျော်နှင့် မျက်စိထိမှန်ဒဏ်ရာရရှိသူ ဦးဇော်မင်းထိုက်တို့၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်စရာမရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ ကြက်ခြေနီတပ်ဖွဲ့ဝင်များ လိုက်ပါလာသောယာဉ်တန်း တိုက်ခိုက်ခံရခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက "တိုက်ပွဲကြောင့် နေရပ်ပြန်သူများကို လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေပေးနေစဉ်မှာ အခုလို ဒဏ်ရာရရှိတဲ့အတွက် အလွန်ပဲ ဝမ်းနည်းရပါတယ်၊ ဒီလို အခက်အခဲတွေကြားထဲက ကူညီပေးနေတဲ့ သူတို့ကို လေးစားရမှာဖြစ်ပြီး ပစ်မှတ်အဖြစ် မတိုက်ခိုက်သင့်ပါဘူး" ဟု ပြောကြားသည်။

အခင်းဖြစ်ပွားစဉ်တွင် ယာဉ်တန်း၌ ကြက်ခြေနီအမှတ်အသားအလံ ထင်ရှားစွာတပ်ဆင်ထားပြီး ကြက်ခြေနီအမှတ်တံဆိပ်ပါ အင်္ကျီကိုတပ်ဖွဲ့ဝင်များ ဝတ်ဆင်ထားကြောင်းနှင့် တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ မည်သူ့တွင်တာဝန်ရှိကြောင်း မသိရှိရသေးဘဲ ဖြစ်ပွားရာနေရာသည် မြန်မာ့တပ်မတော်စစ်ကြောင်းအနီးအနားတွင်မဟုတ်ကြောင်း သိရှိရသည်။

လောက်ကိုင်ဒေသတွင် တိုက်ပွဲများဖြစ်ပွားမှုကြောင့် နေရပ်ရွှေ့ပြောင်းသူ လူပေါင်းသုံးထောင်ကျော်ကို ဒေသခံကြက်ခြေနီများက အကူအညီပေးလျက်ရှိကြောင်း သိရသည်။ ကြက်ခြေနီတပ်ဖွဲ့ဝင် စေတနာလုပ်အားရှင်များသည် ထိခိုက်ဒဏ်ရာရသူများအတွက် ပြင်ဦးလွင်မြို့တွင် သွေးများ လှူဒါန်းပေးလျက်ရှိပြီး ထပ်မံလိုအပ်ပါက မန္တလေးမှကြက်ခြေနီတပ်ဖွဲ့ဝင်များကို စေလွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အိမ်ထောင်စုသုံး ပစ္စည်းများနှင့် မိသားစုအသုံးအဆောင်များကို လိုအပ်နေသည့်မိသားစုများထံ ထောက်ပံ့ပေးလျက်ရှိပြီး ထိခိုက်ဒဏ်ရာရသူများအတွက် ရှေးဦးပြုစုခြင်းပစ္စည်းများနှင့် စေတနာလုပ်အားရှင်များအတွက် အကာအကွယ်ဖြစ်စေမည့် ကြက်ခြေနီအလံများနှင့်အမှတ်အသားပါ အပေါ်ယံခါးစည်း (Aprons) များကိုလည်း ပေးပို့သွားမည်ဖြစ်သည်။

(မြန်မာနိုင်ငံကြက်ခြေနီအသင်း)

လောက်ကိုင်ဒေသတွင် အလုပ်လုပ်ကိုင်နေသူများ နေရပ်ဒေသအသီးသီးသို့ ပြန်သူများအား သွားလာရေးအဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် လောက်ကိုင်ဒေသတွင် အလုပ်လုပ်ကိုင်နေသူ ပြည်သူများ ရထားဖြင့်လိုက်ပါစီးနင်း၍ ဒေသအသီးသီးသို့ ဆက်လက်ထွက်ခွာနိုင်ရေးအတွက် မန္တလေးဘူတာကြီးသို့ ဖေဖော်ဝါရီ ၁၆ ရက်တွင် ၂၉၄ ဦး၊ဖေဖော်ဝါရီ ၁၇ ရက်တွင် ၁၁၄ ဦး စုစုပေါင်း ၄၀၈ ဦး ရောက်ရှိရာ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ၎င်းတို့အား ကူညီစောင့်ရှောက်၍ မန္တလေးဘူတာကြီး အမှတ်(၂)စင်္ကြံတွင် ခေတ္တနေရာချထားပေးခဲ့သည်။

အဆိုပါ ပြည်သူများအတွက် ညစာထမင်းဘူးများနှင့် နံနက်စောစာအတွက် ခေါက်ဆွဲခြောက်နှင့် ပေါင်မုန့်များအား မန္တလေးတိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ အခမဲ့စီစဉ်ဝေငှပေးခဲ့ပြီး မြန်မာ့မီးရထား မန္တလေးဘူတာကြီးမှ နံနက် ၆ နာရီထွက်ခွာသော အမှတ်(၁၂)အစုန် အမြန်ရထား၌ ရန်ကုန်သို့ပြန်မည့် ၁၈၅ ဦးနှင့် ပုသိမ်သို့ပြန်မည့် ၆၃ ဦး စုစုပေါင်း ၂၄၈ ဦးအတွက် ရိုးရိုးတန်း(၃)တွဲဖြင့် လည်းကောင်း၊ လမ်းခရီးဆင်းသက်ကြမည့် (သာစည်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်း) (၁၆၀)အတွက် ရိုးရိုးတန်း(၂)တွဲဖြင့် လည်းကောင်း အခမဲ့ စီစဉ်ဆောင်ရွက်ပေးသည်။

အဆိုပါရထား နေပြည်တော်ဘူတာကြီးသို့ ဆိုက်ရောက်လာချိန်တွင် ရန်ကုန်နှင့် ပုသိမ်သို့ သွားရောက်ကြမည့် ပြည်သူများအား နေ့လယ်စာထမင်းဘူးများဝေငှခြင်း၊ ရန်ကုန်သို့ပြန်မည့်အဖွဲ့၌ ဖောင်ကြီးဒေသသို့သွားရောက်မည့် ပြည်သူ ၄၀ အတွက် သွားလာမှုအဆင်ပြေစေရန် အမှတ်(၁၂) အစုန်ရထားကို ဒါးပိန်ဘူတာ၌ ငါးမိနစ်ရပ်တန့်၍ လိုရာခရီးဆက်လက်ထွက်ခွာနိုင်ရန် စီစဉ်ပေးခဲ့ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မြစ်ကြီးနားမြို့ ရွှေအိုက်ရပ်ကွက်လမ်းဆုံ၌ စက်သုံးဆီတင်ကား မီးလောင်မှုဖြစ်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၈

မြစ်ကြီးနားမြို့ ရွှေအိုက်ရပ်ကွက်လမ်းဆုံတွင် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်က ဒီဇယ်ပီပါ ၁၃ လုံး တင်ဆောင်လာသည့် ၁၀ ဘီးယာဉ်အမှတ် NL/---- ယာဉ်မောင်း ဦးသန်းဝင်း မောင်းနှင်လာသောယာဉ်သည် နောက်ဘီးမီးပွင့်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ ပြည်နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် ငါးစီး၊ လူနာတင်ယာဉ်တစ်စီး၊ မြေမြင့်ရပ်ကွက်မှ မီးသတ်ယာဉ်တစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မီးသတ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မီးညွန့်ကျိုးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စိန်ဝင်း (iprd)

ပြည်တွင်းသတင်း

ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူအဖွဲ့ တိုက်ပွဲများဆက်လက်ဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၁၈

လောက်ကိုင်ဒေသ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်အနေဖြင့် အင်အားဖြည့်တင်း၍ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ကိုးကန့်သောင်းကျန်းသူ အင်အားစုများနှင့်ဆက်လက်တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၇ ရက် ညပိုင်းတွင် ကိုးကန့်သောင်းကျန်းသူ အင်အား ၂၀၀ ခန့်သည် ပါစင်ကျော်ကျေးရွာအနီး တပ်ရင်း၁၂၅ချပ်သို့ ပတ်ဝန်းကျင်နေရာ လေးနေရာခန့်မှ ဖြန့်ခွဲ၍ လက်နက်ကြီး/ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်သဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၁၇ ရက် ညပိုင်းမှ ယနေ့ နံနက်ပိုင်းအထိ လောက်ကိုင်တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များအား အဝေးမှ လက်နက်ကြီး/ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်၍ တပ်မတော်စစ်ကြောင်းများက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကိုးကန့်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ထို့အပြင် သံလွင်အနောက်ခြမ်းနယ်မြေမှ လောက်ကိုင်ဒေသသို့ အဓိက ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သော သိန်းနီ- နမ့်ဆလပ်- ကွမ်းလုံလမ်း၊ ကွတ်ခိုင်-တာမိုးညဲ- မုံးစီး-တာပါးလမ်းနှင့် ကွတ်ခိုင်- မူဆယ်-ကြူကုတ်-မုံးကိုး- တာကျိုင်းလမ်းတို့၌ လောက်ကိုင်ဒေသသို့ သွားရောက်မည့် တပ်မတော်စစ်ကြောင်းများ စစ်ကူနှင့်အုပ်ချုပ်မှုကိစ္စရပ်များ အခက်အခဲဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မိုင်းဆွဲတိုက်ခိုက်ခြင်း၊ ချုံခိုနှောင့်ယှက် တိုက်ခိုက်ခြင်းများကို ကိုးကန့်သောင်းကျန်းသူများအပြင် KIA၊ TNLA နှင့် SSA (ဝမ်ဟိုင်း) လက်နက်ကိုင်အဖွဲ့များပါ ပူးပေါင်းပါဝင်တိုက်ခိုက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် သောင်းကျန်းသူအဖွဲ့များ အနေဖြင့် ဖေဖော်ဝါရီ ၁၅ ရက်မှ ယနေ့အထိ ကျောက်မဲနှင့် သီပေါကြား၌ SSA (ဝမ်ဟိုင်း)မှ တစ်ကြိမ်၊ လားရှိုးနှင့် သိန်းနီကြား၌ SSA (ဝမ်ဟိုင်း) မှတစ်ကြိမ်၊ သိန်းနီနှင့် ကြူကုတ်ကြား၌ KIA နှင့် TNLA အဖွဲ့တို့က သုံးကြိမ်၊ ကွတ်ခိုင်နှင့်မုံးစီးကြားတွင် KIA အဖွဲ့ မှနှစ်ကြိမ်၊ မုံးစီးနှင့်တာပါးကြား၌ KIA အဖွဲ့မှ တစ်ကြိမ်၊ ချင်းရွှေဟော်နှင့် ပါစင်ကျော်ကြား၌ ကိုးကန့်သောင်းကျန်းသူအဖွဲ့က လေးကြိမ်၊ အလစ်အငိုက် နှောင့်ယှက်တိုက်ခိုက်ခြင်း၊ အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ယနေ့တွင်လည်း မွန်းလွဲ ၁ နာရီခန့်တွင် ချင်းရွှေဟော်မှ လောက်ကိုင်သို့ အင်အားဖြည့်တင်းရန် ချီတက်လျက်ရှိသော တပ်မတော်စစ်ကြောင်းကို ကိုးကန့်သောင်းကျန်းသူတို့မှ ပါစင်ကျော်တစ်ဝိုက်၌ စောင့်ကြို၍ နှောင့်ယှက်တိုက်ခိုက်လာသဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်တိုက်ခိုက်ရှင်းလင်းလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၅ ရက်မှ ယနေ့ထိ တပ်မတော်မှ စစ်သည်သုံးဦးအသက်ပေးလှူခဲ့၍ အရာရှိတစ်ဦးနှင့် စစ်သည် ၂၆ ဦးတို့ ဒဏ်ရာရရှိကာ ဒေသခံပြည်သူနှစ်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့၍ ဒဏ်ရာရရှိသူများကို လားရှိုး၊ ပြင်ဦးလွင် တပ်မတော်ဆေးရုံများသို့ ပို့ဆောင်၍ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်အနေဖြင့် လောက်ကိုင်နယ်မြေအတွင်း လုံခြုံမှုရရှိကာ တည်ငြိမ်အေးချမ်းသည်အထိ လိုအပ်သောအင်အားကိုအသုံးပြု၍ တိုက်ခိုက်ရှင်းလင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ဂမုန်းပွင့်ကုန်တိုက်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ဂမုန်းပွင့်ကုန်တိုက် အထပ်သုံးထပ်၌ ယနေ့ ည ၁၀ နာရီ ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ပေါင်းစုံမှ မီးသတ်ယာဉ်အစီး ၄၀ ခန့် သွားရောက်ငြိမ်းသတ်နေသော်လည်း အတွင်း၌ လှိုက်လောင်လျက်ရှိရာ သတင်းရရှိသည့် ည ၁၁ နာရီ မိနစ် ၂၀ အထိ မီးကို ငြိမ်းသတ်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

သတင်း-တင်ဝင်းလေး
ဓာတ်ပုံ-ကိုမျိုး(ရွှေပေါက်ကံ)

❊ ကျောဖုံးမှ

အောင်မျိုးသန့်(ပဲခူး)အတွဲကိုလည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် မေသီထွန်း-အေမီထွန်း (ပဲခူး)အတွဲက နီလာဝင်း-သန္တာအောင်(ရခိုင်)အတွဲကိုလည်းကောင်း အနိုင်ရဗိုလ်စွဲကြသည်။

မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို မွန်းလွဲ ၂ နာရီတွင် ဝဏ္ဏသိဒ္ဓိလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ အမျိုးသား ၅၁ ကီလိုတန်း အကြိုဗိုလ်လုပွဲတွင် နေမျိုးအောင်(ပဲခူး)က ကိုယ်အလေးချိန်ပိုနေသဖြင့် ရဲသွေးနီ(ကရင်)က လည်းကောင်း၊ သိန်းစိုး(ရန်ကုန်)က အောင်ဇင်ဦး(ရှမ်း)ကို စတုတ္ထအချီ ၂ မိနစ် ၃၈ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းတွင် စလူကာ(စစ်ကိုင်း) က ဗိုစိုးအောင်(မန္တလေး)ကို ပထမအချီ ၁ မိနစ် ၅၉ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ ပြည့်ဖြိုးမောင် (တနင်္သာရီ)က စောဆာဝါး(ကယား)ကို ပထမအချီ ၅၁ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ ထွန်းနိုင်ဦး (ပဲခူး)က လယ်ဘွယ်ထူး(ရန်ကုန်)ကို ပထမအချီ ၄၈ စက္ကန့်တွင် လက်ရည်မမျှ၍ ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း၊ အမျိုးသမီး ၅၄ ကီလိုတန်းတွင် မြတ်နိုးသူ(တနင်္သာရီ)က ဒုတိယအချီ ၂ မိနစ် ၁၃ စက္ကန့်တွင် ဒဏ်ရာအနာတရဖြစ်၍ ဟေမာန်စိုး(ကရင်)ကလည်းကောင်း အသီးသီးအနိုင်ရကြသည်။

အမျိုးသား ဘောလုံးအုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း (၃/၄)၌လည်းကောင်း၊ အမျိုးသမီး ဘောလုံးအုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း(၁)၌ လည်းကောင်း ကျင်းပသည်။

စစ်တုရင်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိဆိုရှယ်ဇုန်၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ စစ်တုရင်အလွတ်တန်းပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင်လူငယ်ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာ စစ်တုရင်အလွတ်တန်းပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

ခရစ်ကက်ပြိုင်ပွဲကို နံနက် ၈ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်းများ၌ကျင်းပရာ အမျိုးသားဆီမီးဖိုင်နယ်ပွဲစဉ်တွင် ရန်ကုန်က မန္တလေးကို 1Wicket ဖြင့်လည်းကောင်း၊ ပဲခူးကရှမ်းကို ၅၈ မှတ်အသာဖြင့်လည်းကောင်း၊ အမျိုးသမီးအုပ်စု ပတ်လည်နောက်ဆုံးပွဲစဉ်များတွင် ရန်ကုန်က ပဲခူးကို 3Wicket ဖြင့် လည်းကောင်း၊ မန္တလေးက နေပြည်တော်ကို ၄၀ မှတ်အသာဖြင့်လည်းကောင်း အသီးသီး အနိုင်ရကြသည်။ အမျိုးသမီးပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ ရန်ကုန်က ပထမ၊ မန္တလေးက ဒုတိယ၊ နေပြည်တော်က တတိယရရှိခဲ့သည်။

ရှေ့တန်းရောက်တိုက်ပွဲဝင်စစ်သည်များကို ရေနံချောင်းစစ်မှုထမ်းဟောင်းအဖွဲ့က ငွေလှူဒါန်း

ရေနံချောင်း ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရှေ့တန်းရောက်တိုက်ပွဲဝင်စစ်သည်များနှင့် ရဲမေများအား ဂုဏ်ပြုငွေလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုပွဲတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသိန်းဝင်း(ငြိမ်း)က လက်ရှိလောက်ကိုင်ဒေသ၌ ဖြစ်ပွားနေသော တိုက်ပွဲအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ မြို့နယ်အဖွဲ့အတွင်းရေးမှူး တပ်ကြပ်ကြီးတင်ရွှေ (ငြိမ်း)က လှူဒါန်းပွဲသို့တက်ရောက်လာသောအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ရှေ့တန်းရောက်တိုက်ပွဲဝင်စစ်သည်နှင့် ရဲမေများအတွက် အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရန်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့သည် တပ်မတော်၏ အရန်အင်အားအဖြစ် ထာဝစဉ်ရပ်တည်ပြီး လိုအပ်သောတာဝန်များကို ပူးတွဲထမ်းဆောင်သွားကြရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

ပြည်တွင်းသတင်း

နမ့်ခမ်းမြို့၌ ပွဲခင်းဈေးကိုယ့်အားကိုယ်ကိုး ကွန်ကရစ်ခင်းပြီးစီးမှုအခမ်းအနားကျင်းပ

နမ့်ခမ်း ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့၌ ဈေးသူဈေးသားပြည်သူများ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် နယ်မြေခံတပ်မမှူး၏ ဦးဆောင်မှုဖြင့် ပွဲခင်းဈေးကြီးကြပ်မှုကော်မတီက ပွဲခင်းဈေး ကွန်ကရစ်ခင်းခြင်းပြီးစီးမှု အခမ်းအနားကို မြို့လယ်ဘုရားအနီး (ပန်ပွဲ) အဆိုပါနေရာ ပွဲခင်းဈေးနေရာတွင် ဖေဖော်ဝါရီ ၁၂ ရက်နံနက် ၉နာရီက ကျင်းပကြောင်း သိရသည်။

အဆိုပါ ပွဲခင်းဈေးသည် အဝတ်အထည်၊ စားသောက်ကုန်၊ ထမင်းဆိုင်၊ ကုန်စိမ်းများနှင့် အခြားလူသုံးကုန်ပစ္စည်းများ ရောင်းချသည့်နေရာဖြစ်ပြီး ဘုရားကျောင်းတော်အနီးနှင့် မြို့လယ်အချက်အချာကျသည့်နေရာဖြစ်ကာ ယခင်က မြေသားပေါ်တွင် ရောင်းချကြရပြီး မိုးတွင်းကာလတွင် အဆင်မပြေခြင်း၊ ဈေးသည်များ ရောင်းချမှု စနစ်ကျမှုမရှိခြင်း၊ နယ်စပ်မြို့ဖြစ်၍ တစ်ဖက်နိုင်ငံမှ ခရီးသွားဧည့်သည်များနှင့် ပြည်တွင်းခရီးသွားဧည့်သည်များ မြို့လယ်ဘုရားကြီးသို့ လာရောက်ပြီးပွဲခင်းဈေးတွင် လည်ပတ်ခြင်းများရှိ၍ နယ်စပ်အလှ၊ သန့်ရှင်းသာယာလှပမှု ဖြစ်စေရန် ပွဲခင်းဈေး ကြီးကြပ်မှုကော်မတီက ကွန်ကရစ်ခင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဧရိယာအကျယ် ၃၇၈၇၉ စတုရန်းပေကျယ်ဝန်းသည့် ကွန်ကရစ်ခင်း ဆောင်ရွက်ပြီးစီးမှု အထိမ်းအမှတ်အဖြစ် နယ်မြေခံတပ်မမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းချစ်ဆွေနှင့် အဖွဲ့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ညဏ်မင်း(နမ့်ခမ်း)

ဂန့်ဂေါ-ဟားခါးခရီးစဉ်သစ်တိုးချဲ့ပြေးဆွဲ

ဂန့်ဂေါ ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့အခြေစိုက် ယောရွှေပြည်ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှ ဂန့်ဂေါ-ဟားခါးခရီးစဉ်သစ်ကို တိုးချဲ့ဖွင့်လှစ်လျက် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါယာဉ်လိုင်းမှ ဂန့်ဂေါ-ဟားခါးခရီးစဉ်ကို ပြေးဆွဲရာတွင် ၈၅ မိုင် ၂ ဖာလုံ အရှည်ရှိ ဂန့်ဂေါ-ဟားခါး လမ်းသစ်အတိုင်းပြေးဆွဲခြင်းဖြစ်ပြီး ဂန့်ဂေါမြို့မှ မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ဟားခါးမြို့မှ နံနက် ၆ နာရီတွင် လည်းကောင်း ယာဉ်များစတင်ထွက်ခွာပြီး ယာဉ်စီးခနှုန်းထားမှာ ခရီးသည်တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

ထားဝယ်အသင်း(မော်လမြိုင်)နှစ်ပတ်လည် စည်းဝေး

မော်လမြိုင် ဖေဖော်ဝါရီ ၁၈

(၃၁)ကြိမ်မြောက် ထားဝယ်အသင်း(မော်လမြိုင်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်က ကမ်းနားလမ်းရှိ ငွေမိုးဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် အသင်းဝင်အသက် (၆၀)အထက် အဘိုးအဘွားများအား ရှိခိုးကန်တော့ကြပြီး ဆေးဝါးပစ္စည်းများ၊ ထောက်ပံ့ငွေများကို ထားဝယ်အသင်း(မော်လမြိုင်) ဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် အသင်းဝင်များက ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ အသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ဦးသန်းစိန်တို့ထံ ထားဝယ်အသင်း(ရန်ကုန်) အသင်းနှင့် အသင်းဝင်များက အလှူငွေများပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း တစ်ဘာသာမှ ငါးဘာသာအထိ ထူးချွန်အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ခုနစ်ဦးတို့ကို ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

အလှူငွေနှင့် ပစ္စည်းများထောက်ပံ့

ဟိုပန် ဖေဖော်ဝါရီ ၁၈

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင်ဖြစ်ပွားခဲ့သောတိုက်ပွဲများတွင် ကျဆုံးခဲ့သည့် တပ်မတော်သားများ၏ မိသားစုဝင်များ၊ ဒဏ်ရာရ တပ်မတော်သားများနှင့်တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအတွက် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအတွင်းရှိ စေတနာရှင်ပြည်သူများနှင့်ဌာနဆိုင်ရာများမှ အလှူငွေနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ထွန်းလူက အမှာစကားပြောကြားရာတွင် ဟိုပန်နယ်သူနယ်သားများသည် တရားသောစစ် အောင်နိုင်ရေးအတွက် တပ်မတော်ကိုအစဉ်အမြဲ ပံ့ပိုးလျက်ရှိပါကြောင်း လောက်ကိုင်မြို့နယ်၌ဖြစ်ပွားသည့် တိုက်ပွဲများတွင် နိုင်ငံအတွက် အသက်ကိုပဓာနမထားဘဲ၊ အသက်ပေးကာကွယ်ခဲ့၍ ကျဆုံး၊ ဒဏ်ရာရ တပ်မတော်သားများနှင့်တာဝန်ထမ်းဆောင်ဆဲ တပ်မတော်သားများကို ဂုဏ်ယူပါကြောင်း ပြောကြားသည်။ ဆက်လက်၍ ဦးစီးအဖွဲ့ဥက္ကဋ္ဌက အလှူငွေကျပ် ၄၅၅၀၀၀၀ နှင့် ပစ္စည်းများကိုပေးအပ်ရာ ရှေ့တန်းအမှတ်(၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် ဝင်းလွင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

ခရိုင် ပြန်/ဆက်

ကွန်ကရစ်လမ်းဖွင့်

ပေါင် ဖေဖော်ဝါရီ ၁၈

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ပေါင်မြို့နယ် ဥတ္တံတားကျေးရွာ မင်္ဂလာကြံခင်းလမ်း ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါလမ်းသစ်ရှေ့ မုခ်ဦး၌ကျင်းပသည်။ အဆိုပါ ဥတ္တံတားကျေးရွာ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ် လမ်းကြီးကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအလှူရှင်၊ စေတနာရှင်များ စုပေါင်းထည့်ဝင်လှူ ဒါန်းငွေကျပ် သိန်း၁၂၃ အကုန်အကျခံကာ ယခင်မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လမ်းအရှည်ပေ ၁၆၈၅ အကျယ်ကိုးပေရှိသော လမ်းဖြစ်ကြောင်း သိရသည်။

စိုးအေး

လန်နိုင်ဘန် ကျောင်းဆောင်သစ်ဖွင့်

နောင်မွန် ဖေဖော်ဝါရီ ၁၈

ပူတာအိုခရိုင် နောင်မွန်မြို့နယ် ဆန်ခူးအုပ်စု လန်နိုင်ဘန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အဆိုပါကျောင်းဆောင်သစ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ခါနန်စီးတီးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကင်းရှင်းရေး လက်တွေ့သရုပ်ပြ

တာချီလိတ် ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်တွင် စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆိုင်ပိုင်ရှင်များနှင့် အရောင်းဝန်ထမ်းများကို မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ လက်တွေ့သရုပ်ပြရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက အရှေ့ပိုင်းသမစက်သုံးဆီအရောင်းဆိုင်ဝင်းအတွင်း၌ ကျင်းပသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်ရုံး(ကျိုင်းတုံ)မှ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းဌာနခွဲ မန်နေဂျာ ဦးသက်မြင့်နှင့် တွဲဖက်ပြည်နယ် မီးသတ်ဦးစီးဌာန(ကျိုင်းတုံ)မှ တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးသိန်းမြင့်တို့က စက်သုံးဆီနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လက်တွေ့သရုပ်ပြရှင်းလင်းပြောကြားသည်။

(အောက်ပုံ)(ဝေယံလင်း-iprd)

ကလေးမြို့သို့ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု ယခင်နှစ်များကထက် ပိုမိုများပြား

ကလေး ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ယခင်နှစ်များကထက် ပြည်ပနိုင်ငံများမှ ခရီးသွားဝင်ရောက်မှု ပိုမိုများပြားခဲ့ရာ အလည်အပတ်ခရီးသွားများနှင့် ကားများဖြင့် အုပ်စုအလိုက် နိုင်ငံဖြတ်ကျော်ခရီးသွားလာသော ပြည်ပနိုင်ငံခြားသားများ ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

ကလေးမြို့သည် လေယာဉ်ခရီးစဉ်များကို တနင်္ဂနွေနေ့မှလွဲ၍ နေ့စဉ်ရှိရာ နိုင်ငံခြားသားခရီးသွားများနှင့် ဒေသတွင်းခရီးသွားပြည်သူများအတွက် လေယာဉ်ခရီးစဉ်ကို အားထားနေရသည်။ တရားဝင်ပြည်ပနိုင်ငံခြားသားခရီးသွား ဝင်ရောက်မှုအနေဖြင့် ၂၀၁၄ ခုနှစ်အတွင်း ၂၇၇၄ ဦးဝင်ရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ၃၅၇ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဆီကို နိုင်ငံခြားသားတွေက အလည်အပတ်တွေပဲ အလာများပါတယ်။ အများအားဖြင့်လာတာက ဥရောပနိုင်ငံတွေဖြစ်တဲ့ ဂျာမနီ၊ အင်္ဂလန်၊ ကနေဒါလူမျိုးများနှင့် အာရှမှာတော့ စင်ကာပူ၊ ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်လူမျိုးတွေလည်း လာပါတယ်။ အာရှကလာတယ် ဆိုရင်တော့ အလုပ်ကိစ္စနဲ့ လာတာများပါတယ်။ များသောအားဖြင့် ကလေးမြို့ကို ကားနဲ့ ဖြတ်သွားဖြတ်လာတွေပဲ များပါတယ်"ဟု တောင်ဇလပ်ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကလေးမြို့ကတော့ လည်ပတ်စရာနေရာတွေ သိပ်မရှိပါဘူး။ သူတို့သွားတတ်တာကတော့ မြို့ကိုအပေါ်စီးကမြင်ရတဲ့ ချင်းတောင်တက် View point တွေကို သွားတတ်ပါတယ်"ဟု ၄င်းဟိုတယ်မှ တာဝန်ရှိသူတစ်ဦးကပြောပြသည်။

သျှင်နေမင်း

ဘာသာပြန်သတင်းဆောင်းပါး

အာရှတွင် မကြုံတွေ့ဖူးသည့် အမြန်ဆုံးစက်မှုအသွင်ကူးပြောင်းရေးဖြစ်ရပ် မြန်မာနိုင်ငံ ကြုံတွေ့ရနိုင်ကြောင်း ဩစတြေးလျသတင်းစာ ခန့်မှန်း

သုတ

အာရှတိုက်၏ ကုန်ထုတ်လုပ်မှု အချက်အချာနေရာမှာ ထုတ်လုပ်မှု စရိတ်ကြီးမားသော တရုတ်နိုင်ငံ ဦးဆောင်သည့် မြောက်အာရှဒေသမှ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနိုင်ငံနှင့် အထူးသဖြင့် စိတ်လှုပ်ရှားဖွယ်ရာ စီးပွားရေးနယ်ပယ်သစ်ဖြစ်လာသည့် မြန်မာနိုင်ငံတို့ပါဝင်သောမဟာမဲခေါင်ဒေသသို့ ပြောင်းရွှေ့သွားမည်ဟု ဩစတြေးလျနှင့် နယူးဇီလန်ဘဏ် လုပ်ငန်းအုပ်စု(ANZ)က ခန့်မှန်းထားကြောင်း ဩစတြေးလျသတင်းစာ The Australian က ဆိုသည်။

ANZ ၏ "Myanmar-Asia's Uncut Gem" ဟု အမည်ပေးထားသည့် အစီရင်ခံစာတစ်ခုတွင် မြန်မာနိုင်ငံ၏ နှစ်စဉ် ဂျီဒီပီ တိုးတက်မှုမှာ ၁၀ ရာခိုင်နှုန်းဖြင့် တစ်ဟုန်ထိုးမြင့်တက်သွားမည်ဖြစ်ပြီး စီးပွားရေးအရ ဆယ်စုနှစ်ငါးစုကြာ နောက်ကျနေသည့် အိမ်နီးချင်းနိုင်ငံများကို အမီလိုက်တော့မည်ဟု ရေးသားထားသည်။ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်က ဩစတြေးလျနိုင်ငံသို့ မြန်မာနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၃၂၁၈ ဖိုး ကုန်ပစ္စည်းများ တင်သွင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၄၀၀၅၂ တန်သည့် ကုန်ပစ္စည်းများ တင်ပို့ခဲ့သည်။ လူဦးရေ ၅၁ သန်းကျော်ရှိသည့် ဒေသတွင်း အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် ဩစတြေးလျနိုင်ငံ၏ ၇၁ နိုင်ငံမြောက် ကုန်သွယ်ဖက်နိုင်ငံဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံ စီးပွားရေး တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာများကို တရုတ်နှင့် အိန္ဒိယကဲ့သို့သော စီးပွားရေးအင်အားကြီးနိုင်ငံနှစ်နိုင်ငံကြား တည်ရှိခြင်း၊ မြန်မာနိုင်ငံ၏ များပြားသော အရန်ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်းထွက်များအပြင် များပြားသော ထွန်ယက် စိုက်ပျိုးနိုင်သည့်မြေနှင့် အလျှံပယ်ကြွယ်ဝသည့် ရေအရင်းအမြစ်၊ အလုပ်လုပ်ကိုင်နိုင်သည့် ငယ်ရွယ်သူလူဦးရေနှင့် လုပ်အားခ သက်သာမှုတို့က အားဖြည့်ပေးကြောင်း ANZ နိုင်ငံတကာနှင့် အင်စတီကျူးရှင်းနယ်ဘဏ်လုပ်ငန်း အမှုဆောင်အရာရှိချုပ် အန်ဒရူး ဂဝ်ဇီက ပြောကြားသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးအသွင်ပြောင်းလဲမှုမှာ မြေကြီးလက်ခတ်မလွဲသည့် အရာတစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ "ပွင့်လင်းမြင်သာတဲ့ အင်စတီကျူးရှင်းများနဲ့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနဲ့ အကျွမ်းတဝင်ရှိတဲ့ ပတ်ဝန်းကျင်က ကျွမ်းကျင်မှုနဲ့ နည်းပညာလွှဲပြောင်းပေးအပ်ရေးအတွက် မရှိမဖြစ်လိုအပ်ပါတယ်" ဟု သူကဆိုသည်။ သို့သော် မြန်မာနိုင်ငံသည် အာရှတိုက်တွင် တစ်ကြိမ်တစ်ခါမျှ မကြုံတွေ့ဖူးသည့် အမြန်ဆုံး စက်မှုအသွင်ကူးပြောင်းရေးဖြစ်ရပ်ကို ကြုံတွေ့ရနိုင်ကြောင်း သူက ယုံကြည်နေသည်။

မြန်မာနိုင်ငံ၏ ပုဂ္ဂလိကငွေချေးစနစ်မှာ ဂျီဒီပီ၏ ၁၀ ရာခိုင်နှုန်းမျှသာရှိပြီး နှိုင်းယှဉ်ပါက အာဆီယံနိုင်ငံများတွင် ၉၀ ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်ကာ မကြာသေးမီက ANZ အပါအဝင် နိုင်ငံခြားဘဏ်ကိုးခုကို လိုင်စင်များချပေးရန်ဆောင်ရွက်မှုများက ဘဏ္ဍာရေးနယ်ပယ်ကို ဖွံ့ဖြိုးလာစေမည် ဖြစ်သည့်အပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကိုယ်ပိုင်လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရရှိရေးအတွက် ဥပဒေတစ်ရပ်ကိုလည်း ပြဋ္ဌာန်းခဲ့သည်။ သို့သော် မြန်မာနိုင်ငံသည် ချက်ချင်းလက်ငင်း အကျိုးဖြစ်ထွန်းစေမည့် သယံဇာတ ထုတ်ယူသုံးစွဲမှုကို ဟန်ချက်ညီထိန်းရန်လိုအပ်ပြီး သယံဇာတများအပေါ် အလွန်အကျွံမှီခိုမှုအား ရှောင်ရှားသင့်ကြောင်း သတိပေးထားသည်။ ယခုနှစ်နှောင်းပိုင်းတွင် ကျင်းပရန် စီစဉ်ထားသော ရွေးကောက်ပွဲက မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့် ကိုယ်စားပြုအစိုးရတစ်ရပ် ဖွဲ့စည်းရန်နှင့် နိုင်ငံ့စီးပွားရေး၏ ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အား ပေးထားနိုင်သေးပြီး လူဦးရေ၏ ၁၀ ရာခိုင်နှုန်းသာ ငွေကြေးထောက်ပံ့မှု ရရှိထားသည့် ပြည်သူအပေါ် အခြေခံသော ဖွံ့ဖြိုးတိုးတက်မှု ရရှိလာအောင် ဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချထားကြောင်း ယုံကြည်လောက်အောင် ပြသရမည်ဟု အဆိုပါအစီရင်ခံစာက ဆိုသည်။

ဆောင်းပါးရှင် Rowan Callick **ရေးသားသည့်** Bullish outlook for Myanmar, South-East Asia's 'uncut gem' **ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားသည်။**

ကလေးမြို့တွင် ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ တည်ဆောက်မည်

ကလေး ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများကို လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကလေးမြို့မှာက တိုင်းရင်းဆေးရုံဆိုတာ မရှိသေးပါဘူး။ တိုင်းရင်းဆေးနဲ့ပဲ ကုသချင်တဲ့ ပြည်သူတွေအတွက် နိုင်ငံတော်ကနေပြီး လာမယ့်ဘဏ္ဍာနှစ်မှာ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံဆောက်ဖို့ဆိုပြီး ၂၁၄ ဒသမ ၂၇၂ သန်းနှင့် ဝန်ထမ်းအိမ်ရာအတွက် ၃၃၂ ဒသမ ၈၀၀ သန်းကို ခွင့်ပြုပြီးဖြစ်ပါတယ်။ တည်ဆောက်မည့် မြေနေရာကိုတော့ မသိရှိရသေးပါဘူး" ဟု ကလေးမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောသည်။

ကလေးမြို့တွင် တည်ဆောက်မည့် တိုင်းရင်းဆေးရုံသည် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ပထမဆုံးတည်ဆောက်သည့် တိုင်းရင်းဆေးရုံ ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

အင်ပူမြို့နယ်တွင် လောက်ကိုင်ဒေသစစ်မြေပြင်ရောက် တပ်မတော်သားများအတွက် ထောက်ပံ့ပစ္စည်းပေးအပ်

အင်ပူ ဖေဖော်ဝါရီ ၁၈

အင်ပူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးတွင် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၁ နာရီက လောက်ကိုင်ဒေသစစ်မြေပြင်ရောက် တပ်မတော်သားများအတွက် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် အင်ပူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ထောက်ပံ့ပစ္စည်းပေးအပ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး အင်ပူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်က ထောက်ပံ့ငွေကျပ် ၆၀၀၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူး ဦးနေလင်းအောင်က ထောက်ပံ့ငွေကျပ် ၆၀၀၀၀ နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၂၀၀၀၀၀ တို့အား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌထံ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကားပျောက်ကြော်ငြာ

Toyota CALDINA CNG Taxi EE-2069 အား မောင်းသူ တင်ဝင်းနိုင် ၁၂/လသပ(နိုင်)၀၂၆၇၇၆ က ၇-၂-၂၀၁၅ရက်တွင် ပိုင်ရှင်ထံ ပြန်လည်အပ်နှံရမည်ဖြစ်သော်လည်း ယနေ့တိုင်ပျက်ကွက်နေပါ၍ ၎င်းအားတွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။ ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ယာဉ်ပိုင်ရှင်
ဖုန်း-၀၁-၆၈၄၈၈၂
၀၉-၅၀၇၅၁၅၅
၀၉-၄၉၂၉၃၃၄၈

ပျောက်ဆုံးကြောင်း

ကျွန်တော်ခွန်စိန်ဝင်းလှိုင် ၁၃/တကန(နိုင်)၂၃၁၃၂၅၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၆၁၆၂၂၀၈

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ စတုတ္ထတန်း(က)မှ နန်းစန်းဟွမ်မွှမ်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်နွမ်း(ခ)ဦးစိုင်းဟွမ်နွမ်း(ခ)ဦးစိုင်းပညာ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်မနန်းစပယ်ဖူး ၁၃/တကန(နိုင်)၁၆၀၀၆၄၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၆၁၉၃၉၈၂

တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်ရွှေမြို့၊ အထက(ခွဲ)၊ နဝမတန်း(က)မှ မောင်လွင်မျိုးအောင်နှင့်မောင်ရှင်းသန့် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်လွင်မျိုးအောင်(ခ)မောင်ရှင်းသန့်

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ၈၊ သန္တာလမ်း၊ အမှတ်(ရ/၁၇၃) နေ စိုင်းခမ်းခွန်လောဝ်ဝီး၏ဖခင်အမည်မှန်မှာ ဦးအိုက်နွမ်း(ခ)ဦးစိုင်းဟွမ်နွမ်း(ခ)ဦးစိုင်းပညာဖြစ်ပါကြောင်း။

မိုးကုတ်မြို့၊ ပိတ်ဆွယ်တောင်နီကွေ့ရပ်ကွက်နေ ဒေါ်အေးအေးငြိမ်း ၁၀/မလမ(နိုင်)၀၆၁၇၉၂ နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက် ဦးမောင်မောင်စိုးလမ်းသွယ်၊ အမှတ် (၃၉-စီ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ လူနေရပ်ကွက်အမှတ် (သမိုင်း)၊ မြေကွက်အမှတ် (၃၉-စီ)၊ အကျယ် (၃၅×၇၀)ပေရှိ မြေကွက်ကို ဒေါ်ခင်ကြွယ် ၁၂/မရက(နိုင်)၀၆၂၆၈၈ ထံမှ ဒေါ်အေးအေးငြိမ်း ၁၀/မလမ(နိုင်)၀၆၁၇၉၂ က ဝယ်ယူခဲ့ပြီး ဒေါ်အေးအေးငြိမ်းမှကျွန်ုပ်၏မိတ်ဆွေဒေါ်အေးအေးမော်သို့ မြေအရောင်းအဝယ် စရန်ပေးစာချုပ်ချုပ်ဆိုကာ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရောက်ပေးအပ်ပြီးဖြစ်ပါသည်။ ကျန်ငွေပေးချေမည့်ရက်တွင် ရောင်းသူဒေါ်အေးအေးငြိမ်းလာရောက်ခြင်းမရှိ၍ ဒေါ်အေးအေးမော်မှ ကျန်ငွေပေးချေရန်အတွက် ဒေါ်အေးအေးငြိမ်း လိပ်စာပါမိုးကုတ်မြို့၊ ပိတ်ဆွယ်တောင်နီကွေ့ရပ်ကွက်သို့ သွားရောက်စုံစမ်းသော်လည်း တွေ့ရှိခဲ့ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ဒေါ်အေးအေးငြိမ်းအနေဖြင့် ဤကြေညာပါသည့်ရက်မှ တစ်လအတွင်း မြေကွက်ဖိုးကျန်ငွေအား လာရောက်ယူပါရန်နှင့် မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပါရန် အကြောင်းကြားကြေညာအပ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်ဝယ်ယူပိုင်ဆိုင်အမည်ပေါက်ရေးအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးကြည် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၆၃)
အမှတ် (၄၇၇)၊ ပထမထပ်၊ ၇ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၁၁၂၅၇၇

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် ၁၄၁၊ မြေကွက်တည်နေရာအမှတ်(၁၄၁)၊ ခွာညို(၂)လမ်း ဒေါ်ခင်ရီ စီအေ-၀၅၁၄၀၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်ခင်ရီ၊ ဖခင်ဦးထွန်းရှိန် ကွယ်လွန်သဖြင့် ဒေါ်ခင်သန်းလွင် ၁၂/ဥကမ(နိုင်)၀၅၁၀၁၇၊ ဦးမြင့်ဆွေ ၁၂/ဥကမ(နိုင်)၁၉၁၂၅၀၊ ဦးမြင့်နိုင် ၁၂/ဥကမ(နိုင်) ၀၅၀၇၂၇၊ ဦးသက်ထွန်းရှိန် ၁၂/ဥကမ(နိုင်) ၂၂၄၀၇၄ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၂၆၂၊ မြေကွက်တည်နေရာအမှတ် ၂၆၂/က၊ ၆ လမ်း၊ (၁၁)ရပ်ကွက် (ဦးအေးမြင့်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဦးအေးမြင့်ကွယ်လွန်သဖြင့် ဒေါ်သောင်းအေး ၁၂/ဥကတ(နိုင်) ၀၁၅၈၆၁ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ် ၇၆ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၂၈-စီ၊ မြေဧရိယာ ၀ ဒသမ ၅၀၅ ဧကရှိ ဂရန်ရှိမြေပိုင်မြေ၊ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူမှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန်အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးရီ LL.B — **ဒေါ်လှလှခိုင် LL.B**
တရားလွှတ်တော်ရှေ့နေ(၄၃၇၃) — **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**
အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁A၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

နိုင်ငံတကာအားကစား

အဝေးကွင်းမှာ အမှတ်ယူဦးမယ့် ဘိုင်ယန်မြူးနစ်ရဲ့ ပွဲစဉ်(၂၂)

မိုးမြင့်လင်းလက်

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၂)ကို ဖေဖော်ဝါရီ ၂၁ ရက် ညပိုင်းမှာ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ တန်းဆင်းဇုန်ထဲက ပြန်လည်ရုန်းထွက်လာတဲ့ ဒေါ့မွန်ရဲ့ မာန်ဟုန်ပြင်းမှု၊ ဘိုင်ယန်မြူးနစ်တို့ အဝေးကွင်းမှာ အောင်ပွဲခံနိုင်မှု၊ ရှော်လ်ကေးနဲ့ ဝါဒါဘရီမင်တို့ရဲ့ ပြင်းထန်တဲ့ အားပြိုင်မှုတွေရဲ့ ပုံရိပ်တွေကို မြင်တွေ့အားပေးကြရဦးမှာ ဖြစ်ပါတယ်။

ပါဒါဘွန်းနှင့် ဘိုင်ယန်မြူးနစ်

ပထမအကျော့ ဘိုင်ယန်မြူးနစ်ကွင်းမှာ ကစားခဲ့စဉ်က ပါဒါဘွန်းတို့ လေးဂိုးပြတ်နဲ့ ရှုံးပွဲကြုံထားပါတယ်။ အိမ်ကွင်းမှာ ပေးဂိုးများတတ်တဲ့ ပါဒါဘွန်းရဲ့ ခံစစ်ကြောင်းကို ဘိုင်ယန်မြူးနစ်တိုက်စစ်မှူးတွေ ကျော်ဖြတ်ဂိုးသွင်းကြဦးမှာပါ။ ပါဒါဘွန်းဟာ အိမ်ကွင်းဆိုပေမယ့် ဂိုးမပြတ်အောင် ခုခံကာကွယ်ပြီး မျှော်လင့်ချက်ထားလို့မရတာတော့ အမှန်ပါပဲ။

စတုဂတ်နှင့် ဒေါ့မွန်

ဒေါ့မွန်ကွင်းမှာ ပထမအကျော့ကစားခဲ့တဲ့ရလဒ်က နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပေမယ့် အခုပွဲအိမ်ကွင်းမှာ စတုဂတ်တို့ အမှတ်ပြည့်ရယူဖို့မလွယ်ပါဘူး။ ရှုံးပွဲတွေများပြီး ဝေဖန်ပြစ်တင်မှုတွေအောက်က ပြည်လည်နိုးထလာတဲ့ ဒေါ့မွန်ရဲ့ ခြေစွမ်းတွေက တန်းဆင်းဇုန်ထဲက စတုဂတ်ကို အပျော်တွေ ဆိတ်သုဉ်းစေဦးမှာပါ။

ရှော်လ်ကေးနှင့် ဝါဒါဘရီမင်

ပထမကျော့မှာ ရှော်လ်ကေးတို့က သုံးဂိုးပြတ်နိုင်ပွဲရထားတာမို့ အခုပွဲအိမ်ကွင်းမှာဆိုတော့ ရှော်လ်ကေးတို့ အင်အားပြည့်နဲ့ကစားဦးမှာပါ။ နှစ်သင်းစလုံး ပြီးခဲ့တဲ့ပွဲစဉ်မှာ နိုင်ပွဲတွေကိုယ်စီရထားတာမို့ အခုပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်မှာပါ။ ဒါပေမယ့် ရှော်လ်ကေးတိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်မှုက ပိုပြီးမြင့်မားတာမို့ ဒီပွဲအပြီးမှာ အိမ်ရှင်ပရိသတ်တွေ အောင်ပွဲခံပါလိမ့်မယ်။

အော့စ်ဘတ်နှင့် လေဗာကူဆင်

ပထမအကျော့ပွဲစဉ်မှာ လေဗာကူဆင်တို့ နိုင်ပွဲရရှိထားပါတယ်။ ဒါကြောင့် အခုပွဲအိမ်ကွင်းမှာတော့ အော့စ်ဘတ်တို့ အမှတ်ရဖို့ ပေါက်ကွဲတော့မှာဖြစ်ပါတယ်။ အိမ်ကွင်းမှာ ပြိုင်ဘက်ကို ဖိအားပေးကစားနိုင်တဲ့ အော့စ်ဘတ်ကို လေဗာကူဆင်တို့ အသက်ရှူမှားအောင်ကစားရမှာမို့ အိမ်ရှင်ဘက်က ပြတ်ပြတ်သားသား ရပ်တည်လိုက်တာ အကောင်းဆုံးပါပဲ။

ကိုလုံးနှင့် ဟန်နိုဗာ

ခြေစွမ်းတူညီတဲ့နှစ်သင်းမို့ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုတွေရှိလာမယ့် ပွဲပါပဲ။ ပထမအကျော့ပွဲစဉ်မှာ ဟန်နိုဗာတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့တာမို့ အခုပွဲကတော့ ကိုလုံးတို့ အိမ်ကွင်းမှာ ရှုံးကြွေးပြန်ဆပ်ပါလိမ့်မယ်။

ဝုဖ်ဘတ်နှင့် ဟာသာဘာလင်

ဝုဖ်ဘတ်ရဲ့ အသင်းလိုက်ကြိုးစားအားထုတ်မှုက ပြန်ကောင်းနေတဲ့အပြင် အနိုင်ယူလိုစိတ်လည်း ပြင်းထန်နေပါတယ်။ ဝုဖ်ဘတ်ရဲ့ အိမ်ကွင်းရလဒ်တွေက ကောင်းမွန်နေပြီး အမှတ်ရအောင် ကစားနိုင်တာမို့ ဝုဖ်ဘတ်ရဲ့ အားထုတ်မှုကို အသိအမှတ်ပြုရမယ့်ပွဲပါ။

ဟမ်းဘတ်နှင့် မိုချန်ဂလာဘတ်

ဟမ်းဘတ်တို့ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်ကို ရှစ်ဂိုးပြတ်ရှုံးခဲ့တာမို့ စိတ်ဓာတ်ပျက်ပြားနေတာတော့ အမှန်ပါပဲ။ ပထမအကျော့မှာလည်း မိုချန်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားတာမို့ အခုပွဲမှာလည်း မိုချန်တို့ကိုပဲ အားပေးတာအကောင်းဆုံးပါ။

မိန့်ဇ်နှင့် ဖရန့်ဖတ်

ဖရန့်ဖတ်တို့ အဝေးကွင်းဆိုပေမယ့် ခြေစွမ်းသာလွန်မှုရှိနေပါတယ်။ မိန့်ဇ်ဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာဆိုပေမယ့် အခုပွဲမှာ အဲဒီရလဒ်ကို ပြန်ရဖို့တောင် မလွယ်ပါဘူး။ ဖရန့်ဖတ်ကိုပဲ ယုံကြည်ရမှာဖြစ်တယ်။

အက်ဖ်အေချန်ပီယံ အာဆင်နယ်နဲ့ မန်ယူတို့တွေ့ကြပြီ

ပရီမီယာလိဂ် ထိပ်သီးအသင်းတွေဖြစ်တဲ့ လီဗာပူး၊ မန်ယူနဲ့ အာဆင်နယ်တို့ဟာ အက်ဖ်အေဖလား ကွာတားဖိုင်နယ်ကို တက်လာတဲ့အသင်းတွေပါ။ ဒီနှစ်ရာသီမှာ ထိပ်သီးအသင်းတွေကပဲ ချန်ပီယံဖြစ်သွားနိုင်တဲ့ အနေအထားပါ။ ဒါပေမယ့် ကွာတားဖိုင်နယ် အဆင့်မှာတော့ လက်ရှိချန်ပီယံ အာဆင်နယ်က မန်ယူကွင်းမှာ သွားကစားရမှာပါ။ ပြိုင်ပွဲတွေကို လာမယ့် မတ် ၇ ရက် သို့မဟုတ် ၈ ရက်မှာ ကျင်းပမှာဖြစ်ပါတယ်။ နာမည်ကြီးလီဗာပူးကတော့ ဘလက်ဘန်းအသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားပေးရမှာဖြစ်ပါတယ်။ ဘရက်ဖို့စီးတီးအသင်းကတော့ ရက်ဒင်းအသင်းနဲ့ ရင်ဆိုင်ရမှာပါ။ အက်စ်တွန်ဗီလာနဲ့ ဝက်စ်ဘရွန်းတို့ကတော့ ဗီလာပတ်(ခ်)မှာ ဆုံမှာဖြစ်ပါတယ်။

ပရက်စတန်နဲ့ပွဲမှာ မန်ယူအတွက် ဒုတိယဂိုးသွင်းယူခဲ့တဲ့ ဖယ်လိုင်နီကတော့ အာဆင်နယ်နဲ့ကစားရမယ့်ပွဲဟာ ပွဲကြီးပွဲကောင်းတစ်ပွဲပါပဲလို့ ပြောဆိုလိုက်ပါတယ်။ အာဆယ်နယ်နဲ့ မန်ယူတို့ ၂၀၀၄-၂၀၀၅ အက်ဖ်အေဗိုလ်လုပွဲမှာ ဆုံတွေ့ခဲ့တုန်းကတော့ မြောက်လန်ဒန်သားတွေက ပယ်နယ်တီ ငါးဂိုး-လေးဂိုးနဲ့ နိုင်ခဲ့ဖူးပါတယ်။

လီဗာပူးကလည်း ဆွမ်ဆီးနဲ့ စတုတ်ကိုနိုင်ပြီး ကွာတားတက်လာတဲ့ ဘလက်ဘန်းကို အနိုင်ယူနိုင်ဖို့ မျှော်လင့်ထားပါတယ်။ ၁၉၇၆ ခုနှစ်နောက်ပိုင်း ကွာတားဖိုင်နယ်တက်လာခဲ့တဲ့ ဘရက်ဖို့ကတော့ ချယ်လ်ဆီးနဲ့ ဆန်းဒါးလန်းကိုအနိုင်ယူခဲ့တာကြောင့် ရက်ဒင်းကိုနိုင်ဖို့ယုံကြည်မှုတွေ အပြည့်ရှိနေပါတယ်။

ကောင်းမြတ်သူ
စုစည်းသည်


မေဝဲသား

ပတ်ကွီယို

ပက်ကွီယိုကို စိန်ခေါ်နေတဲ့ မေဝဲသား

ဖိလစ်ပိုင်နိုင်ငံသား ပတ်ကွီယိုဟာ အာရှအဆင့်ကနေ ကမ္ဘာ့အဆင့်အထိ အောင်မြင်နေတဲ့ လက်ဝှေ့ကျော်တစ်ဦးပါ။ ပြိုင်ဘက်တိုင်းကို အလဲထိုးပွဲတွေနဲ့ အနိုင်ယူလာခဲ့တဲ့ ပတ်ကွီယိုဟာ အခုအခါမှာတော့ အမေရိကန်လက်ဝှေ့ကျော် မေဝဲသားနဲ့ ထိုးသတ်ဖို့အစီအစဉ်ရှိနေပါတယ်။ သူတို့နှစ်ဦးရဲ့ပွဲကို ကမ္ဘာ့လက်ဝှေ့လောက အသိုင်းအဝိုင်းတစ်ခုလုံးက စိတ်ဝင်တစားရှိနေကြပါတယ်။

မေဝဲသားကတော့ ပတ်ကွီယိုနဲ့ ထိုးသတ်ဖို့မျှော်လင့်ပါတယ်လို့ ပြောဆိုလိုက်ပါပြီ။ သူ့အနေနဲ့ ပတ်ကွီယိုကို အနိုင်ယူဖို့ ဆန္ဒပြင်းပြနေတဲ့ အနေအထားပါပဲ။ အသက် ၃၇ နှစ်အရွယ် မေဝဲသားနဲ့ အသက် ၃၆ နှစ်အရွယ် ပတ်ကွီယိုတို့ဟာ မကြာသေးမီက အမေရိကန်ဘတ်စကက်ဘောပြိုင်ပွဲတစ်ခုမှာ အချင်းချင်း ဖုန်းနံပါတ်လဲလှယ်မှုတွေ လုပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။

ပြိုင်ပွဲဖြစ်ဖို့ ကျွန်တော်လက်မှတ်မထိုးရသေးသလို သူလည်းလက်မှတ်မထိုးရသေးပါဘူးလို့ မေဝဲသားက ပြောပါတယ်။ သို့ပေမယ့် မေဝဲသားက WBCနဲ့ WBA ချန်ပီယံပီပီ ပတ်ကွီယိုကို စိန်ခေါ်လိုက်ပါပြီ။ ဒါကြောင့် မေ ၂ ရက်မှာ လတ်ဗီးဂက်စ်မြို့မှာ ထိုးသတ်ဖို့ သတင်းများ ထွက်ပေါ်နေပါတယ်။

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကတ-၁ တိုးချဲ့၊ မြေကွက်အမှတ် ၄၉၈၊ ပေ ၄၀×ပေ ၆၀၊ မြေကွက်တည်နေရာအမှတ် ၄၉၈၊ တေးဥယျာဉ် (၉)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဒေါ်သန်းဝင်း ၁၄/လမန(နိုင်)၀၂၅၇၇၂ အမည်ပေါက် ပါမစ်မြေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ဇာပိုးဖြူ ၁၀/သထန(နိုင်)၁၃၃၈၇၈မှ မြေချပါမစ်မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်ထောက်ခံခက်၊ ကိုယ်တိုင်ဝန်ခံချက်တို့ တင်ပြ၍ မြေချပါမစ်ပျောက်ဆုံးဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်လုပ်ဆောင်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် ၁၂၆၂/ခ၊ မြေကွက်တည်နေရာအမှတ် ၁၂၆၂/ခ၊ နဝရတ်(၄)လမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတင်အေး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်အေး(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ကြွယ် ၁၂/သကတ(နိုင်)၀၂၆၆၀၃ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်၉/၁၇၊ အခန်း ၂၃ တွင်နေထိုင်သူ ဦးသိန်းဇော် ၁၂/ပဇတ(နိုင်)၀၂၃၂၃၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးသိန်းဇော်၏ဖခင် ဦးတင်လှ ၁၂/ပဇတ(နိုင်)၀၂၇၃၃၅ က ၁၇-၁၀-၂၀၀၈ ခုနှစ်တွင် အမှတ်(၄)၊ အခန်း(F-5)၊ ငါးလွှာ၊ အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ်ရှိ တိုက်ခန်းအား ဒေါ်မာမာဇင်ထံမှ ဝယ်ယူခဲ့ပြီး ၂-၂-၂၀၀၉ ခုနှစ်တွင် သေဆုံးခဲ့ရာ ၄င်းတွင်သားသမီးငါးဦး ကျန်ရစ်ခဲ့ပါသည်။ ထိုသို့ဖခင်ဖြစ်သူ ဦးတင်လှကျန်ရစ်ခဲ့သည့် ပစ္စည်းနှင့်ပတ်သက်၍ မောင်နှမ(၅)ဦးလုံး အမွေခွဲခြင်းမရှိသေးသည့်အတွက် အဆိုပါတိုက်ခန်းအား အမွေဆိုင်တစ်ဦးတစ်ယောက်မှ ရောင်းချခြင်းမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမွေဆိုင်များနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကြူကြူမာ LL.B,D.B.L အထက်တန်းရှေ့နေ
စဉ်-၃၆၆၁၄
အမှတ်(၁၁၅၁)၊ A-4 လေးလွှာ၊ ဇေယျာသုခလမ်း၊
မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်

[illegible]

[illegible]

ပြည်တွင်းသတင်း

ချင်းအမျိုးသားနေ့အခမ်းအနား ဟားခါးမြို့၌ စည်ကားစွာကျင်းပမည်

ဟားခါး ဖေဖော်ဝါရီ ၁၈

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင်ကျရောက်မည့် (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်၏မြို့တော် ဟားခါးမြို့ရှိ ဝမ္မသူးမောင်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ချင်းတိုင်းရင်းသားတို့၏ အမျိုးသားရေး လက္ခဏာတစ်ရပ်အဖြစ် ကျင်းပမည့် ချင်းအမျိုးသားနေ့တွင် ရှေးအစဉ်အဆက် နေထိုင်လာခဲ့ကြသော ချင်းလူမျိုးတို့၏ အဆင့်ဆင့် ပြောင်းလဲလာခဲ့သည့် လူနေမှုဘဝ၊ ရိုးရာဝတ်စားဆင်ယင်မှုများကို ပြည်နယ်ဝန်ကြီးဌာနများက ပြခန်းများဖွင့်လှစ်ပြသသွားမည်ဟု သိရသည်။

ထို့အပြင် ချင်းတိုင်းရင်းသားမျိုးနွယ်စုများ၏ မတူညီသော ရိုးရာယဉ်ကျေးမှု အကပဒေသာများ၊ ရိုးရာတေးသီချင်း ဖျော်ဖြေတင်ဆက်မှုများ၊ စျေးအရောင်းဆိုင်များ၊ ချင်းရိုးရာနပန်းပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲစသည့် ပျော်ပွဲရွှင်ပွဲများလည်း ထည့်သွင်းစီစဉ်ထားကြောင်း၊ ချင်းအမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အဆင့် တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်ဝန်ကြီးချုပ်များကို ဖိတ်ကြားထားကြောင်း ချင်းအမျိုးသားနေ့ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖလမ်းမြို့၌ ၁၉၄၈ ခုနှစ်က ပထမဆုံးစတင်ပြုလုပ်ခဲ့သော ချင်းအမျိုးသားညီလာခံကိုအစွဲပြု၍ ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက်မှစတင်ကာ ဟားခါးမြို့၌ ချင်းအမျိုးသားနေ့ဟု တရားဝင်အမည် ပြန်လည်သတ်မှတ်၍ ပထမဆုံးအကြိမ် ကျင်းပခဲ့ပြီး ချင်းပြည်နယ် မင်းတပ်မြို့၌ ဒုတိယအကြိမ်ကျင်းပခဲ့ကာ ယခုကျင်းပမည့် ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့သည် တတိယအကြိမ်မြောက် ကျင်းပမည့် အခမ်းအနားဖြစ်ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ဟားခါးမြို့၌ ၂၀၁၃ ခုနှစ်ကကျင်းပခဲ့သော (၆၅)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား။

မြောက်ယမား လက်ယာတိုးချဲ့ရေသောက်စနစ်တူးမြောင်းတူးဖော်

ပုလဲ ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်၌ လယ်ယာမြေ ဧက ၉၀၀၀ ကို ရေပေးဝေနိုင်မည့် မြောက်ယမား လက်ယာတိုးချဲ့ရေသောက်စနစ် တူးမြောင်း တူးဖော်ခြင်းလုပ်ငန်းကို နိုင်ငံတော်သမ္မတ၏ အထူးသီးသန့်ရန်ပုံငွေမှ ခွင့်ပြုငွေကျပ် သန်း ၄၅၀၀ ဖြင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမား လက်ယာတိုးချဲ့ရေသောက်စနစ်တူးမြောင်းတူးဖော်ခြင်းလုပ်ငန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က မြေကြီးကျင်းပေါင်း ၆၄၀၀၀၀ နှင့် တူးမြောင်းအဆောက်အအုံ ၁၈၄ လုံးကို စက်ယန္တရား ၄၈ စီးဖြင့် ၂၀၁၄ ဩဂုတ်လအတွင်းက စတင်ဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် မတ်လကုန်တွင် ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေကို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဝန်ကြီး ဦးစောမြင့်ဦးနှင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မင်းခန့်စိုး(ဧယျာမြေ)

မိုးသီးနှံများ အထွက်နှုန်းတိုးရေး ဆွေးနွေး

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၈

၂၀၁၅-၂၀၁၆ ခုနှစ် စိုက်ပျိုးရာသီ မိုးနှမ်း၊ မိုးမြေပဲ မိုးစပါးစသည့်သီးနှံများ တစ်ဧကအထွက်နှုန်းတိုးတက်စေရေးနှင့် မျိုးကောင်းမျိုးသန့်များရွေးချယ်၍ တောင်သူများ၏မျိုးစေ့လိုအပ်ချက်ကို ဖြည့်ဆည်းရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲကို တောင်တွင်းကြီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ သီးနှံများတစ်ဧကအထွက်နှုန်းတိုးတက်စေရေးအတွက် လိုအပ်ချက်များကိုဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထွန်းမြင့်က ၂၀၁၄-၂၀၁၅ ခုနှစ် မိုးသီးနှံစံပြစမ်းသပ်ကွက်များ အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်နိုင်မှုအခြေအနေများ၊ မြေပဲနှင့် နှမ်းများကို ပုဂံကုန်းကျေးရွာနှင့် ကုက္ကိုခွကျေးရွာတို့တွင် ဧက ၅၀ စမ်းသပ်စိုက်ပျိုးထားမှုနှင့် အောင်မြင်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

နိုင်ဝင်း

သတင်းတို

နွေစပါးအထွက်တိုးရေး ပူးပေါင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စု၌ နွေစပါး အထွက်တိုးရေးအတွက် သက်လျင်အထွက်ကောင်း မျိုးသန့်စပါးမျိုးများဖြန့်ဝေခြင်းနှင့် ပျိုးထောင်ခြင်းနည်းပညာများ ဖြန့်ဝေခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုးလင်းနိုင်(iprd)

ချောင်းကူးဘေလီတံတားတည်ဆောက်မှု ကွင်းဆင်းစစ်ဆေး

ကလေးဝ ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မစိန်ကျေးရွာ၌တည်ဆောက်လျက်ရှိသော ချောင်းကူးဘေလီတံတားနှင့် ကျေးရွာအထကကျောင်းအတွက် ကျောင်းဆောင်သစ်တည်ဆောက်မှုများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မစိန်ကျေးရွာ ချောင်းကူးတံတားသည် မစိန်-ဆယ်ကြီးကျေးရွာချင်းဆက်လမ်းမပေါ်တွင်ရှိပြီး အရှည်ပေ ၂၆၀၊ အကျယ် ၁၈ ပေရှိ ဘေလီတံတားအမျိုးအစားဖြစ်ကာ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်ထောင်စုရန်ပုံငွေမှ ကျပ် ၂၅၀၀ သိန်း အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်ပြီး တည်ဆောက်ပြီးစီးပါက မစိန်ကျေးရွာကိုအဓိကထား၍ ဒေသတွင်းကျေးရွာအုပ်စု ၁၂ အုပ်စုမှ ကျေးရွာပေါင်း ၅၆ ရွာရှိ ကျေးလက်နေပြည်သူများအတွက် သွားလာဆက်သွယ်မှုနှင့် ဒေသထွက်ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် များစွာလွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။ တံတားဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ကလေးဝမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့ ဖေဖော်ဝါရီ ၁၃ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ခြင်းဖြစ်သည်။

ခရိုင်စီမံခန့် ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် မစိန်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းအတွက် ကျောင်းဆောင်သစ်ဆောက်လုပ်မှုနှင့် မီးဘေးလုံခြုံရေးအတွက် မီးသတ်ကားထားရှိရန် မြေနေရာများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဂျူနိုင်း

မွေးဖွားမှုမှတ်ပုံတင်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုပြုလုပ်

ပုလဲ ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မွေးဖွားမှုမှတ်ပုံတင်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုများကို ဖေဖော်ဝါရီ ၅ ရက်မှ ၁၀ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ လှုပ်ရှားမှုအဖြစ် ပုလဲမြို့နယ် အတွင်းရှိ လက်တောင်းကြီးကျေးရွာ၊ ကျန်းမာရေးဌာနတွင် ဖေဖော်ဝါရီ ၇ ရက်က အရှင်မွေးလက်မှတ်ပေးအပ်ပွဲကို ကျင်းပခဲ့ပြီး ပုလဲမြို့နယ် ဖွား/သေ မှတ်ပုံတင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ခေါင်းဆောင် ဦးအောင်ထွန်းမြင့်က အရှင်မွေးစာရင်း လက်မှတ်ထုတ်ပေးရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောကာ အသက် ၁ နှစ်အောက်ကလေး ၃၈ ဦးနှင့် အသက် ၁ နှစ်နှင့် ငါးနှစ်ကြား ကလေး ၁၅၅ ဦးအား အရှင်မွေးစာရင်းများ ထုတ်ပေးခဲ့သည်။

မင်းခန့်စိုး(ဧယျာမြေ)



ဖခင်အမည်မှန်

ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ အထက စတုတ္ထတန်း (C) မှ မောင်အောင်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးတည်မောင် ၁/ကမန(နိုင်)၀၀၉၄၃၅ ဖြစ်ပါကြောင်း။

ဦးတည်မောင်

ပိုင်ရှင်ကိုယ်တိုင်ငှားမည်

(1500 Sq.ft), MASTER တစ်ခန်း၊ အိပ်ခန်းနှစ်ခန်း၊ A.C သုံးလုံး၊ ဆက်တီတစ်စုံ၊ T.V၊ ရေခဲသေတ္တာ၊ ရေပူရေအေး၊ Bath Tub၊ အခန်းတိုင်းကျွန်းဗီရိုကြီးပါ၊ ပစ္စည်းအစုံ၊ လေဝင်လေထွက်ကောင်း၊ ကားပါကင်ရှိ၊ ဝေဇယန္တာအိမ်ရာ၊ ဒုတိယထပ်၊ Ex.Ph ပါ။ **ဆက်သွယ်ရန်**

ဖုန်း-၀၉-၅၁၇၀၄၆၈၊ ၀၁-၃၈၄၉၂၀

အမည်ပြောင်း ဦးထွန်းမြင့်-ဒေါ်ခင်မြင့်ဦးတို့၏သား မြောက်ဦးမြို့၊ အထက(၁)၊ ပဉ္စမတန်း(B)မှ မောင်မြတ်သန်းထိုက်အား ယနေ့မှစ၍ မောင်ဖြိုးမင်းသန့်ဟု ခေါ်ပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/3916 Honda Aety HA6, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစန်းအောင် ၁၂/ဥကတ(နိုင်)၁၁၈၀၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

မြေကွက်ရောင်းရန်ရှိသည်

သင်္ဃန်းကျွန်းမြို့နယ်၊
ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်၊
အကျယ် (427'x266')၊
ဂရန်အမည်ပေါက် မြေကွက်ရောင်းရန်ရှိသည်။
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ (ပွဲစားမလို)
ဖုန်း-၀၉-၂၅၂၄၄၂၆၂၀

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့နေ ဦးခင်မောင်ထွန်း၏သား မောင်မိုးထက်မင်းဦးနှင့် မောင်မင်းသန့်ထူးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်မိုးထက်မင်းဦး(ခ)
မောင်မင်းသန့်ထူး

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် ၁၃၃၃/ခ၊ မြေကွက်တည်နေရာအမှတ် ၁၃၃၃/ခ၊ ထူပါရုံအရှေ့ (၉)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ဦးစိုးပိုင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးစိုးပိုင် ၉/တတဥ(နိုင်)၀၀၉၉၄၅ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၁၅၉/၂၀၁၄) ၁၆-၁၂-၂၀၁၄ ရသူ ဒေါ်လှမြင့် ၁၂/သကတ(နိုင်)၀၉၈၆၅၂မှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကျေးရွာချင်းဆက်လမ်း ပြုပြင်ဖောက်လုပ်

ပုလဲ ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်ပုလဲမြို့နယ်အတွင်းရှိ ပုံတောင်ခြေတွင် ဝက်ကျ -ကျော်တော ကျေးရွာချင်းဆက်လမ်း အရှည် ၄ မိုင်၊ အကျယ် ၁၂ ပေကို ရာသီမရွေးသွားလာနိုင်ရန်အတွက် ပြုပြင်ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

လမ်းပြုပြင်မှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ စက်ယန္တရားကူညီမှုနှင့် မန္တလေးမြို့မှ ဦးကျော်ဝင်း(ကျောက်စိမ်းရောင်းဝယ်ရေးလုပ်ငန်း) မိသားစု၏ လှူဒါန်းငွေကျပ် ၁၅ သိန်းဖြင့် ဖေဖော်ဝါရီ ၅ ရက်မှစတင်၍ ပြုပြင်ဖောက်လုပ်နေခြင်းဖြစ်သည်။ "ကျွန်တော်က ကျော်တောကျေးရွာဇာတိပါ။ ကျွန်တော်တို့ ကျေးရွာလေးဟာ ပုလဲမြို့နဲ့၃၃ မိုင်သာကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဖွံ့ဖြိုးမှုကအစ နောက်ကျလျက်ရှိပါတယ်။ ဒါကြောင့် မြို့နယ်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းတိုင်ပင်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုမှသည် ပညာရေး၊ ကျန်းမာရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုနဲ့ ဒေသဖွံ့ဖြိုးလာအောင် စက်ယန္တရားရရှိရေးကို အကူအညီတောင်းခံပြီး ငွေကျပ် ၁၅ သိန်းကိုလည်း ထည့်ဝင်လှူဒါန်းပြီး လမ်းပြုပြင်ပေးတာဖြစ်ပါတယ်"ဟု အလှူရှင်ဦးကျော်ဝင်းက ပြောသည်။

အဆိုပါ ကျော်တော-ဝက်ကျလမ်းသည် ဝက်ကျကျေးရွာတိုက်နယ်ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်သည့် သစ်ကြီးတိုင်း၊ မယင်း၊ ခင်သာ၊ ဘန့်ဘွေး၊ စစ်ရင်၊ ဆည်ကြီး၊ ရေသာ၊ တောင်ရင်း၊ သက္ကယ်ကျင်း စသည့် ကျေးရွာများရှိ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ အားထားအသုံးပြုနေရသောလမ်းဖြစ်ကြောင်း သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**

ဟင်္သာတမြို့တွင်းလမ်းများ ကောင်းမွန်လာ

ဟင်္သာတ ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး၏ မြို့ကြီးတစ်မြို့ဖြစ်သော ဟင်္သာတမြို့တွင် မြို့တွင်းလမ်းများ ပြုပြင်တိုးချဲ့ရေး၊ အဆင့်မြှင့်တင်ရေးနှင့် လမ်းသစ်များဖောက်လုပ်ရေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူများပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မြို့တွင်းလမ်းများ ယခင်ထက် ကောင်းမွန်လာကြောင်း သိရသည်။

လမ်းသစ် ဖောက်လုပ်မှုအဖြစ် ဖေဖော်ဝါရီလအတွင်း ကွန်ကရစ်လမ်းတစ်လမ်းနှင့် ကတ္တရာလမ်းနှစ်လမ်းကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကာ ဗိုလ်မြတ်ထွန်း လမ်းမတစ်လျှောက် အာဇာနည်ပန်းခြံအနီး လမ်းဆုံမှ တနင်္လာပတ်ကုန်းအထိကိုလည်း ပေ ၄၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် မြို့တော်စည်ပင်နှင့် ပြည်သူပူးပေါင်း၍ ခင်းလျက်ရှိသည်။

ထို့အပြင် တနင်္လာပတ်ကုန်းမှ ရန်ကုန်သို့အထွက်အထိ ဗိုလ်မြတ်ထွန်းလမ်းတစ်လျှောက်ကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကတ္တရာလမ်းထပ်ပိုးလွှာခင်းလျက်ရှိသည်။ လမ်းများကို စနစ်တကျအဆင့်မြှင့်တင်ပေးခြင်း၊ ပြုပြင်ပေးခြင်းများကြောင့် သွားလာရေးလွယ်ကူချောမွေ့သလို မြို့သာယာလှပပြီး ကျက်သရေတိုးကြောင်း မြို့ခံတစ်ဦးက ပြောသည်။

(၁၁၇)

ရွှေတူးဖော်ရေးကုမ္ပဏီ လုပ်ကွက်အတွင်း လူတစ်ဦးသေဆုံး

ဗန်းမောက် ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် သရက်ကိုင်းကျေးရွာအနီးရှိ ထာဝရရွှေတူးဖော်ရေးကုမ္ပဏီလုပ်ကွက်ဝင်းအတွင်း ညစောင့်တစ်ဦး ဖေဖော်ဝါရီ ၁၆ ရက်က သေဆုံးနေကြောင်း၊ အကြောင်းအရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သရက်ကိုင်းကျေးရွာအနီးရှိ ထာဝရရွှေတူးဖော်ရေးကုမ္ပဏီလုပ်ကွက် ဝင်းအတွင်း၌ လူတစ်ဦး သေဆုံးနေကြောင်း သတင်းအရ ဗန်းမောက်မြို့မရဲစခန်းမှူး ဒုရဲမှူးခင်မောင်ဝင်းနှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးနေသူမှာ အဆိုပါကုမ္ပဏီမှ ညစောင့် ဦးတင်အေး(၄၈ နှစ်) ဖြစ်ကြောင်းနှင့် ကုမ္ပဏီဝင်းအတွင်း လူသွားလမ်းမပေါ်၌ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိရဘဲ သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် စစ်ဆေးသိရှိနိုင်ရန် အလောင်းကို ဗန်းမောက်ဆေးရုံသို့ပို့အပ်ပြီး ဗန်းမောက်မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

ငုတ်ချောင်း-အုမ္မ-ကျောက်လှေကား ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်

ကနီ ဖေဖော်ဝါရီ ၁၈

ကနီမြို့နယ်အတွင်းမှ အရှည် ၁၄ မိုင် ၆ ဖာလုံရှိ ငုတ်ချောင်း-အုမ္မ-ကျောက်လှေကား ကျေးရွာချင်းဆက်လမ်းတွင် ၆ မိုင်အရှည်ရှိ လမ်းပိုင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၉ ဒသမ ၇ သန်းဖြင့် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

မျိုးမြတ်ချမ်းသာ (ကုမ္ပဏီ)က တာဝန်ယူ ဖောက်လုပ်လျက်ရှိပြီး အကျယ် ၁၈ ပေလမ်းအဖြစ် ဖောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ကျန်ရှိသောလမ်းပိုင်း ၈ မိုင် ၆ ဖာလုံကိုလည်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ဒေသခံပြည်သူများနှင့် မြို့နယ်ကျေးလက်ဒေသဦးစီးဌာနတို့က ကုမ္ပဏီနှင့် ညှိနှိုင်းကာ တစ်ကြောင်းထိုးမြေသားလမ်းအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အပြီးဖောက်လုပ်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ် မြောက်ဘက်ခြမ်းတွင် တည်ရှိသော အုမ္မကျေးရွာအုပ်စုနှင့် ယင်းကျေးရွာအုပ်စုမှ ကျောက်လှေကားကျေးရွာတို့မှာ မြို့နယ်၏ မြောက်ဘက်အစွန်ဆုံး၌ ကျရောက်ကာ သွားလာရေးခက်ခဲသောဒေသဖြစ်၍ ကုန်းလမ်းမှ မော်တော်ကားများသွားလာရေးလွယ်ကူစေရန် လမ်းကို ပြုပြင်ဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ ငုတ်ချောင်း-အုမ္မ-ကျောက်လှေကား မြေသားလမ်း ဖောက်လုပ်ပြီးပါက အဆိုပါလမ်းမှ တစ်ဆင့် ဝင်မနား- တောင်ပြင်လမ်းမှ မုံရွာမြို့သို့ မော်တော်ကားများဖြင့် သွားလာနိုင်မည်ဖြစ်ရာ လမ်းတစ်လျှောက်ရှိ ကျေးရွာများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေမည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

သန်းဌွေးအောင်(ကနီ)

ပြည်တွင်းသတင်း

စက်သုံးဆီများ၏ အခြင်အတွယ်နှင့် အရည်အသွေးများ ပြည့်မီမှု ရှိ မရှိ လစဉ်ရှောင်တခင်စစ်ဆေးအရေးယူမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

စက်သုံးဆီများကို အရောင်ဆိုးရောင်းချနေမှုများကြောင့် ဆီအရည်အသွေး ထိခိုက်နေသဖြင့် အရောင်ဆိုးရောင်းချခွင့်ကို ခွင့်မပြုတော့ဘဲ လစဉ်ရှောင်တခင်စစ်ဆေးမှုများ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ သိရသည်။

"လစဉ်စစ်ဆေးသွားမှာဖြစ်ပါတယ်။ စက်သုံးဆီအရည်အသွေးကောင်းမွန်မှသာ သုံးစွဲသူတွေအတွက် အန္တရာယ်ကင်းရှင်းစေမှာဖြစ်သလို ဈေးကွက်အနေအထားကိုလည်း စနစ်ကျနမှုရှိစေမှာ ဖြစ်ပါတယ်။ အဓိကကတော့ သတ်မှတ်ထားတဲ့ အရည်အသွေးနဲ့အညီ ရောင်းချဖို့ အခြင်အတွယ် မှန်ကန်ဖို့အတွက် စစ်ဆေးပေးသွားမှာ ဖြစ်ပါတယ်"ဟု ဆီထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး ရောင်းဝယ်ရေးအရာရှိ ဦးတင်နိုင်စိုးက ပြောကြားသည်။

သို့သော် စတင်စစ်ဆေးမည့် နေ့ရက်ကို ထုတ်ပြန်ကြေညာမည်မဟုတ်ပဲ အလျဉ်းသင့်သလို ရှောင်တခင်ဝင်ရောက်စစ်ဆေးသွားမည်ဖြစ်ခြင်းကြောင့် အခြင်အတွယ်နှင့် ဆီအရည်အသွေးပြည့်မီစေရန် စက်သုံးဆီအရောင်းဆိုင်များ ပြင်ဆင်ထားရန် လိုအပ်ကြောင်း သိရသည်။

"ဆီအရည်အသွေးမပြည့်တာက ဆိုင်ကြီးအများစုမှာ ဖြစ်တာနည်းပါတယ်။ နယ်တွေမှာ အများဆုံးဖြစ်ကြပြီး အချို့ဆိုင်တွေကတော့ မတော်တဆဖြစ်ရင် ဆီပြန်လဲပေးတာမျိုးရှိဖူးတယ်။ နောက်ပိုင်း စက်သုံးဆီမှာ အနည်ပါဝင်မှုတွေ များလာတာတွေဖြစ်တယ်။ ဆီတင်သွင်းကတည်းက အရည်အသွေးမပြည့်မီတာကို ကန့်သတ်ထားရင် အခုလိုပြဿနာတွေ နည်းသွားနိုင်ပါတယ်။ အခြင်အတွယ်ကတော့ စက်သုံးဆီဝယ်ယူသူတိုင်း သိကြပါတယ်။ ဆိုင်အချို့က ဆီမပြည့်တာရှိတယ်။ သို့သော် ရန်ကုန်မှာတော့ အလွန်အဆိုးရွားကြီးမဟုတ်ပါဘူး။ နယ်တွေကို ခရီးသွားတဲ့အခါမှာတော့ မကြာခဏကြုံရတယ်။ ဆီတွေက မသန့်ဘူး၊ အခြင်အတွယ်လည်း မမှန်တာကြောင့် ရန်ကုန်နယ်နိမိတ်အတွင်းမှာ ရှောင်တခင်စစ်မယ်ဆိုရင် နေပြည်တော်နဲ့ အခြားမြို့တွေမှာလည်း စစ်ဆေးပေးဖို့ မျှော်လင့်ပါတယ်"ဟု ယာဉ်မောင်း ကိုကျော်ကျော်မြင့်က ပြောကြားသည်။

ရန်ကုန်မြို့မှ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်။

စက်သုံးဆီဈေးနှုန်းများ ကျဆင်းလာပြီးနောက် ဆီဆိုင်များကလည်း ဈေးနှုန်းများ အပြိုင်အဆိုင်လျှော့ချခဲ့ကြပြီး ယခုအခါ အနည်းငယ် ပြန်လည်မြင့်တင်ရောင်းဝယ်နေကြသည်ကို တွေ့ရသည်။

"စက်သုံးဆီအမျိုးအစားကောင်းတစ်မျိုး တင်သွင်းဖို့လျာထားတာရှိပါတယ်။ စက်သုံးဆီအသင်းအနေနဲ့လည်း အကောင်းဆုံး တည့်မတ်ဆောင်ရွက်နေတာတွေရှိပါတယ်။ ဆီဆိုင်တွေရဲ့ နေ့စဉ်ဈေးနှုန်းတွေကတော့ အနည်းငယ် ကွာခြားမှုရှိသလို မြို့နယ်အသီးသီးမှာလည်း အနည်းနဲ့အများ ဈေးနှုန်းအတက်အကျရှိပါတယ်။ အရည်အသွေးပိုင်းမှာ အများစုက ပြင်ပအလွတ်ရောင်းချနေတဲ့ ဆိုင်တွေက ပိုပြီးဆိုးရွားနိုင်ပါတယ်။ ဒီဇယ်ကို အရောင်ဆိုးတာတွေရှိနေတဲ့အတွက် အရည်အသွေးကို ထိခိုက်ရတာဖြစ်ပါတယ်။ အရောင်ဆိုးရောင်းချခွင့်ကို သက်ဆိုင်ရာက တားမြစ်ထားပါတယ်။ အဲဒီအတွက် ဆင်ခြင်ကြဖို့ လိုအပ်ပါတယ်။ ရှောင်တခင်စစ်ဆေးမှုတွေကို ယခင်ကတည်းက လုပ်တာရှိပေမယ့် စနစ်တကျနဲ့ လစဉ်ဆောင်ရွက်မယ်ဆိုရင် အရည်အသွေးပိုင်းကိုလည်း စိတ်ချရမှာဖြစ်တယ်"ဟု မြန်မာနိုင်ငံ စက်သုံးဆီရောင်းဝယ်ရေးနှင့် ဖြန့်ဖြူးရောင်းချသူများအသင်းမှ တာဝန်ရှိသူက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ရောင်းချသည့် ဒီဇယ်အမျိုးအစားများမှာ ဒီဇယ်ရိုးရိုး၊ အောက်တိန်း ၉၂၊ အောက်တိန်း ၉၅ နှင့် ပရီမီယံဒီဇယ်တို့ဖြစ်ကြပြီး ယခင်က ဈေးနှုန်းသက်သာသည့် အောက်တိန်း ၉၂ အား သုံးစွဲမှုအများဆုံး ဖြစ်သော်လည်း အရည်အသွေးအားနည်းချက်များကြောင့် အိမ်စီးကားများနှင့် အငှားယာဉ်အများစုမှာ အောက်တိန်း ၉၅ ကို အသုံးပြုမောင်းနှင်ရန် ပိုမိုရွေးချယ်လာကြကြောင်း စက်သုံးဆီအရောင်းဆိုင်များထံမှ သိရသည်။ **သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF RAIL TRANSPORTATION
MYANMA RAILWAYS

INVITATION TO EXPRESSION OF INTEREST
FROM CONSULTING FIRMS FOR OPTICAL FIBER CABLE PROJECT

In line with the National Development Plan, the Government of the Republic of the Union of Myanmar has been identifying the economic potentials to contribute to the country's economic development. As our endeavors for national development , **Myanma Railways (MR)** is committed to establish potential Rail Concerned Businesses.

MR has built over 6,000 Km route Length of Rail Lines from North to South ,East to West and over 900 Railway Stations to cater rail operation throughout The Country and average distance for railway station is about 8 Km. **MR** is planning to install Optical Fiber Cable (OFC) along railway lines. **MR** is the **Executing Agency** for **OFC Project** and is responsible for the implementation of OFC Project and selecting a short-list of eligible applicants for Consulting Services for Optical Fiber Cable Project.

To form the short-list, **MR** now invites consulting firms or joint venture entities who are interested in the Project to submit **Expression of Interest (EOI)** for the above mentioned Consulting Services.

Expression of Interest (EOI) Document of the above said works could be obtained from **Deputy General Manager**, Supply Department, **Myanma Railways**, Corner of **Thein phyu** Street and **Kon The** Street, Bo Ta Htaung Township, Yangon, Myanmar, **Phone** +95 1 291981,**fax** +95 1 291994 starting from **18th February,2015.**

Enquiries can be also made by contacting, ***Project Office (Yangon)***+95 1 246939,***(Nay Pyi Taw)***+95 67 77070,+95 67 77155, (***Project Director, Senior General Manager***) +95 9 8300073, (***Deputy Project Director,Assistant General Manager***)+95 9 5068197,(***Project Engineer***) +95 9 5066191.

The Expression of Interest (EOI) in one original and two duplicates, copies shall be submitted to the **Deputy General Manager**, Supply Department, **Myanma Railways**, Corner of **Thein Phyu Street** and **Kon The Street**, Bo Ta Htaung Township, Yangon, Myanmar, Phone +951 291991,fax +95 1 291994 **not later than(14:00Hr) 2.00pm**, on Friday **20th March 2015** and be clearly marked "**Expression of Interest** for "**Consulting Service for Optical Fiber Cable Project**" The Bidder must also submit three electronic copies of the EOI Documents in the CD ROMs. No submission by **e-mail** shall be entertained.

Managing Director
Myanma Railways
Ministry of RailTransportation

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

[illegible]

ခင်ပွန်းအဖြစ် မသက်ဆိုင်တော့ကြောင်း

[illegible]

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၂၆၊ မန္တလေးလမ်း၊ ကန်တောင်ရပ်ကွက်နေ ဦးဇော်မင်းထိုက် ၁၂/မဂတ(နိုင်)၀၉၇၆၃၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ (၂)ရပ်ကွက်၊ ယမုံနာ ၁ လမ်း၊ အမှတ် (၁၈၆/က)ရှိ မြေရှင် ဒေါ်သန်းကြည် အမည်ပေါက်မြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးမာမက်ဟာရွန်းမှ ငှါးဆောက်လုပ်ပြီးစီးခဲ့သော ငါးထပ်အဆောက်အအုံတွင် ကန်ထရိုက်ပိုင်အခြမ်း B ရှိ (သုံးလွှာ) (၁၁½×၄၇)ပေရှိ အခန်းလွတ်တစ်ခန်းအား ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ငှါးတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးမာမက်ဟာရွန်းထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားမူရင်းများတင်ပြ၍ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြသန္တာ(LL.B)
အထက်တန်းရှေ့နေ(၂၅၅၄၄)
အမှတ် ၁၃၇၊ မြန်မာ့ဂုဏ်ရည်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၅၀၂၁၂၀၂၊၀၉-၇၉၅၅၀၁၀၇၄

ကြော်ငြာ

THE BMW 7 SERIES AND BMW 5 SERIES.

The perfect expression of elegance and power rarely comes with an irresistible offer that thrills the heart.

For a limited time, **receive exclusive deals on BMW ASEAN Summit programme cars** included 3 years Warranty and 3 years Maintenance Service package.

Enjoy preferential rates while stocks last.
BMW 7 Series - save up to USD 86,000
BMW 5 Series - save up to USD 50,000

Visit Prestige Automobiles or call +95 (1) 230 6133 to reserve your test drive today.

PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.

Prestige Automobiles Co.,Ltd: #485, Corner of Pyay Road and Namattaw Street, Kamayut Township, Yangon, Myanmar.
Tel: +95 (1) 2306133 **Service Hotline:** +95 (1) 2306144 **Email:** info@pac-bmw.com **Website:** www.bmwmyanmar.com **Facebook:** www.facebook.com/BMWPAC

ကမ္ဘာကြီး၏နိမိတ်ပုံရိပ် သို့မဟုတ် သစ်တောပြုန်းတီးနေခြင်း

သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာ့ကုန်းမြေဧရိယာ၏ ၃၀ ရာခိုင်နှုန်းသည် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိနေသည်။ တစ်ဟက်တာအကျယ်အဝန်းရှိ မိုးသစ်တောများ၌ အပင်မျိုးစိတ်ပေါင်း ၅၀၀ နီးပါးမျှ ရှင်သန်ပေါက်ရောက်လျက်ရှိနေသည်။ အပင်ပေါက်ရောက်မှု နည်းပါးလှသည်ဟု ဆိုကြသော ထင်းရှူးတောများ၌ပင် အပင်မျိုးစိတ်ပေါင်း ၁၅၀ ခန့်အထိ ပေါက်ရောက်ရှင်သန်နိုင်ကြသည်။

သစ်ပင်တို့သည် မြေကြီးထဲမှ အာဟာရဓာတ်များကို နေရောင်ခြည်ဖြင့် အလင်းဖွဲ့အစာချက်ပြီး စွမ်းအင်ကို ရရှိကြသည်။ သစ်ပင်တို့၏ အလင်းဖွဲ့အစာချက်ဖြစ်စဉ်အတွင်း လေထုထဲက ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူသုံးစွဲပြီး ကာဗွန်အဖြစ်သို့ ပြောင်းလဲသွားစေကာ ထိုကာဗွန်များကို ပင်စည်၊ အကိုင်း၊ အခက်စသော ဇီဝဒြပ်ထုထဲ၌ သိုလှောင်ထားလိုက်သည်။ ထို့ပြင် အပြင်မှတစ်ဆင့် မြေကြီးထဲ၌ပါ အော်ဂဲနစ်ကာဗွန်များအဖြစ် သိုလှောင်ပေးထားကြသည်။

သစ်ပင်တို့၏ အလင်းဖွဲ့အစာချက်ဖြစ်စဉ်တွင် ဘေးထွက်ပစ္စည်းအဖြစ် အောက်ဆီဂျင်ဓာတ်ငွေ့များ ထွက်ပေါ်လာပြီး လေထုထဲသို့ ပြန်လည်ထုတ်လွှတ်ပေးကြသည်။ ကမ္ဘာ့လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းသည် ကမ္ဘာ့မြေပြင်ပေါ်ရှိ သစ်ပင်သစ်တောများက ထုတ်လွှတ်ပေးနေသော ပမာဏဖြစ်သည်။

အလားတူပင် ရေမျက်နှာပြင်ပေါ်နှင့် ရေပြင်အောက်တို့၌ ပေါက်ရောက်နေကြသော ရေညှိရေမှော်နှင့် ရေအောက်အပင်များကလည်း ကမ္ဘာ့လေထုထဲရှိ အောက်ဆီဂျင်ဓာတ်ငွေ့စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးလျက်ရှိနေကြသည်။ ရေညှိရေမှော်ပင်များနှင့် ရေအောက်သစ်ပင်မျိုးစိတ်အားလုံးတို့၏ အလင်းဖွဲ့အစာချက်ဖြစ်စဉ်တွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူနေရင်း တစ်ချိန်တည်းမှာပင် အောက်ဆီဂျင်ဓာတ်ငွေ့များကိုလည်း ထုတ်လွှတ်ပေးလျက်ရှိနေကြသည်။

ကမ္ဘာတစ်ဝန်း၌ အသုံးပြုလည်ပတ်နေကြသော မော်တော်ကားများ၊ အင်ဂျင်စက်များ၊ ယန္တရားများ၊ စက်ရုံများသည် စက္ကန့်နှင့်အမျှလေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကို ထုတ်လွှတ်လျက်ရှိနေကြသည်။ တစ်ခါတစ်ရံ ကမ္ဘာ့မြေပြင်ပေါ်ရှိ မီးတောင်ကြီးများ ပေါက်ကွဲမှုဖြစ်သည့်အခါ၌လည်း ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ပမာဏအများအပြားလည်း လေထုထဲသို့ အလုံးအရင်းနှင့် ပျံ့နှံ့ရောက်ရှိသွားသည်။

အလားတူပင် စစ်မက်ဖြစ်ပွားသည့် အခါများ၌လည်း ကျည်ဆန်နှင့် ဗုံးများပေါက်ကွဲမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့်တကွ အဆိပ်ဓာတ်ငွေ့အများပြားတို့သည် လေထုထဲသို့ ရောက်ရှိသွားကြသည်။ လုပ်ငန်းခွင်မတော်တဆမှုကြောင့် ရေနံတွင်းများ မီးလောင်သည့်အခါ၌လည်း တန်ချိန်နှင့်ချီသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များသည် လေထုအတွင်းသို့ ရောက်ရှိသွားကြသည်။

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် မီသိန်း၊ နိုက်ထရပ်စ်အောက်ဆိုက်၊ ဟိုက်ဒရိုဖလူအိုရိုကာဗွန်၊ ပါဖလူအိုရိုကာဗွန်နှင့် ဆာလဖာဟက်ဆာ ဖလူအိုရိုက်တို့ကဲ့သို့ပင် ကမ္ဘာကြီးကို ပူနွေးစေသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ဖြစ်သည်။ ဖန်လုံအိမ်ဓာတ်ငွေ့များသည် ကမ္ဘာကြီးကို ပိုမိုပူနွေးလာစေသည်ဖြစ်ရာ. . . အကယ်၍ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ထိန်းချုပ်နိုင်ခြင်းမရှိပါက ကမ္ဘာကြီးသည် အဆမတန် ပူပြင်းလာပြီး မြေကမ္ဘာပေါ်ရှိ လူသားတို့နှင့်တကွ ဇီဝမျိုးကွဲအားလုံးတို့ ပျောက်ကွယ်သွားကြလိမ့်မည် ဖြစ်သည်။

ကမ္ဘာ့ကုန်းမြေဧရိယာ၏ ၃၀ ရာခိုင်နှုန်းသည် လွှမ်းမိုးထားသော သစ်တောများနှင့်တကွ ကမ္ဘာအရပ်ရပ်ရှိ သစ်ပင်အားလုံးတို့သည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စဉ်ဆက်မပြတ် စုပ်ယူပေးထားခြင်းဖြင့် ကမ္ဘာကြီး အဆမတန်ပူနွေးခြင်းမှ ကာကွယ်ပေးထားလျက်ရှိနေသည်။ ကမ္ဘာ့အပူပိုင်းဒေသရှိ ဒီရေရောက်သစ်တောများသည် အခြားဒေသရှိသစ်တောများထက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူသိုလှောင်နိုင်စွမ်းအား ပိုမိုမြင့်မားသည်။ ကမ္ဘာ့အပူပိုင်းသစ်တောဧရိယာ၏ ၀ ဒသမ ၇ ရာခိုင်နှုန်းမှာ ဒီရေရောက်တောများဖြစ်ကြပြီး အပူပိုင်းဒေသ မုတ်သုံသစ်တောများထက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို နှစ်ဆမှ လေးဆခန့်အထိ စုပ်ယူသိုလှောင်ပေးထားနိုင်ကြသည်။

ဒက္ခိဏယာဉ်စွန်းတန်းနှင့် ဥတ္တရယာဉ်စွန်းတန်းကြား ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေရောက်သစ်တောများ၏ ဧရိယာသည် ကမ္ဘာ့လူဦးရေတိုးပွားလာခြင်းကြောင့် နှစ်ပေါင်း ၅၀ အတွင်း၊ ၅၀ ရာခိုင်နှုန်းခန့်အထိ ယုတ်လျော့ကျဆင်းသွားခဲ့သည်။ အကယ်၍ အပူပိုင်းဒေသ ဒီရေရောက်သစ်တောများ လုံးဝပျက်စီးသွားမည်ဆိုလျှင် တစ်ကမ္ဘာလုံးရှိ သစ်တောအားလုံးပြုန်းတီးမှုကြောင့် ထွက်ပေါ်လာမည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းဖြင့် ညီမျှသော ပမာဏကို ကမ္ဘာ့လေထုထဲသို့ ပြန်လည်ထုတ်လွှတ်လိမ့်မည်ဖြစ်သည်။

သစ်ပင်များသည် လေထုထဲက ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး အောက်ဆီဂျင်ဓာတ်ငွေ့များကို ပြန်လည်ထုတ်လွှတ်ပေးနိုင်ရုံမျှက မြေကြီးထဲက ရေငွေ့များကိုလည်း စုပ်ယူပြီး လေထုထဲသို့ ထုတ်လွှတ်ပေးလျက်ရှိနေကြသည်။ သစ်ပင်များက ထုတ်လွှတ်သော ရေငွေ့များကို လေထုကစုပ်ယူပြီး မိုးအဖြစ် ပြန်လည်ရွာသွန်းပေးသည့်အတွက် သစ်ပင်သစ်တောများသည် ရေသံသရာလည်ခြင်းကို အဓိကအခန်းကဏ္ဍက အကျိုးပြုလျက်ရှိနေကြသည်။

ရာသီအလိုက် စိုက်ပျိုးသော အပင်ငယ်များသည်ပင်လျှင် ပေါက်ရောက်ရှင်သန်နေသည့် ရာသီခွင်အတွင်း၌ ရေငွေ့ပမာဏ လီတာ ၂၀၀ ခန့်ကို လေထုထဲသို့ ထုတ်လွှတ်ပေးနိုင်ကြသည်ဖြစ်ရာ နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည်ပင်ကြီးများဆိုလျှင် ရေငွေ့ပမာဏ မည်မျှထုတ်လွှတ်ပေးနိုင်သည်ကို ခန့်မှန်းနိုင်သည်။

သစ်ပင်တို့သည် နေ့ဘက်၌ နေ၏အပူချိန်ကို အမိုးသဖွယ် အုပ်မိုးကာရံပေးထားခြင်းဖြင့် မြေကြီးကို အေးမြစေသလို၊ ညဘက်၌လည်း မြေကြီးက ပြန်လည်ထုတ်လွှတ်သည့် အပူဓာတ်ကို ထိန်းချုပ်ပေးထားခြင်းဖြင့် မြေပြင်ကိုနွေးထွေးစေရန် ပြုလုပ်ပေးလျက်ရှိနေသည်။ ထို့ပြင် မြေဆီလွှာနှင့် ရေဓာတ်ကိုပါ ထိန်းသိမ်းပေးနိုင်သည့်အတွက် ရေတွင်း ရေကန်များ၏ ပတ်လည်တွင် အပင်ကြီးများကို စိုက်ပျိုးထားခြင်းအားဖြင့် ရေခန်းခြောက်မှုဖြစ်နိုင်ခြေကို များစွာလျော့ပါးသက်သာစေသည်။

အလားတူပင် မြစ်ချောင်းများ ရေလျှံသည့်အခါမျိုး၌လည်း စီးဆင်းလာသော ရေထုကြီးကို သစ်ပင်များက ခုခံဟန့်တားထားနိုင်သည့်အတွက် ရုတ်တရက်ရေကြီးရေလျှံဖြစ်ခြင်းမှ တားဆီးပေးထားနိုင်စွမ်းရှိသည်။ အကယ်၍ သစ်ပင်ကြီးများမရှိသော လွင်တီးခေါင်ပြင်အရပ်ဖြစ်နေခဲ့လျှင် ယင်းကဲ့သို့သော မြစ်ချောင်းများ ရေလျှံတက်ခြင်းမျိုးနှင့် ကြုံရသည့်အခါ လူနေမြို့ရွာများအတွင်းသို့ ရေမရေထုကြီးက အတားအဆီးမရှိလွယ်ကူလျင်မြန်စွာ စီးဆင်းဝင်ရောက်လာမည်ဖြစ်ပြီး ရေဘေးအန္တရာယ်မှ လွတ်ကင်းအောင် ရှောင်တိမ်းထွက်ခွာရန်လည်း အချိန်မရနိုင်တော့ဘဲ အသက်အန္တရာယ်ကျရောက်မှုနှင့်တကွ ကြီးမားသော ပျက်စီးဆုံးရှုံးမှုကြီးများကို ဖြစ်ပေါ်စေလိမ့်မည်ဖြစ်သည်။

မြစ်ကမ်းဘေး ဝဲယာတစ်လျှောက်တွင် သစ်ပင်သစ်တောများရှိနေခြင်းအားဖြင့်လည်း ရေသတ္တဝါများအတွက် အန္တရာယ်ရှိသော မြစ်ကြောင်းအတွင်း နုန်းအနည်အနှစ်ကျခြင်းကို ထိထိရောက်ရောက် ကာကွယ်ပေးထားနိုင်သည်။ ယင်းကဲ့သို့မြစ်ကြောင်းအတွင်း နုန်းအနည်အနှစ်ကျခြင်းကို ထိထိရောက်ရောက် ဟန့်တားထားနိုင်သည့်အတွက် မြစ်ရေတိမ်သွားခြင်းနှင့် မြစ်ကြောင်းကျဉ်းသွားခြင်းမျိုးမဖြစ်နိုင်တော့ဘဲ ရေလမ်းကြောင်းကို အမြဲတမ်းပွင့်နေစေကာ ရေကြောင်းပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းရေးကို ကောင်းစွာအထောက်အကူပြုပေးနိုင်သည်။

သစ်ပင်သစ်တောများသည် အောက်ဆီဂျင်နှင့်ရေငွေ့များကို လေထုထဲသို့ အမြဲမပြတ်ထုတ်လွှတ်ပေးခြင်းအားဖြင့် လေထု၏ဖိအားကို မြင့်တက်စေပြီး လေထုအတွင်း အောက်ဆီဂျင်ဓာတ်ငွေ့၏ သိပ်သည်းဆကိုပါ မြင့်မားလာစေသလို ပတ်ဝန်းကျင်၏အပူချိန်ကိုလည်း လျှော့ချပေးနိုင်စွမ်းရှိသည်။ ထို့ကြောင့်ပင် နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည်ပင်များ အများအပြားရှိနေသော မြို့တစ်မြို့သည် သစ်ပင်ပေါက်ရောက်မှု အလွန်နည်းသော မြို့များထက် အပူချိန် ၃ ဒီဂရီဆဲလ်စီးရပ်စ်ခန့်အထိ လျော့ပါးသက်သာနိုင်သည်။

ထို့ကြောင့်ပင် ပူသောအရပ်ဒေသများ၌ သစ်ပင်ကြီးများကို အများအပြားစိုက်ပျိုးခြင်းအားဖြင့် အရွယ်ရောက်ကြီးထွားလာသည့်အခါ အပူဒဏ်ကို လျှော့ချပေးနိုင်သည့်အပြင် အရွယ်ရောက်ကြီးထွားပြီးသော သစ်ပင်တစ်ပင်သည် လူ ၁၈ ဦးစာအတွက် အောက်ဆီဂျင်ဓာတ်ငွေ့ကို လုံလောက်စွာ ထုတ်လွှတ်ပေးနိုင်စွမ်းရှိလာသည်။ ထို့ပြင် အေးသောအရပ်ဒေသများ၌ အပင်ကြီးများ အများအပြားရှိနေခြင်းအားဖြင့် လေအေးများတိုက်ခတ်ခြင်းကို ခုခံဟန့်တားထားပေးသောကြောင့် လွန်ကဲသောအအေးဒဏ်မှ ကောင်းစွာအကာအကွယ်ရရှိသည့်အတွက် အပူပေးစက်များ တပ်ဆင်ရသောစရိတ်စကကို လျှော့ချပေးနိုင်သည်။

သစ်ပင်တို့၏ ဇီဝယန္တရားလည်ပတ်မှုကြောင့် ပင်စည်နှင့် အကိုင်းအခက်စသည်တို့တွင် သိုလှောင်ထားသော ကာဗွန်များသည် အပင်ခုတ်လှဲခံရသည့်အခါ ကာဗွန်အချို့က လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက်များအဖြစ် ထွက်သွားသော်လည်း ခုတ်လှဲခံရသောသစ်ပင်သည် ပရိဘောဂကဲ့သို့သော ဒြပ်ထုအသွင်ဖြင့် တည်ရှိနေသရွေ့ ကာဗွန်အများစုကို ဆက်လက်သိုလှောင်ပေးထားဆဲပင်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်တွင်းသတင်း

တောင်ငူတွင် မြို့လုံးကျွတ် အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ပူဇော်

တောင်ငူ ဖေဖော်ဝါရီ ၁၈

တောင်ငူတွင် မြို့နယ်လုံးကျွတ် အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ခြင်းကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီက ရွှေဆံတော်ဘုရားအနောက်မုခ်မှစတင်၍ တောင်ငူမြို့ရှိ ဆရာတော်သံဃာတော်များ၊ ရဟန်းသာမဏေများ၊ သီလရှင်ဆရာလေးများက မြို့တွင်းမော်တော်ကားများဖြင့် လှည့်လည်ပရိတ်တရားတော်ရွတ်ဖတ်သည်။

သက်ကြီးဝါကြီးဆရာတော် ဘဒ္ဒန္တခန္တိသာရ (မဟာစရိယ တက္ကသိုလ်စာသင်တိုက်)နှင့် ဆရာတော်ကြီးများမှ ဩဝါဒမိန့်ကြားချက်အရ တောင်ငူမြို့(၃၆၅)ရက် နေ့စဉ် အရုဏ်ဆွမ်းလောင်းအသင်းမှ ကြီးမှူးကျင်းပသည့် တောင်ငူမြို့သူမြို့သားအပေါင်း ဘေးအန္တရာယ်ကင်းဝေးပြီး ကောင်းကျိုးချမ်းသာများရရှိစေရန်ရည်ရွယ်၍ မြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော် အပါး ၇၀၀ ကျော်တို့က မေတ္တာတရားရှေ့ထားကာ အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဆိုကြသည်။ ထိုသို့ရွတ်ဖတ်ရာတွင် တောင်ငူမြို့ မီးဘေးသင့်ဈေးကြီးနေရာကိုဗဟိုပြု၍ တစ်ချိန်တည်းမှာပင် မြို့လေးထောင့်ဖြစ်သည့် မြို့အရှေ့ထောင့်(မိုးကောင်းဘုရားဝင်း)၊ မြို့အနောက်ထောင့်(နေမိတ္တာရုံကျောင်း)၊ မြို့တောင်ထောင့်(ဒေါ်ချောဘုရားဝင်း)၊ မြို့မြောက်ထောင့်(ပေါ်တော်မူဘုရားဝင်း)တို့တွင် ကမ္မဝါရွတ်ဖတ်ခြင်းနှင့် မော်တော်ကားများဖြင့် တောင်ငူမြို့ရွှေဆံတော်ဘုရားအနောက်မုခ်မှစတင်၍ တစ်မြို့လုံးလှည့်လည်၍ အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။ **သူရ(တောင်ငူ)**

ပအိုဝ်းအမျိုးသားနီးနှောဖလှယ်ပွဲ သထုံ၌ကျင်းပ

သထုံ ဖေဖော်ဝါရီ ၁၈

ပအိုဝ်းအမျိုးသားများ ကဏ္ဍစုံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပအိုဝ်းသံဃာတော်ကြီးများအား အမှူးထား၍ ပအိုဝ်းအမျိုးသား အဖွဲ့အစည်းပေါင်းစုံနှင့် ဒေသအသီးသီးမှ ပအိုဝ်းလူမျိုးများစုပေါင်းကာ ပအိုဝ်းအမျိုးသား နီးနှောဖလှယ်ပွဲကို မွန်ပြည်နယ် သထုံမြို့ သုဝဏ္ဏခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီခွဲမှ စတင်ကာ ကျင်းပခဲ့သည်။ အခမ်းအနားတွင် သထုံမြို့ ဓမ္မမေဒနီကျောင်းဆရာတော်က ဩဝါဒစကားမြွက်ကြားပြီး မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးခွန်ဖေမြနှင့် ကရင်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်သန်းမြင့်တို့က အမှာစကားများပြောကြားကာ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခွန်ဥက္ကာ၊ ရှမ်းပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေး အဖွဲ့ချုပ် (ရလလဖ) ဥက္ကဋ္ဌ ဦးခွန်စိန်ရွှေနှင့် သထုံမြို့အခြေစိုက် ခွန်တန်နွယ် ပအိုဝ်းလူငယ်ကွန်ရက်မှ ဒေါ်နန်းယဉ်ယဉ်စိုးတို့က ၎င်းတို့အဖွဲ့အစည်းအသီးသီး၏ ဂုဏ်ပြုသဝဏ်လွှာများကို ဖတ်ကြားခဲ့ကြသည်။ အဆိုပါ နီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၉ ရက်အထိ လေးရက်ကြာ ပြုလုပ်မည်ဖြစ်ပြီး နီးနှောဖလှယ်ပွဲတွင် ပအိုဝ်း သမိုင်းကြောင်းနှင့် လုပ်ဆောင်ရမည့် ပအိုဝ်း ဝိသေသ လက္ခဏာများ လုပ်ငန်းများ၊ ပအိုဝ်းဘာသာစာပေစကားနှင့် ယဉ်ကျေးမှုဓလေ့ရိုးရာများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်မြှင့်တင်ရေး၊ ယနေ့တည်ဆောက်နေသည့် မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံအရေးတွင် ပအိုဝ်းအမျိုးသားများ ထဲထဲဝင်ဝင် ကျယ်ကျယ်ပြန့်ပြန့်စွမ်းစွမ်းတမံ ဝင်ရောက် လုပ်ကိုင်နိုင်ရေး၊ လက်ရှိ နိုင်ငံတော်က လုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပအိုဝ်းအမျိုးသားများအနေဖြင့် အားကြိုးမာန်တက် ပါဝင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ပအိုဝ်းလူငယ်များနှင့် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဟူသည့် ခေါင်းစဉ်ကြီးငါးခုကို အဓိကထားကာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း နီးနှောဖလှယ်ပွဲကျင်းပရေး ကော်မတီမှ သိရသည်။

သက်ဦး (သထုံ)

အမည်ဖြည့်စွက်ခြင်း ကျွန်တော် ဦးအောင်အောင် ၇/သကန(နိုင်)၀၆၆၅၈၃အား ယနေ့မှစ၍ ဦးထက်အောင်ခန့်(ခ)အောင်အောင်ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။ **ဦးထက်အောင်ခန့်(ခ)အောင်အောင်**

ဖောင်းကြွပျောက်လျှောက်ထားခြင်း ယာဉ်အမှတ် 5C-6248 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

ဖခင်အမည်မှန် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ သာကေတမြို့နယ်၊ အမှတ်(၅)အခြေခံပညာ အလယ်တန်းကျောင်း Grade(9)B မှ မောင်အောင်မျိုးဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း ၁၂/သဃက(နိုင်)၁၂၂၄၄၄ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း ယာဉ်အမှတ် ၁၉ဃ/၅၃၅၂၂ Shayan 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၈/ဆဖန(နိုင်)၀၁၅၈၉၄က (ကမ-၃)စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း ယာဉ်အမှတ် 5H/3125 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

ကန့်ကွက်နိုင်ပါကြောင်း ယာဉ်အမှတ် ၃၀ဃ/၃၄၆၃၀ Super Anbo ယာဉ်လက်ဝယ်ရှိသူ ခွန်မောင်ချိန် (ခွန်ချိ) ၁၃/ဟပန(နိုင်)၀၉၀၂၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း ယာဉ်အမှတ် ၅ဟ/၇၁၇၃ ယာဉ်လက်ဝယ်ရှိသူ Ever Pyit Taing Htang Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

အမည်ပြောင်း ဦးကျော်ဝင်း ၈/မကန(နိုင်)၀၈၇၄၀၄ ၏သမီး မကွေးမြို့၊ အလက(ခွဲ) ရဲကျောင်း သတ္တမတန်း(A)မှ မပိုင်းစုညီမ်အား မညီမ်းစုပိုင်းဟု ပြောင်းလဲခေါ်ပါရန်။ **မညီမ်းစုပိုင်း**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း ယာဉ်အမှတ် ၇ဇ/၅၃၀၁ Toyota Crown JZS 171 SLL (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်း ၉/ခမစ(နိုင်)၀၀၅၃၈၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်းခရိုင်)၊ အင်းစိန်**

ကြော်ငြာ

C B BANK
Call Deposit
အပ်နှံငွေအတွက် တစ်နှစ်လျှင် (၈%)နှင့်
နေ့စဉ်လက်ကျန်ငွေပေါ်တွင်
အတိုးတွက်ချက်ဆောင်ရွက်ပေးနေပါပြီ . . .
C B BANK
CALL DEPOSIT PASSBOOK
No. 334/336, Coner of 23 Street and Strand Road, Latha Township, Yangon, Myanmar.
Tel. (95-1) 371 848, 372 655, 373 426, 378 641, 372 646, 373 425
Fax: (95-1) 371 124, 378 640, 379 921
Call Center : 1874
E-mail: contact@cbbankmm.com
Website: www.cbbank.com.mm
https://www.facebook.com/CBBankmyanmar

ကြော်ငြာ

GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS
ASIA HABITAT SOCIETY
"GREEN ASIA HABITAT AWARDS"
ဆုကို GOLDEN CITY မှ ဂုဏ်ယူစွာဖြင့် ရရှိခဲ့ခြင်း
ASIA HABITAT SOCIETY မှ နိုင်ငံတကာလူနေမှုအဆင့်အတန်းစံချိန်စံညွှန်း (၁၅) ချက်ဖြင့်
တင်းကြပ်စွာ စီစစ်တိုင်းတာ၍ ရွေးချယ်ခံရသော မြန်မာနိုင်ငံမှ ပထမဦးဆုံး
"GREEN ASIA HABITAT AWARDS" ဆုကို ဆွတ်ခူးရရှိသည့် စီမံကိန်းအနေဖြင့် မြန်မာနိုင်ငံ၏
လူနေမှုအဆင့်အတန်းစံညွှန်းကို ထပ်မံအဆင့်မြှင့်တင်လိုက်ခြင်း
လစဉ်အနည်းဆုံး ကျပ်ငွေ (၂၄) သိန်း ပေးသွင်းရုံဖြင့်
နိုင်ငံတကာအဆင့်မီ ကွန်ဒိုကိုပိုင်ဆိုင်ရန် အခွင့်အလမ်းပေါ်ထွက်လာပါပြီ
အတိုးမရှိသော (၄၈)လ အရစ်ကျငွေပေးချေမှုစနစ်
Live the Golden city life
Hotline: +95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar
Website: www.glredcl.com
Developer: Golden Land Real Estate Development Co., Ltd.

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
နေပြည်တော်

၁။ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနတွင် အောက်ဖော်ပြပါရာထူးများ လစ်လပ်လျက်ရှိနေပါ၍ သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

စဉ်	ခန့်ထားမည့်ရာထူးအမည် (ပညာအရည်အချင်း)	လစာနှုန်း	ခန့်ထားမည့်ဦးရေ
(က)	ကွန်ပျူတာလုပ်ဆောင်ရေးမှူး (ကွန်ပျူတာတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ)	၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀	၁၁
(ခ)	ဒုတိယမီးသတ်ဦးစီးမှူး (တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ အမျိုးသားများသာ)	။	၁
(ဂ)	လက်ထောက်မီးသတ်ဦးစီးမှူး (အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ အမျိုးသားများသာ)	၉၃၀၀၀-၁၀၀၀-၉၈၀၀၀	၂
(ဃ)	စက်မှုကျွမ်းကျင်-၄ (T.H.S အောင်လက်မှတ် ရရှိထားပြီးသူ အမျိုးသားများသာ)	၈၇၀၀၀-၁၀၀၀-၉၂၀၀၀	၂
(င)	မီးသတ်တပ်ကြပ်ကြီး (အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ အမျိုးသားများသာ)	။	၂
(စ)	မီးသတ်တပ်ကြပ် (အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူ အမျိုးသားများသာ)	၈၁၀၀၀-၁၀၀၀-၈၆၀၀၀	၂
(ဆ)	မီးသတ်ဒုတပ်ကြပ် (အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူ အမျိုးသားများသာ)	။	၂
(ဇ)	မီးသတ်တပ်သား (အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူ အမျိုးသားများသာ)	၇၅၀၀၀-၁၀၀၀-၈၀၀၀၀	၄

[အပိုဒ်ခွဲ(ဂ)(ဃ)(င)ရာထူးများအတွက် ရွေးချယ်ခံရပါက ကျွမ်းကျင်သူအဆင့်(၁)(လစာနှုန်း ၈၁၀၀၀-၁၀၀၀-၈၆၀၀၀)ရာထူးတွင် အလုပ်သင်အဖြစ် စတင်ခန့်အပ်မည်ဖြစ်ပြီး အလုပ်သင်ကာလ ခြောက်လပြည့်မြောက်ပါက ကျောထောက်နောက်ခံပြုရာထူးတွင် အတည်ပြုခန့်ထားမည်ဖြစ်ပါသည်။]

[အပိုဒ်ခွဲ(စ)နှင့်(ဆ)ရာထူးများအတွက် ရွေးချယ်ခံရပါက မီးသတ်တပ်သားအဖြစ် စတင်ခန့်ထားမည်ဖြစ်ပြီး ဝန်ထမ်းသက်ခြောက်လပြည့်ပါက ဌာနတွင် အရည်အချင်းစစ်ဆေး၍ အဆင့်နှင့် လုပ်ရည်ကိုင်ရည်ပေါ်မူတည်၍ ယခင်ဒုတပ်ကြပ်၊ တပ်ကြပ်အဆင့်များကို တိုးမြှင့်ပေးမည်ဖြစ်ပါသည်။]

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၁-၄-၂၀၁၅ ရက်တွင် အသက်(၃၀)ထက်မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက်မကြီးသူဖြစ်ရမည်။

(ဂ) အနည်းဆုံးသုံးနှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာပုံစံများကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်တွင် ၂၃-၂-၂၀၁၅ ရက်မှ ၃-၃-၂၀၁၅ ရက်အထိ ဝယ်ယူရရှိနိုင်ပြီး လျှောက်လွှာတင်ရာတွင် အောက်ပါစာရွက်စာတမ်းများပါ တစ်ပါတည်းယူဆောင်လာရမည်-

(က) ဝင်ကြေးပေးသွင်းသည့်ချလန်မူရင်း

(ခ) ဘွဲ့လက်မှတ်မိတ္တူ/Diploma အောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ် မိတ္တူ (သို့မဟုတ်) နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်

(ဃ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ ခြောက်လအတွင်း ရရှိထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း

(င) မြို့နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာနရုံးတွင် မှတ်ပုံတင်ထားသည့် အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)

(စ) လိုင်စင်ဓာတ်ပုံနှစ်ပုံ (နောက်ကျောတွင်အမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)

၄။ စာမေးပွဲဝင်ကြေး ကျပ်(၁၀၀၀ိ/-)ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ ငွေစာရင်းအမှတ် MD-၀၁၀၉၇၀၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ဆောင်ရွက်ပေးမှုအတွက် ရငွေများငွေစာရင်းခေါင်းစဉ်ဖြင့် ပေးသွင်းရပါမည်။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်သို့လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ၃-၃-၂၀၁၅ရက် နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ စာမေးပွဲဝင်ကြေးပေးသွင်းပြီးကြောင်း ချလန်ကိုပြသ၍ လျှောက်လွှာများဝယ်ယူဖြည့်စွက် လျှောက်ထားရပါမည်။

၇။ ဝန်ထမ်းဖြစ်ပါက အပိုဒ်(၃)ပါ အထောက်အထားများပါရှိသော လျှောက်လွှာကို သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် ဤဦးစီးဌာနသို့ ၃-၃-၂၀၁၅ရက် နောက်ဆုံးထား၍ပေးပို့ရန်နှင့် ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်ကို ဤအဖွဲ့သို့ တိုက်ရိုက်ကြိုတင်ပေးပို့ရန်ဖြစ်ပါသည်။

၈။ ရေးဖြေစာမေးပွဲကို နေပြည်တော်၌ ၈-၃-၂၀၁၅ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက(၅) နေပြည်တော်တွင် ပြုလုပ်ကျင်းပမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်တွင် ထုတ်ပေးပါမည်။ ဖြေဆိုရမည့်ရေးဖြေစာမေးပွဲဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဘာသာရပ်ဆိုင်ရာ ဗဟုသုတနှင့် အထွေထွေဗဟုသုတတို့ ဖြစ်ပါသည်။

၉။ ဖြေဆိုမည့်နေရာအား ဖြေဆိုခွင့်ကတ်ထုတ်ယူသည့်အချိန်တွင် ကြေညာပေးမည်ဖြစ်ကြောင်းနှင့် ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ နှုတ်ဖြေစာမေးပွဲ ခေါ်ယူစစ်ဆေးမည်ဖြစ်ပါသည်။

၁၀။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘွဲ့အောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်းနှင့်မိတ္တူများ တစ်ပါတည်းယူဆောင်လာရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ စီမံရေးရာဌာနစိတ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၆၃၂၂၊ ၀၆၇-၄၀၆၁၁၆ တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ဃ/၆၅၀၅၂ Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးဆွေ ၉/မနမ(နိုင်)၀၀၃၂၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနလက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများသို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမ(၄)လ ၂၀၁၅ ခုနှစ် ဧပြီလမှ ဇူလိုင်လ အတွင်း စီမံကိန်းစခန်းဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၅ ရက်
တင်ဒါအရောင်းပိတ်မည့်ရက် - ၂၃-၂-၂၀၁၅ ရက်၊ ၁၆:၃၀ နာရီ
Company Profile နှင့် တင်ဒါအာမခံချက်လက်မှတ် နောက်ဆုံးတင်ပြရမည့်ရက်၊ အချိန် - ၂၆-၂-၂၀၁၅ ရက်၊ ၁၆:၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၆)ကို ၂၃-၂-၂၀၁၅ ရက်တွင် ဖွင့်လှစ်မည်

စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သွယ်မှုဗဟုသုတရရှိလိုသောလူငယ်များအတွက် မကြာမီ ဆောင်ရွက်တော့မည် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community AEC)အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လက်တွေ့နိုင်ငံတကာ ကုန်သွယ်မှုနှင့်စီးပွားရေးဆိုင်ရာ အတတ်ပညာဗဟုသုတများရရှိစေရန် ရည်ရွယ်ကာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)တွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၆)သင်တန်းကို ၂၃-၂-၂၀၁၅ရက်မှစတင်ဖွင့်လှစ်ပြီး လေးလကြာ တစ်ပတ်လျှင် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ နံနက် ၀၉:၃၀ နာရီ မှ ၁၂:၃၀ နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်၍ အောက်ဖော်ပြပါ သင်တန်းဌာနသို့ သင်တန်းတက်ရောက်နိုင်ရေး အချိန်မီစာရင်းပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

သင်တန်းဌာန - ကုန်သွယ်မှုသင်တန်းကျောင်း၊ ရန်ကုန်တိုင်းရုံး၊ အမှတ်(၂၂၈/၂၄၀)၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၂၀၄၊ ၃၇၁၂၁၇၊ ၃၇၁၂၂၀၊ ၂၅၀၈၇၁

ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)

မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းလီမိတက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားခြင်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာဝင်များ မပျက်မကွက်တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပပြုလုပ်မည့်ရက်	-	**၂၁-၃-၂၀၁၅ ရက် (စနေနေ့)**
ကျင်းပပြုလုပ်မည့်အချိန်	-	**၉:၀၀ နာရီ (နံနက်)**
ကျင်းပပြုလုပ်မည့်နေရာ	-	**MICT Park, တက္ကသိုလ်များ လှိုင်နယ်မြေ၊ ရန်ကုန်မြို့။**

အစုရှယ်ယာမှတ်ပုံတင်ခြင်းကိစ္စများကို ၂၁-၂-၂၀၁၅ ရက်မှစ၍ ၂၁-၃-၂၀၁၅ ရက် ညနေပိုင်းအထိ ခေတ္တပိတ်သိမ်းထားပါသည်။

အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့ ဖိတ်စာများပေးပို့ထားပါသည်။

ဒါရိုက်တာအဖွဲ့

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
(စည်ပင်သာယာရေးဝန်ကြီးဌာန)
ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
ရေပေါ်ဈေးတိုးချဲ့ဆောင်နှင့် အများသုံးသန့်စင်ခန်းဆောက်လုပ်ရန်
တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၂)ရပ်ကွက်၊ ကမ်းနားလမ်းတွင် ဖွင့်လှစ်ထားရှိသော ရေပေါ်ဈေး၌ အလျား ၈၅ပေ၊ အနံ ၄၀ပေရှိ ရေပေါ်ဈေးတိုးချဲ့ဆောင်တစ်ဆောင်နှင့် အလျား ၄၂ပေ၊ အနံ ၂၇ပေရှိ ကျား/မ (၁၂)ခန်းတွဲ အများသုံးသန့်စင်ခန်းတစ်လုံး တည်ဆောက်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားမည်သူမဆို အောက်ပါအချက်များနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့သို့ ၃-၃-၂၀၁၅ရက် နောက်ဆုံးထား၍ တင်ပြလျှောက်ထားရန် တင်ဒါခေါ်ယူအပ်ပါသည်-

(၁) ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ အထောက်အထားများ

(၂) မြို့ပြအင်္ဂါရပ်နှင့်ညီညွတ်စွာဆောင်ရွက်မည့် သီးခြားတင်ပြချက်

(၃) ရင်းနှီးမြှုပ်နှံမည့်ပမာဏ(ကျပ်)

(၄) လုပ်ငန်းအတွေ့အကြုံနှင့် အင်ဂျင်နီယာဖွဲ့စည်းပုံ

(၅) အဆိုပြုအဆောက်အအုံအတွက် သုံးစွဲမည့်ပစ္စည်းအမျိုးအစားများ

(၆) အဆိုပြုအဆောက်အအုံအတွက် တည်ဆောက်မည့်လုပ်ငန်းအချိန်ဇယား

၂။ တင်ဒါခေါ်ယူမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၂-၂၂၆၅၅၊ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၂-၂၂၀၀၇၊ အင်ဂျင်နီယာမှူး ဖုန်း-၀၉-၆၅၆၁၅၈၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

INVITATION FOR QUOTATION

THE DEPAR TMENT OF RURAL DEVELOP-MENT has received the Grant from the International Development Association for National Community Driven Development Project and wishes to purchase for National Community Driven Development Project the following by Shopping method as defined in the World Bank Procurement Guidelines:

Reference No. G1. 4b:

Item (2)	**Still Camera**	**12 Nos**
Item (1)	**portable video camera**	**6 Nos**

Sealed Quotations shall be submitted to U Khant Zaw, Deputy Chief Engineer, Department of Rural Development, Office No. (14), Nay Pyi Taw, not later than (5-3-2015) 16:00 hour, after which no request for quotation will be accepted.

For detail information please contact U Kyaw Swar Aung, Deputy Director

mobile phone 09-43434333 or office phone 067-409413

Website: www.drdmyanmar.org

Email: drdmyanmar@gmail.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ် ၁/၂၀၁၅
၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ရက်
(၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်)

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

	ရာထူး	နေရာ	ပညာအရည်အချင်း
(က)	အငယ်တန်းစာရေး	၆၄နေရာ	တက္ကသိုလ်တစ်ခုခုမှဘွဲ့
(ခ)	ရုံးအကူ/စာပို့	၂၄နေရာ	အခြေခံပညာအထက်တန်းအောင်

၂။ အဆိုပါရာထူးများအား အောက်ပါအတိုင်း ခန့်အပ်သွားပါမည်-

		အငယ်တန်းစာရေး	ရုံးအကူ/စာပို့
(က)	ပြည်တွင်းအခွန်များဦးစီးဌာန၊(ရုံးချုပ်) နေပြည်တော်	-	၁၂
(ခ)	စစ်ကိုင်းတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး	၅	-
(ဂ)	ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး	၅	-
(ဃ)	မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး	၄	-
(င)	ရခိုင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး	၄	-
(စ)	ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး	၃၂	၁၂
(ဆ)	ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး	၁၀	-
(ဇ)	ဧရာဝတီတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး	၄	-
	စုစုပေါင်း	၆၄	၂၄

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၈-၂-၂၀၁၅ရက်တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက် တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်လွှာတွင်အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) လျှောက်ထားသူ၏အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ခ) မွေးသက္ကရာဇ်

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(ဃ) လျှောက်ထားလိုသည့်ရာထူး

(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်

(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်

(ဆ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်

(ဇ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ

(ဈ) ရေးဖြေစာမေးပွဲဖြေဆိုမည့်စာစစ်ဌာန

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၂)ပုံ

(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ

(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း

(စ) သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း

၆။ လျှောက်လွှာကို အပိုဒ်(၂)တွင် ဖော်ပြထားသည့် မိမိတာဝန်ထမ်းဆောင်လိုသော ရုံးတစ်ခုခုသို့ ၁၃-၃-၂၀၁၅ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာတင်သည့်ရုံး၏ သတ်မှတ်နေရာ၌သာ စာမေးပွဲဖြေဆိုရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော စည်းကမ်းနှင့်မကိုက်ညီသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲအား ၂၄-၃-၂၀၁၅ ရက်တွင် နေပြည်တော်ရုံးချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အထွေထွေဗဟုသုတဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများအား ၂၃-၃-၂၀၁၅ရက်တွင် မိမိလျှောက်လွှာတင်ထားသည့် ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၄၆၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၀၂၁နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရောဂါဗေဒဌာနတွင် အသုံးပြုမည့် ဓာတ်ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၁-၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၂၃-၂-၂၀၁၅ ရက် (တနင်္လာနေ့) ၁၆း၀၀ နာရီ

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ကြော်ငြာစာ

(ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်)

[illegible]

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ခွံရောရာများကို မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ပစ္စည်းကြည့်ရှုမည့်နေရာ** - အမှတ်(၆၉/၇၁)၊ မြဲမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်
(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တွင် တစ်စုံလျှင် ၂၀၀၀ိ/-(ကျပ်နှစ်ထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၂၃-၂-၂၀၁၅ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၆-၃-၂၀၁၅ ရက် ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀၆၇- ၄၁၄၁၈၄၊ ၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။ **မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၃/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းအား တင်ဒါခေါ်ယူလိုပါသည်-
မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်း
ဓာတုဗေဒပစ္စည်းများ - 99.80% Purity H_2 Gas only

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်/ အချိန် - ၁၉-၂-၂၀၁၅ရက် မွန်းတည့် ၁၂ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ် (၄၄)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃

"ကန့်ကွက်နိုင်ကြောင်း အများသိစေနိုင်ရန်ကြေညာချက်"

[illegible]

ကန့်ကွက်နိုင်ကြောင်း

[illegible]

သုံးဆယ်မြို့အသင်း (ရန်ကုန်)
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

သုံးဆယ်မြို့အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ၊ သုံးဆယ်မြို့သူ မြို့သားများ၊ အသင်းမဝင်သေးသော်လည်း အသင်းဝင်လိုသူများနှင့် မိသားစုများသည် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ (မပျက်မကွက်) တက်ရောက်ကြပါရန်နှင့် ၁-၃-၂၀၁၅ ရက်တွင် အသက်(၈၀)ပြည့်ပြီးသူ ကန်တော့ခံ အသင်းဝင်များစာရင်း ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်များက ပါရဂူဘွဲ့ရရှိခဲ့သူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများစာရင်းကို အတွင်းရေးမှူးနှင့်တွဲဖက်အတွင်းရေးမှူးထံ ၂၁-၂-၂၀၁၅ ရက်နောက်ဆုံးထား၍ ပေးပို့ကြပါရန် လေးစားစွာ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

သုံးဆယ်မုန့်ဟင်းခါးနှင့် ဧည့်ခံကျွေးမွေးပါမည်

ကျင်းပမည့်နေ့ရက် ။ ။ ၁-၃-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ ။ နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ ။ ။ သုံးဆယ်ကျောင်း၊ အရှေ့ဥယျာဉ်တိုက်၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်

ဆက်သွယ်ရန် - အတွင်းရေးမှူး ဦးမောင်နှစ် ဖုန်း-၀၉-၂၅၀၀၀၁၇၃၆
တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်အုန်း ဖုန်း-၀၉-၄၂၃၇၃၃၆၆

အမှုဆောင်အဖွဲ့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၅၈၃

ဒေါ်စန်းစန်း **နှင့်** ဒေါ်ချိုချိုလွင်ဆွေ
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် (၁၀၆၉)နေ ဒေါ်ချိုချိုလွင်ဆွေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်စန်းစန်းက မြေကွက်အမှတ် ၁၀၆၉ နှင့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရောက်လွှဲပြောင်းပေးအပ်စေလိုမှု (သို့မဟုတ်) တရားပြိုင်ရယူထားသော ရောင်းကြေးငွေကျပ်သိန်း ၈၀၀ တိတိနှင့် နစ်နာကြေးအဖြစ် ငွေကျပ်သိန်း ၅၀ တိတိ၊ စုပေါင်းငွေကျပ်သိန်း ၈၅၀ တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မတ် ၉ ရက် (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မေမီဝင်းရွှေ)
ဒုတိယခရိုင်တရားသူကြီး (၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်၊ မြို့နယ်တရားသူကြီးရုံး
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၆

ဒေါ်ကျော့ယဉ်ဦး **နှင့်** ၁။ ဒေါ်ရင်ရင် ၂။ ဒေါ်ခင်လှမြင့်
တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀ ရပ်ကွက်၊ ၅လမ်း၊ အမှတ် ၁၁၆နေ ဒေါ်ရင်ရင်၊ ဒေါ်ခင်လှမြင့် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

တရားလို ဒေါ်ကျော့ယဉ်ဦးက ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မောင်ဆွေ)
မြို့နယ်တရားသူကြီး၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်၊ မြို့နယ်တရားသူကြီးရုံး
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၅

ဦးစိုးဦး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်သူဇာငြိမ်း) **နှင့်** ၁။ ဦးအေးမောင် ၂။ ဦးမာဒင် ၃။ ဦးခင်မောင်စိုး
တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂ(၂၀)လမ်း၊ အမှတ် (၅၆၅/ခ)နေ ဦးအေးမောင်၊ ဦးမာဒင်၊ ဦးခင်မောင်စိုး (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

တရားလို ဦးစိုးဦး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်သူဇာငြိမ်း)က ပဋိညာဉ်အတိုင်း အိမ်ခြံမြေ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မောင်ဆွေ)
မြို့နယ်တရားသူကြီး၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်သစ္စာ ၅ လမ်းအရှေ့၊ အမှတ် ၈၀၄ တွင်တည်ရှိသော ငါးထပ်တိုက်၏ စတုတ္ထလွှာ(တတိယထပ်)၊ အကျယ် (၁၈ပေ×၅၅ပေ)ရှိ တိုက်ခန်းအား ပိုင်ရှင်ဦးနိုင်လတ် Million Seven Construction ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
(ဒေါ်ခင်သဇင်မင်း) အထက်တန်းရှေ့နေ (စဉ်-၃၇၆၅၅)
ဖုန်း-၀၉-၄၂၁၁၀၆၄၂၇၊ အမှတ် ၄၅၊ ငါးလွှာ၊ တကောင်ဘွားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၁၃၂၇/က၊ မြေကွက်တည်နေရာအမှတ် ၁၃၂၇/က၊ မာန်ပြေ ၂၁ လမ်းရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ် (ဦးကာရပူရ်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးကာရပူရ် ၁၂/သဃက(နိုင်) ၁၃၇၈၁၃ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၂၅/၁၄ (၁၆-၅-၂၀၁၄) ရသူ ဦးကျော်ခိုင်ဝင်း ၁၂/သကတ(နိုင်)၁၆၆၀၈၂မှ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်အရ ၁၉၉၈ ခုနှစ်တွင် အမည်ပေါက် ဦးကာရပူရ်မှ အပိုင်ပေးမြေပုံကူးခြင်းနှင့်ပတ်သက်၍ ထုတ်ယူခဲ့ခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အများသိစေရန်ကြေညာခြင်း

[illegible]

တံဆိပ်အမည်အမှတ်အသား

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

U Zaw Myint (Law Firm)

ဦးအောင်နိုင်ဝင်း(LL.B) (စဉ်-[illegible])
ဒေါ်[illegible](LL.B) (စဉ်-[illegible])
ဒေါ်[illegible](LL.B) (စဉ်-[illegible])
ဒေါ်[illegible](LL.B) (စဉ်-[illegible])

အထက်တန်းရှေ့နေနှင့် ဥပဒေအကြံပေးများ

[illegible]

ကြော်ငြာ

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၈၇)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် (၁၃၇၆/၁၃၇၇) (၂၀၁၅)

ပဲခူးမြို့၊ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ယခုလာမည့် (၁၃၇၆-၇၇)ခုနှစ် တန်ခူးလဆန်း ၁၀ရက် ၂၉-၃-၂၀၁၅ ရက် (တနင်္ဂနွေနေ့) မှ တန်ခူးလပြည့်ကျော် ၄ ရက် ၇-၄-၂၀၁၅ရက်(အင်္ဂါနေ့)အထိ ၁၀ရက်တိုင်တိုင် ကျင်းပပါမည်။

ပျော်ပွဲရွှင်ပွဲအတွက် မြေနေရာများကို ၂၇-၂-၂၀၁၅ ရက် (သောကြာနေ့)တွင်လည်းကောင်း၊ ဈေးဆိုင်နေရာများကို ၁၅-၃-၂၀၁၅ ရက် (တနင်္ဂနွေနေ့)တွင်လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ဂေါပကအဖွဲ့ရုံး၌ လေလံတင်ရောင်းချပါမည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့

ဖုန်း-၀၅၂-၂၁၀၆၈၊ ၀၅၂-၂၄၂၅၅

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်ခင်ပွန်း ဦးစောမြင့်ဦး(စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး) ၏ ၁၉-၂-၂၀၁၅ ရက်တွင် ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ကျန်းမာချမ်းသာ၍ နိုင်ငံ့အကျိုးသယ်ပိုးနိုင်ပြီး မိသားစုနှင့်အသက်ထက်ဆုံး ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး - ဒေါ်ဥမ္မာကြည်

ချစ်သား၊ သမီးများ - စဝ်နေဗလ၊ စည်သူအုပ်စိုး၊ ယွန်းလဲ့မီမီ၊ စောတေဇ

(မုံရွာမြို့)

နှစ်ဦးသဘောတူထိမ်းမြား မင်္ဂလာလက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်ချမ်းသာ (လျှောက်ထားဆဲ) ဦးချစ်သန်းအောင်၏ သားဖြစ်သူနှင့် မယုယုဝင်း ၁၂/ကမတ(နိုင်)၀၆၄၂၁၆ (ဘ)ဦးမောင်မောင်၏ သမီးတို့သည် ၁၅-၂-၂၀၁၅ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၏ အုပ်ချုပ်ရေးမှူးရှေ့မှောက်၌ အသိသက်သေများနှင့်အတူ နှစ်ဦးသဘောတူ ထိမ်းမြားခြင်းမင်္ဂလာလက်ထပ်စာချုပ်တွင် လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုပြီးစီးပါကြောင်း။

မောင်ချမ်းသာ-မယုယုဝင်း

မိဘအမည်မှန်

ပုဗ္ဗသီရိမြို့နယ်၊ ဖြုတ်ခွဲကျေးလက်ကျန်းမာရေးဌာနနေ ဒေါ်ခင်ဆန်းမြင့် ၉/တကန(နိုင်) ၀၇၂၁၁၁ ၏ မိဘအမည်မှန်မှာ ဦးချစ်မောင်(ခ)ဦးမောင်ပုနှင့် ဒေါ်စိန်တင်(ခ)ဒေါ်ခင်တုတ်ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် အထက(၁) ပဉ္စမတန်း(B)မှ မောင်ကျော်လင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်သီစိုး ၃/ကကရ(နိုင်)၀၇၅၉၄၁ ဖြစ်ပါကြောင်း။ **ဦးအောင်သီစိုး**

အထကပလီကျောင်းသား၊ ကျောင်းသူဟောင်းများ(၁၉၆၅-၁၉၉၆)၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အထကပလီတွင် ၁၉၆၅ခုနှစ်မှ ၁၉၉၆ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ပူဇော်ကန်တော့မည့် ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၅ ခုနှစ် ဧပြီ ၂၀ ရက် ၀၉း၀၀နာရီတွင် အထကပလီပညာ့ဗိမာန်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၅၅)နှစ်အထက် ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက သံတွဲမြို့ရှိ မြန်မာ့ရှေ့ဆောင်ဘဏ် ငွေစာရင်းအမှတ် 0202602000000058 နှင့် အောက်ပါကျောင်းသား ကျောင်းသူဟောင်းများထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကိုမြင့်သိန်း(အမေ့အိမ်စာပေ)	**ဖုန်း-၀၁-၃၈၂၁၀၀**	**မတင်မိုးလှိုင်(ပလီ)**	**ဖုန်း-၀၉-၄၂၁၇၅၃၉၈၀**
မစုစုတင်(ရန်ကုန်)	**ဖုန်း-၀၉-၇၃၁၀၈၉၂၂**	**ကိုညွန့်ခိုင်(ပလီ)**	**ဖုန်း-၀၉-၈၅၁၆၈၂၅**
ကိုအောင်ကျော်ဦး(ရန်ကုန်)	**ဖုန်း-၀၉-၈၅၃၄၅၂၉**	**ကိုဇော်မင်းစိုး(ညီလေး)(ရန်ကုန်)**	**ဖုန်း-၀၉-၈၅၁၅၈၄၈**
ကိုရန်ကျော်ဦး(ရန်ကုန်)	**ဖုန်း-၀၉-၇၃၁၀၁၄၀၅**	**ကိုခင်မောင်ဌေး(ပေါက်စ)(ရန်ကုန်)**	**ဖုန်း-၀၉-၂၅၀၁၇၁၁၈၉**
မသန်းသန်းဝင်း(ရန်ကုန်)	**ဖုန်း-၀၉-၅၁၆၆၁၆၇**	**ကိုစောရော်ဘတ်(ဖိုးစီး)(မန္တလေး)**	**ဖုန်း-၀၉-၄၀၂၅၈၃၈၇၆**
မသန္တာဝင်း(ရန်ကုန်)	**ဖုန်း-၀၉-၅၁၉၈၂၇၂**	**ကိုနေမျိုး(ရန်ကုန်)**	**ဖုန်း-၀၉-၄၂၀၁၆၀၃၆၃**
ကိုဝင်းထွေး(ရန်ကုန်)	**ဖုန်း-၀၉-၇၃၁၁၂၇၇၇**	**ကိုအောင်မြင့်(ပလီ)**	**ဖုန်း-၀၉-၄၂၁၇၃၁၂၀၂**

မသက်ဆိုင်ပါကြောင်း

ကျွန်မ မမြတ်မြတ်မင်း ၉/စကန(နိုင်)၀၅၃၉၄၃ နှင့် ခင်ပွန်း ကိုသန်းနိုင် ၉/သပက(နိုင်)၀၆၄၇၆၁ သည် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ယနေ့မှစ၍ မသက်ဆိုင်ပါကြောင်း။ နောက်နောင် ကိုသန်းနိုင်နှင့် ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

မမြတ်မြတ်မင်း

Gandamar Wholesale (တတိယ)ထပ်တွင် ဖွင့်လှစ်မည့် Banquet hall (မင်္ဂလာခန်းမ) အတွက် အောက်ပါဝန်ထမ်းများအလိုရှိပါသည်-

1.	Captain	4 Post
2.	Bar Tender	1 Post
3,	Waiter/Waitress	10 Post
4.	Stewarding Supervisor	1 Post
5.	Stewarding Helper	3 Post
6.	Banquet Store In Charge	1 Post
7.	Helper(Steward & Store)	2 Post
